# အင်မော်တယ်ဖေဖေ

ဘာသာပြန် - K Eros

စာစဉ် (၂)

## အပိုင်း(၁၅) - စားသောက်ဆိုင်တစ်ဆိုင်ငှားရမ်းခြင်း

နောက်တစ်နေ့ မနက် ၃ နာရီတွင် ကျန်းဟန် အခန်းတံခါးခေါက်သံကြောင့် နိုးလာသည်။

"ဘာတွေဖြစ်နေတာလဲ"

ကျန်းဟန်မျက်လုံးဖွင့်ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ သူထပြီး တံခါးဖွင့်လိုက်သည့်အခါ အပြင်ဘက်တွင် ရပ်နေသူမှာ မနေ့က အိမ်ကိုလာကြည့်သည့် ပထမအသုတ်ထဲက တစ်ယောက်ဖြစ်သည့် မန်နေဂျာမားဖြစ်သည်။

မျက်ကွင်းများညိုမဲနေသည့် မန်နေဂျာမားသည် တောင်းပန်သည့် လေသံဖြင့် "မစ္စတာကျန်း ခင်များရဲ့ အနားယူမှုကို

အနှောင့်အယှက်ပေးမိတဲ့အတွက် တကယ်ကို တောင်းပန်ပါတယ်။ ကျွန်တော်...ကျွန်တော်ခင်များကို ချွေးထုတ်ခန်းသွားပြီး စကားပြောဖို့ဖိတ်လို့ရမလား"

"မသွားဘူး" ကျန်းဟန်သည် အိပ်ရေးမဝသေးသဖြင့် တံခါးပိတ်ကာ ဆက်အိပ်ဖို့ကြံနေခြင်းဖြစ်သည်။

မန်နေဂျာမား၏မျက်နှာတွင် စိုးရိမ်သည့် အရိပ်အယောင်များ ပေါ်လွင်လာကာ

"မစ္စတာကျန်း ကျေးဇူးပြုပြီး ကျွန်တော့်ကိုအခွင့်အရေးလေးပေးပါလား။ ကျွန်တော် ခင်များအိမ်ရှေ့မှာ တစ်ညလုံးရပ်စောင့်နေခဲ့တာ။ အခုပြန်အိပ်လည်း ခင်းများကို လာနှောင့်ယှက်မဲ့သူတွေ ရှိဦးမှာပဲ။ ဒါဆို ဘာလို့ ကျွန်တော်နဲ့ ချွေးထုတ်ခန်းကို မလိုက်လာရမှာလဲ။ ခင်များ အကောင်းဆုံး အနားယူနိုင်ဖို့ ကျွန်တော်အာမခံပါတယ်"

ထိုစကားကိုကြားတော့ ကျန်းဟန် မျက်ခုံးများပင့်လိုက်သည်။

စောစောထသည့်ငှက်က အစာပိုရသည် လို့ပြောကြသည်။ ဒီမန်နေဂျာမားက စောစောသာမက အလွန့်အလွန်ကိုစောလွန်းပေသည်။

ကျန်းဟန်က သူ့မျက်နှာကိုသူ လက်နဲ့ပွတ်လိုက်ပြီး

"ခင်များကျွန်တော့်ကိုစောင့်နေဦး"

တံခါးပင် မပိတ်တော့ပဲ ကျန်းဟန်အဝတ်အစားလဲရန် သူ့အခန်းထဲသို့ ပြန်သွားသည်။ ဒါကိုမြင်လိုက်တော့မှ မန်နေဂျာမား သက်ပြင်းတစ်ချက်ချလိုက်သည်။

ငါးမိနစ်အကြာတွင် မန်နေဂျာမားနှင့်အတူ အနီးအနားရှိ ချွေးထုတ်ခန်းတစ်ခုဆီသို့ ဦးတည်သွားလိုက်ကြသည်။

သူတို့ထွက်သွားပြီး မိနစ် ၂၀ ပင်မရှိသေးချေ။ အခြားသော မန်နေဂျာတစ်ယောက်က ကျန်းဟန်၏ အိမ်တံခါးကို လာခေါက်သည်။ သို့သော်လည်း ကျန်းဟန်နှင့်တွေ့နိုင်ဖို့တော့ မမျှော်လင့်ချေ။

ဈေးထုတ်ခန်းတွင် ကျန်းဟန် မနက် ၈ နာရီအထိ အိပ်နေသည်။ အိပ်ယာကနိုးလာပြီးနောက် မနက်စာစားဖို့ မန်နေဂျာမားက ဖိတ်လိုက်ပြီး ရုံးချုပ်သို့ခေါ်သွားသည်။ ရုံးချုပ်သို့ရောက်သောအခါ ကျန်းဟန်သည် စာချုပ် လက်မှတ်ထိုးရန်အတွက် အရောင်းအဝယ်ဌာနသို့ သွားရန် သက်ဆိုင်ရာမန်နေဂျာနောက်သို့လိုက်လာခဲ့သည်။

မွန်းတည့်ချိန်တွင် လုပ်ထုံးလုပ်နည်းများ အားလုံးကို ကိုင်တွယ်ပြီးနောက် ကျန်းဟန်၏ ဘဏ်အကောင့်တွင် ယွမ် ၁၈ သန်း ပိုများလာ၏။

ပိုက်ဆံရပြီးနောက် ကျန်းဟန်သည် လျူမုံ့၏ဖုန်းကိုခေါ်လိုက်ပြီး သူ၏ဘဏ်အကောင့်သို့ ယွမ် ၂ သန်းလွှဲပေးခဲ့သည်။

ထိုအချိန်တွင် ညနေစောင်းနေပြီဖြစ်သည်။

ယခုအချိန်တွင် ကျန်းဟန်၏ဘဏ်အကောင့်၌ ယွမ် ၁၇.၆ သန်းရှိသည်။ တောင်ကို ငှားရမ်းခအတွက် ယွမ် ၁၀ သန်းနှုတ်ပြီး ယွမ် ၇.၆ သန်းကျန်နေသေးသည်။

ယွမ် ၇.၆ သန်းက အများကြီးလို့ထင်ရသော်လည်း ၎င်းနှင့် လုပ်လို့ရသည့်ပမာဏက ထင်သလောက်မများပေ။

တစ်နာရီထိုးချိန်တွင် ကျန်းဟန်သည် ဂျစ်ကားကိုယူကာ လခြမ်းတောင်ရှိရာ ဧရိယာတစ်ဝိုက်တွင် လှည့်ပတ်မောင်းနေခဲ့သည်။ တောင်ငှားသည့်လုပ်ငန်းစဉ်က အဆင်ပြေပြီမို့ ကျန်းဟန် ယာယီနေထိုင်ရန် နေရာရှာဖို့လိုအပ်သည်။

လခြမ်းတောင်တွင် စိတ်ဝိညာဉ်ရေကန်ရှိသော်လည်း စိတ်ဝိညာဉ်ရေကိုအသုံးပြုခြင်းသည် လခြမ်းတောင်ရှိမြေဆီလွှာကို စိတ်ဝိညာမြေဆီလွှာအဖြစ်ပြောင်းစေရန်သာဖြစ်နိုင်သည်။ စိတ်ဝိညာဉ်ရေအားလုံးသည် သန့်စင်သောယန်ရေအဖြစ်သို့ မပြောင်းလဲနိုင်ပေ။

ထို့ကြောင့် လခြမ်းတောင်ကို ကျန်းဟန်၏မူလအစီအစဉ်အတိုင်း အသွင်ပြောင်းလဲရန်လိုအပ်နေသေး၏။ ပထမဦးစွာ

တောင်၏အနောက်ဘက်ရှိ ရေယာများကို ပြောင်းလဲပြီးပါက လူနေရေယာနှင့် တောင်၏အရှေ့ဘက်ရှိ ရေယာများကို ဖြေးဖြေးချင်းပြောင်းလဲရမည်ဖြစ်သည်။

'ငါအိမ်ငှားဖို့ကျန်သေးတယ်'

ကျန်းဟန် သူ့ဘာသာရေရွတ်လိုက်ပြီး ချက်ချင်းပဲ ဖုန်းကိုထုတ်ကာ မန်နေဂျာမား၏ ဖုန်းကို ခေါ်လိုက်သည်။

ကျန်းဟန်က အိမ်ငှားချင်ကြောင်းကြားသည့်အခါ မန်နေဂျာမား အလွန်စိတ်လှုပ်ရှားသွားသည်။ မန်နေဂျာမား အလွန်စိတ်အားထက်သန်နေသည်မှာ အဓိပ္ပာယ်ရှိသည်။ ကျန်းဟန်၏ အိမ်အရောင်းအဝယ်မှ မန်နေဂျာမား ဆုငွေ ယွမ် ၁ သိန်းရရှိခဲ့သည်။

မန်နေဂျာမား က ကျန်းဟန်ကို သူ့ကုမ္ပဏီသို့ လာခိုင်းပြီး အမျိုးမျိုးသော အိမ်များ၏ ဓာတ်ပုံတွေကို ကြည့်ခိုင်းသည်။ ကျန်းဟန်ကို အိမ်ငှားခအတွက် ကော်မရှင် မယူဘူးလို့လည်း ကတိပေးလေ၏။

ကျန်းဟန် ဘာမှပြန်ပြောမနေပဲ မန်နေဂျာမား၏ကုမ္ပဏီသို့ မောင်းသွားလိုက်သည်။ ကုမ္ပဏီသည် နောက်ဖေးလမ်းတစ်ခုရှိ လက်လီစတိုးဆိုင်ငယ်လေးတွင် တည်ရှိသည်။ စတိုးဆိုင်တွင် ဝန်ထမ်း စုစုပေါင်း ၁၃ ဦးရှိ၏။

မန်နေဂျာမားက တံခါးဝတွင် ရပ်နေပြီး ကျန်းဟန်ရောက်လာသည်ကိုမြင်တော့ လှိုက်လှိုက်လှဲလှဲကြိုဆိုသည်။

“ကြိုဆိုပါတယ် မစ္စတာကျန်း လာ အထဲမှာထိုင်ပါ”

ဆိုင်ထဲသို့ ဝင်ကာ ဆိုဖာပေါ်သို့ထိုင်ပြီး မန်နေဂျာမားသည် ယွမ် ၂၀ တန် ငရုတ်ကောင်းအရသာ စီးကရက်တစ်ဘူးကို ထုတ်လိုက်သည်။ ကျန်းဟန်အတွက် စီးကရက် တစ်လိပ်ထုတ်ကာ မီးညှိပေးပြီးနောက် သူ့အတွက်တစ်လိပ် မီးညှိကာ ပြုံး၍မေးသည်။

“မစ္စတာကျန်းက ဘယ်လိုအိမ်မျိုးကို ငှားချင်တာလဲ မသိဘူး”

"လခြမ်းပင်လယ်ကွေ့မှာရှိတဲ့ ပုံမှန်ထက် နည်းနည်းပိုကောင်းတဲ့ အိမ်ကိုလိုချင်တာပါ"

"ပုံမှန်ထက် နည်းနည်းပိုကောင်းတာလား" မန်နေဂျာမား သူ့ဘာသာ ရေရွတ်လိုက်ပြီး ထပ်ပြောလိုက်သည်။

"ပိုကောင်းတဲ့အိမ်တွေအတွက်က ငွေး၁ တစ်နှစ်ကို ယွမ် ၄ သန်းလောက်ရှိတဲ့ ဗီလာကြီးတွေရှိတယ်။ စတုရန်းမီတာ ၁၀၀ နဲ့အထက်ကျယ်တဲ့ တစ်နှစ်ကို ယွမ် ၁.၅ သန်းလောက်ရှိမဲ့ ဗစ်စတက်စ် အိမ်တွေလည်းရှိပါတယ်။ တခြားအသေးစားအိမ်တွေနဲ့ တိုက်ခန်းတွေကိုတော့ မစ္စတာကျန်း စိတ်ဝင်စားမှာ မဟုတ်ဘူးထင်တယ်"

"ခတ်ပုံတွေရှိလား" ကျန်းဟန် မေးလိုက်၏။

"ဟုတ်ကဲ့ ရှိပါတယ်။ ကျွန်တော်နဲ့လိုက်ခဲ့ပါ မစ္စတာကျန်း"

မန်နေဂျာမားက မတ်တပ်ထရပ်ပြီး ကျန်းဟန်ကို သူ့ကွန်ပြူတာစားပွဲရှေ့သို့ ခေါ်သွားသည်။ ကွန်ပြူတာစားပွဲတွင် မန်နေဂျာမားက လခြမ်းပင်လယ်ကွေ့ရှိအိမ်များကို စတင်ရှာဖွေသည်။

မန်နေဂျာမားသည် လခြမ်းပင်လယ်ကွေ့ရှိ ဗီလာကြီးများနှင့် မိသားစုအိမ်များအားလုံးကို ကျန်းဟန်အား ပြသ၏။

အတွင်းပိုင်းအပြင်အဆင်မှာလည်း အမျိုးမျိုးရှိသည်။ တချို့က အနောက်တိုင်းပုံစံ တစ်ချို့က ခေတ်မီပုံစံ ဖြစ်သော်လည်း ကျန်းဟန်၏အာရုံကို ဖမ်းစားနိုင်သည်မှာ အနည်းငယ်သာရှိသည်။

“ဒီဗီလာက ဘယ်မှာရှိတာလဲ” ကျန်းဟန် ဗီလာတစ်လုံးကို ညွှန်ပြသည်။

ကျန်းဟန်၏ မျက်လုံးကို ဖမ်းစားနိုင်သည့် တစ်ခုတည်းသော အိမ်ကြီးဖြစ်သည်။ အလွန်ခမ်းနားလွန်းသည်မဟုတ်ပဲ အိမ်သည် အဖြူ အပြာ နှင့် မြက်စိမ်းရောင် တို့ရောစပ်ထားသည့် အရောင်ရှိပြီး သဘာဝနှင့် နီးစပ်သည့် လန်းဆန်းသောခံစားချက်မျိုးကို ပေးစွမ်းသည်။

သို့သော် အိမ်ငှားခမှာ တစ်နှစ်လျှင် ယွမ် ၄.၅ သန်း ကျသင့်ပြီး အနည်းငယ်စျေးကြီးသည်။

"အဲဒီဗီလာက ယုံရှင်းလမ်းမှာရှိပါတယ်။ ယုံရှင်းလမ်းက လခြမ်းပင်လယ်ကွေ့နဲ့ ဝါးခရိုင်ကြားက ဇုံအလယ်မှာ ရှိတယ်" မန်နေဂျာမား ပြောလိုက်သည်။

"ဝေးတယ်..." ကျန်းဟန် မျက်ခုံးပင့်လိုက်သည်။

ကျန်းဟန်၏စိတ်ထဲတွင် အိမ်၏အကောင်းဆုံးနေရာမှာ လခြမ်းတောင်နှင့် နီးသောနေရာဖြစ်သည်။ ဒါမှသာ သူသွားချင်သည့် အချိန်တိုင်း တောင်ပေါ်ကိုသွားနိုင်သည်။

"ဝေးလား" မန်နေဂျာမား ခဏလောက်မင်သက်သွားပြီး

"မစ္စတာကျန်းက ဘယ်နေရာမှာ ငှားချင်တာလဲ" ဟုမေးသည်။

"လခြမ်းတောင်နဲ့ နီးတဲ့အိမ်" ကျန်းဟန်ပြန်ဖြေလိုက်သည်။

"လခြမ်းတောင်နားကအိမ်လား..." မန်နေဂျာမား လခြမ်းတောင်အနားရှိ အိမ်များကို စဉ်းစားကာ စတင်ရှာဖွေသည်။ သို့သော် လခြမ်းတောင်အနီးတွင် သင့်တော်သည့် အိမ်မရှိချေ။

ကျန်းဟန်စိတ်ကျေနပ်လောက်မည့် အိမ်တစ်လုံးကို မရှာနိုင်တော့ဘဲ မန်နေဂျာမား အနည်းငယ်စိတ်ခေတ်ကျသွားသည်။ အဖြေရှာဖို့ စဉ်းစားနေရင်းဖြင့် ကျန်းဟန်နှင့် စကားပြောလိုက်သည်။

"မစ္စတာကျန်း တစ်ယောက်တည်းနေမှာလား"

"ကျွန်တော့်သမီးလေးနဲ့ အတူနေမှာပါ။ အိမ်လိုချင်ရတဲ့ အဓိကအကြောင်းအရင်းက သူ့အတွက် အရသာရှိတဲ့ အစားအသောက်တွေ ချက်ပြုတ်ပေးချင်လို့ပါပဲ"

မုန့်မုန့်၏ ချစ်စဖွယ်ပုံရိပ်လေးသည် ကျန်းဟန်၏စိတ်ထဲတွင် လွင့်မြောနေပြီး သူ၏နှုတ်ခမ်းထောင့်တွင် အပြုံးလေးများပေါ်ထွက်လာသည်။

"ချက်ပြုတ်ဖို့လား" မန်နေဂျာမား၏မျက်လုံးများ တောက်ပလာကာ "ဖြစ်နိုင်ချေရှိတဲ့ အဖြေတစ်ခုကို စဉ်းစားမိတယ်။ မစ္စတာကျန်း စိတ်ကြိုက်ပြင်ဆင်နိုင်ဖို့ ခင်များ လက်လီအရောင်းဆိုင်အိမ်လေးတစ်လုံးငှားနိုင်မယ်ထင်တယ်။ လက်လီအရောင်းဆိုင်အိမ်လေးတွေက ခင်များလိုချင်တဲ့အတိုင်း

မွမ်းမံပြင်ဆင်နိုင်ပေမဲ့ အိမ်ကြီးတွေကတော့ ပြန်လည်မွမ်းမံချင်ရင် တော်တော်ခက်လိမ့်မယ်”

“အရောင်းဆိုင်အိမ်လား” ကျွန်းဟန်မျက်လုံးပြူးသွားပြီး တွေးလိုက်သည်။

စားသောက်ဆိုင်ဖွင့်ရမှာလား

ဒါလည်းဖြစ်နိုင်တယ်။ မုန့်မုန့်က ၃ နှစ်ပဲရှိသေးပြီးတော့ သူမလေး စားနိုင်သည့် အစားအသောက်က နည်းနည်းပဲရှိတယ်။ တခြားအစားအသောက်တွေကို ရောင်းချနိုင်သလို အရေးအကြီးဆုံးက အိမ်ကို ပေါ့ပေါ့ပါးပါး နဲ့ ငါ့စိတ်ကြိုက် ပြင်ဆင်မွမ်းမံလို့ရတယ်။

ကျွန်းဟန်ခေါင်းညိတ်လိုက်သည်။

“အဲ့ဒါ အဆင်ပြေတယ်။ ကြည့်စရာခတ်ပုံတွေရှိလား”

“ရှိပါတယ်” မန်နေဂျာမား ရယ်မောပြီး လခြမ်းတောင်အနီးရှိ အရောင်းဆိုင်အိမ်များကို ရှာဖွေသည်။

အစပိုင်းတွင် အရောင်းဆိုင်အိမ်များသည် စတုရန်းမီတာ ၆၀ မှ ၇၀ အထိသာ ကျယ်ဝန်းသော အိမ်များဖြစ်သည်။ မန်နေဂျာမား၏အမြင်တွင် ထိုအိမ်များက ကျန်းဟန်နှင့် သူ့သမီးနေရန် လုံလောက်သည်ထက်ပင် ပိုသည်။

သို့သော် ကျန်းဟန်က ခေါင်းခါပြီး "အရမ်းသေးတယ် ဒီထက်ပိုကြီးတာကို ကြည့်ရအောင်"

ထို့ကြောင့် မန်နေဂျာမားသည် ပိုကြီးသော အရောင်းဆိုင်အိမ်များကို ရှာဖွေခဲ့သည်။ နောက်ဆုံးတွင် အရောင်းဆိုင်အိမ် ၂၀ ကျော်ကြည့်ပြီးနောက် မန်နေဂျာမားသည် အိမ်တစ်လုံး၌ ကျန်းဟန်ခေါင်းညိတ်ပြသည်ကို တွေ့လိုက်သည်။

"ဒီအိမ်က နှစ်ထပ်အိမ်ပါ။ ပထမထပ်က စားသောက်ဆိုင်ဖြစ်ပြီး ဒုတိယထပ်မှာ အိမ်ခန်းသုံးခန်းရှိပါတယ်။ ဒီအိမ်ကို အဘိုးကြီးအဘွားကြီး လင်မယားနှစ်ယောက်က စီမံခန့်ခွဲတယ်။ ဒီအိမ်က

လခြမ်းတောင်နဲ့ အနီးဆုံးပဲ။ ပြီးခဲ့တဲ့ရက်အနည်းငယ်က ကျွန်တော် အဲ့အိမ်ကို နှစ်ခေါက်သွားခဲ့ပြီးပါပြီ။ စီးပွားရေးက တော်တော်လေးကောင်းတယ်။ အဘိုးအဘွားလင်မယားက သူတို့မြေးတွေကို ထိန်းနေရတာကြောင့်မဟုတ်ရင် ငွားမှာမဟုတ်ဘူး”

အရောင်းဆိုင်အိမ်ကို မိတ်ဆက်ပေးနေစဉ် မန်နေဂျာမားသည် အိမ်၏ခတ်ပုံများကို ဖွင့်ပြသည်။

“ပထမထပ်က တော်တော်လေးရိုးရှင်းပါတယ်။ ၁၃၀ စတုရန်းမီတာကျယ်ပြီး မနက်စာ ကောင်တာတစ်ခုနဲ့ စားပွဲကုလားထိုင်တစ်ချို့ရှိတယ်။ ဒုတိယထပ်ကတော့ မိသားစုနေဖို့ အဓိကထားတဲ့ အိမ်ပါ။ အပြင်အဆင်က အတော်လေးကောင်းပြီး အခန်း နှစ်ခန်းနဲ့ ဧည့်ခန်း ပါပါတယ်။ အိမ်က တောင်ဘက်ကို မျက်နှာမူပြီး အလင်းရောင်လည်းကောင်းတယ်။ အားလုံးခြုံပြောရရင် အိမ်က တော်တော်ကြီးပြီးတော့ ခင်များအတွက် အရမ်းသင့်တော်တယ်လို့ ထင်တယ်”

ကျန်းဟန်သည် ခတ်ပုံအနည်းငယ်ကို ကြည့်ကာ ကျေနပ်စွာခေါင်းညိတ်လိုက်သည်။

"ဒီအိမ် အဆင်ပြေပါတယ်"

"စုစုပေါင်း ကုန်ကျစရိတ်က ယွမ် ၄ သန်းဖြစ်ပြီး ၁ နှစ်နဲ့ ၃ လ ငှားခပါ။ မစ္စတာကျန်း ဒီဈေးနှုန်းကို ကျေနပ်ပါမလား။ မဟုတ်ရင် ကျွန်တော်တို့နဲ့ ညှိနှိုင်းပြီး ဈေးလျှော့ပေးဖို့လိုသေးလား" မန်နေဂျာမားက ပြုံးပြုံးလေးပြောသည်။

"ညှိနှိုင်းဖို့ မလိုတော့ပါဘူး"

"ကောင်းပြီးလေ ဒါဆို အိမ်ကြည့်ဖို့ခေါ်သွားပေးမယ်"

မန်နေဂျာမားက မတ်တပ်ရပ်ပြီး ကျန်းဟန်အား သူ၏ကားဆီသို့ခေါ်ဆောင်လာသည်။ သူ၏ကားမှာ အနက်ရောင် Honda Accord ဖြစ်သည်။

ဟောင်ကောင်တွင် ကားတစ်စီးရှိသည့်သူများမှာ အတော်လေးကို သာယာသည့် ဘဝရှိသည်။ ဟောင်ကောင်ရှိကားများသည် ဈေးမကြီးပဲ

တရုတ်ပြည်မကြီးရှိကားများနှင့် ယှဉ်လျှင် အဆများစွာ သက်သာသည်။ ပြောရလျှင် ဟောင်ကောင်တွင် အခွန်လျော့နည်းသွားသည်။

မန်နေဂျာမား ဦးဆောင်ပြီး သူတို့နှစ်ယောက် စားသောက်ဆိုင်ကို ကြည့်ရှုရန် မိုးသောက်လမ်းသို့ရောက်လာသည်။

လမ်းတွင် မန်နေဂျာမားသည် အဘိုးကြီးလင်မယားကို ဆက်သွယ်ခဲ့သည်။ အိမ်သို့ဝင်လိုက်သောအခါ အသက် ငါးဆယ်ကျော်ရှိ လင်မယားနှစ်ယောက် ဧည့်ခန်းထဲတွင် စကားထိုင်ပြောနေသည်ကို တွေ့လိုက်ရသည်။

သူတို့ကိုတွေ့သည်နှင့် ထိုစုံတွဲက နှုတ်ဆက်လိုက်ပြီး ကျန်းဟန်ကို အိမ်လှည့်ပတ်ကြည့်ရန်ခေါ်သွားသည်။ ဒုတိယထပ်က တော်တော်လေးအဆင်ပြေသည်။ ပရိဘောဂများ သိပ်မရှိပေမဲ့ တော်တော်သန့်သည်။ ပထမထပ်တွင်တော့ ပရိဘောဂများနှင့် ပစ္စည်းများ ရှိနေဆဲဖြစ်သည်။

၁၃၇ စတုရန်းမီတာကျယ်ဝန်းသည့် ညှော့ခန်းသည် အစက အလွန်ကြီးမားသည်။ သို့သော် မီးဖိုချောင်လုပ်ရန် နံရံနှစ်ခုကာလိုက်တော့ သိပ်ကြီးသည့်ပုံမပေါ်တော့ပေ။

ကျန်းဟန်သည် ထိုအရောင်းဆိုင်အိမ်ကို ချက်ချင်းငှားလိုက်သည်။ မန်နေဂျာမားက နှစ်ဖက်စလုံးကို စာချုပ် လက်မှတ်ထိုးစေသည်။ နှစ်ဖက်သဘောတူစာချုပ်ချုပ်ပြီးနောက် ကျန်းဟန်သည် ထိုစားသောက်ဆိုင်ကို တစ်နှစ်နှင့် သုံးလ ပိုင်ဆိုင်ခဲ့သည်။

အဖိုးကြီးလင်မယားနှစ်ယောက် ထွက်သွားပြီးနောက် မန်နေဂျာမားနှင့် ကျန်းဟန်သည် ညှော့ခန်းရှိကုလားထိုင်ပေါ်တွင် ထိုင်လိုက်သည်။

“ကျွန်တော် ခင်များကို ကော်မရှင်ခ လွှဲပေးပါ့မယ်” ကျန်းဟန်ပြောလိုက်သည်။

မန်နေဂျာမားက ခေါင်းခါပြီး ငြင်းလိုက်သည်။

“မစ္စတာကျန်း ခင်များကျွန်တော့်ကို အိမ်ရောင်းဖို့ ရွေးချယ်ခဲ့တာ ကျွန်တော် အရမ်းကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကော်မရှင်ခပေးစရာမလိုပါဘူး”

ထိုစကားကိုကြားတော့ ကျန်းဟန် ပြုံးလိုက်ပြီး ခေါင်းခါလိုက်သည်။

“ခင်များ ပြုပြင်မွမ်းမံရေးကုမ္ပဏီကိုသိလား”

“သိပါတယ်။ ခင်များ သူတို့ကို အခုပဲဆက်သွယ်တော့မလို့လား”

“ဟုတ်ပါတယ်”

မန်နေဂျာမားက ကျန်းဟန်ရှေ့မှာပင် ပြင်ဆင်မွမ်းမံရေး ကုမ္ပဏီကို ဖုန်းဆက်ပြီး မိနစ် ၃၀ အတွင်းမှာ အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသော အမျိုးသားနှစ်ယောက် တံခါးခေါက်ပြီး အိမ်ထဲဝင်လာသည်။

တစ်ယောက်မှာ မျက်နှာလေးထောင့်ပုံစံနှင့် သက်လတ်ပိုင်းအရွယ်ဖြစ်ပြီး ကျန်တစ်ယောက်မှာ

မျက်မှန်တပ်ထားသည့် အသက် ၂၅ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်သည်။

"မင်္ဂလာပါ မစ္စတာကျန်း ကျွန်တော်က အပြာရောင်လမ်းမ ပြင်ဆင်မွမ်းမံရေးကုမ္ပဏီရဲ့ မန်နေဂျာ ကျောက်ခိုင်ပါ" လူလတ်ပိုင်းအရွယ်က ပြုံး၍ပြောသည်။

အိမ်ကိုတစ်ချက်ကြည့်လိုက်တော့ ၎င်း၏အပြင်အဆင်က နှစ်အနည်းငယ်ကြာနေပြီး တော်တော်လေးထိန်းသိမ်းထားတယ် ဆိုတာကို ကျောက်ခိုင်တွေ့လိုက်ရသည်။ ကျန်းဟန်သည် အိမ်ကို ပြန်လည်မွမ်းမံရန် ဒါမှမဟုတ် အသေးစား အပြောင်းအလဲတစ်ခု ပြုလုပ်လိုသည်ဟု သူထင်ခဲ့သည်။

"မစ္စတာကျန်း ခင်များရဲ့အိမ်ကို ဘယ်လို ပြင်ဆင်ချင်လဲ။ အိမ်တစ်ခုလုံးကို ပြင်ဆင်ချင်တာလား ဒါမှမဟုတ် မကြိုက်တဲ့ တစ်ချို့ အစိတ်အပိုင်းတစ်ခုခုကို ပြုပြင်မွမ်းမံချင်တာလား"

ကျန်းဟန်၏အဖြေက သူ့အား ထိတ်လန့်သွားစေသည်။

"အိမ်တစ်ခုလုံးကို ရှင်းပြီး အစကနေ ပြန်ပြင်ဆင်ချင်တာပါ"

"ဟမ်??"

"ပထမထပ်အတွက် အကုန်လုံးဖြုတ်ပစ်ပြီး အစကနေပြန်ပြင်ဆင်မယ်။ ဒုတိယထပ်ကတော့ နဂိုပုံစံအတိုင်း အသစ်ပြန်ပြင်ဆင်ပါမယ်" ကျန်းဟန် ထပ်ပေါင်းပြောလိုက်သည်။

ကျောက်ခိုင်၏ မျက်လုံးများ တောက်ပလာပြီး ကမန်းကတမ်းမေးလိုက်သည်။

"မစ္စတာကျန်း Full package လိုချင်လား Half package လိုချင်လား"

Full package ဆိုသည်မှာ ပြင်ဆင်မွမ်းမံရေးကုမ္ပဏီသည် အလုပ်အားလုံးနှင့် ပစ္စည်းအားလုံးအပါအဝင် တာဝန်ယူသည်။ Full package ဈေးနှုန်းမှာ Half package ထက် များစွာမြင့်မားသည်။ Half package မှာ ကုမ္ပဏီသည် အသေးစား ပြင်ဆင်မှုနှင့် ဖြည့်စွက်ပစ္စည်းများကို တာဝန်ယူပြီး

ကြမ်းခင်းကြွေပြားများ နံရံအုတ်ချပ်များ နှင့် ပျဉ်ပြား စသည့် အဓိကပစ္စည်းများကို ကျန်းဟန်ကိုယ်တိုင် ပေးရမည်ဖြစ်သည်။

-C 15 End

wunzinnosp

## အခန်း (၁၆) တန်ဆာဆင်ခြင်း

"Full package အတွက် ဘာပစ္စည်းတွေရှိလဲ" ကျန်းဟန်မေးလိုက်သည်။

ပြင်ဆင်မွမ်းမံခြင်းနှင့် ပက်သက်ပြီးတော့ သိပ်မသိသော်လည်း အညာမခံရဖို့တော့ လုံလောက်အောင်သိရှိပေသည်။

"ကျွန်တော်တို့ကုမ္ပဏီက ရှီလုံ ပြင်ဆင်မွမ်းမံရေးဈေးမှာ အရောင်းဆိုင်တွေရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံတကာအမှတ်တံဆိပ် နည်းနည်းပါးပါးနဲ့လည်း ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။

ဘယ်လိုအလှဆင်ပစ္စည်းမဆို ကျွန်တော်တို့ဆီမှာရှိပါတယ်။ နောက်ပြီး ဆိုင်တွေကနေ ဝယ်တာထက် ဈေးပိုသက်သာပါမယ်" ကျောက်ခိုက်ပြန်ပြောလိုက်၏။

ထိုအခြေအနေမှာ နှစ်ဦးနှစ်ဖက် အကျိုးရှိပေသည်။ ကျောက်ခိုင်၏ကုမ္ပဏီသည် ပစ္စည်းများကို လက်ကားဈေးဖြင့် ဝယ်ပြီး ဝယ်သူများအား သင့်တင့်သည့် ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ဤနည်းဖြင့် ကုမ္ပဏီသည် ငွေရှာနိုင်ပြီး ဝယ်သူများလည်း ပိုက်ဆံချွေတာနိုင်မည်ဖြစ်သည်။

မှန်ပေသည်။ ဒီလိုအခြေအနေမျိုးမှာ အလုပ်လုပ်သည့်အတွက် ကုမ္ပဏီ၏ အတွင်းပိုင်း အရည်အသွေးမှာလည်း အရေးကြီးသည်။ ကုမ္ပဏီက ပစ္စည်းအတုများနှင့် အစားထိုးပါက ဝယ်သူမှာ ဒုက္ခများပေလိမ့်မည်။

"ဒါဆို ကျွန်တော် Full package ပဲယူလိုက်ပါမယ်" ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

အဲ့ဒါကိုကြားတော့ ကျောက်ခိုင်ရဲ့ အပြုံးက ပိုမိုပီပြင်လာသည်။ လူငယ်၏လက်မှ အိုင်ပတ်ကိုယူကာ ဓာတ်ပုံအယ်လ်ဘမ်ကို ဖွင့်လိုက်ပြီး "မစ္စတာကျန်းက ဘယ်လိုပုံစံ ပြင်ဆင်ချင်လဲမသိဘူး။ ဒါတွေက ကျွန်တော်တို့ကုမ္ပဏီရဲ့ ပြင်ဆင်မှု နမူနာတချို့ပါ။ ခင်ဗျား ဆုံးဖြတ်ပြီးသွားရင် ဒီနေ့ပြန်သွားပြီးတဲ့အခါ ခင်ဗျားလိုချင်တဲ့အတိုင်း ဒီဇိုင်းဆွဲပေးဖို့ ခင်ဗျားရွေးချယ်ခွင့်ရှိပါတယ်"

မန်နေဂျာမား ဖုန်းခေါ်ပြီး ထွက်သွားစဉ် ကျန်းဟန်သည် အိုင်ပတ်ပေါ်ရှိပုံများကို စတင်ကြည့်ရှုခဲ့သည်။

ကျန်းဟန်သည် ပထမထပ်ကို စီးပွားဖြစ်စတိုးဆိုင်ပုံစံမဟုတ်ပဲ မိသားစုအိမ်ပုံစံ ပြန်ပြင်ဆင်ချင်သည်။

ပထမထပ်၏ဖွဲ့စည်းပုံက အလွန်ရိုးရှင်းသည်။ အတွင်းဘက်တွင် လှေကားတစ်ခုနှင့် ညာဘက်တွင် သန့်စင်ခန်းတစ်ခုသာရှိသည်။ ကျန်သည့်နေရာက

ညော့ခန်းဖြစ်၏။ တံခါးသည် တောင်ဘက်သို့မျက်နှာမူထားပြီး အလွန်ကျယ်ဝန်းသော ပြင်သစ် ပြတင်းပေါက်နှစ်ခုကြားတွင် တည်ရှိသည်။

ကျန်းဟန် သူ့ဘာသာ ခဏလောက်ရေရွတ်လိုက်ပြီးမှ ပြောလိုက်သည်။

“အလယ်နားက နံရံရဲ့ အရှေ့ဘက်မှာ တီဗွီကို ထားလိုက်ပါ။ တီဗွီရှေ့မှာ ဆိုဖာနဲ့ ကော်ဖီစားပွဲကို ထားလိုက်ပါ…”

ဤနည်းဖြင့် မုန့်မုန့်သည် သူမအတွက် ချက်ပြုတ်နေသည်ကို စောင်းရင်း တီဗွီကြည့်နိုင်သည်။ မီးဖိုချောင်သည် အနောက်ဖက်တွင် ရှိပြီး စတုရန်းပုံစံဖွင့်ထားသော မီးဖိုချောင်ဖြစ်သည်။ မီးဖိုကို တီဗွီဘက်သို့ မျက်နှာမူထားမည်ဖြစ်သည်။ ဒါမှသာ ချက်ပြုတ်ရင်း မုန့်မုန့်ကို ကြည့်နိုင်မည်။

တီဗွီအနီးတွင် သူ့အတွက် စန္ဒယားတီးရန် စတိတ်စင်လေးတစ်ခုဆောက်နိုင်သည်။ အားလပ်ချိန်များတွင်

မုန့်မုန့်အား စန္ဒယားတီးသင်ပေးနိုင်သည်။ စန္ဒယားနှင့် တံခါးထောင့် အနီးတွင် စားပွဲမြင့်မြင့်လေးတစ်ခုထားပြီး စားပွဲပေါ်တွင် လက်ပ်တော့ တစ်လုံးထားနိုင်သည်။ ပြီးတော့ အရည်အသွေးမြင့် အသံစနစ်ကို တပ်ဆင်ထားနိုင်သည်။ ဒီနည်းဖြင့် ထမင်းစားသည့်အခါ သီချင်းလေးဖွင့်ထားနိုင်မည်။

ပြတင်းပေါက်နှင့် ဆိုဖာအနီးတွင် စားပွဲဝိုင်းသေးသေးလေးတစ်လုံးနှင့် ဘောလုံးပုံစံ ထိုင်ခုံလေးတစ်ခုထားမည်။ အဆာပြေစားဖို့နဲ့ သောက်စရာလေးတွေသောက်ဖို့အတွက် ထောင့်နေရာတစ်ခုဖြစ်ပေလိမ့်မည်။ အပြင်ဘက်တွင် ထမင်းစားစားပွဲနှင့် ထမင်းစားစားပွဲအထက်မှာ ခရစ်စတယ်မီးဆိုင်းကြီးတစ်ခုထားမည်။ ထမင်းစားစားပွဲကိုလည်း အလှဆင်ချင်သေးသည်။

ကျန်းဟန်သည် သူလိုချင်သည့် ပုံစံများအား တစ်ခုပြီးတစ်ခုပြောသွားသည်။

"မစ္စတာကျန်း ဒါက ဘာမှမခက်ပါဘူး။ ပြင်ဆင်ဖို့အတွက်က ဘာမှပြဿနာမရှိဘူး" ကျောက်ခိုင်က သူ့ဖုန်း၏ ဂဏာန်းပေါင်းစက်ကို ဖွင့်ပြီးတွက်ချက်နေသည်။

"ကြည့်ရအောင်... ကြမ်းခင်းကြွေပြားတွေ မီးဖိုချောင်အုတ်တွေ မီးဖိုချောင် မျက်နှာကျက်နည်းနည်း နဲ့ တခြား မျက်နှာကျက်တွေ နံရံကပ်တီဗွီ စတိတ်စင်အသေး ပရိဘောဂတွေ မူလအလှဆင်စရိတ်တွေနဲ့ ဒုတိယထပ် ပြင်ဆင်မွမ်းမံတာတွေ။ ပစ္စည်းတွေ ထည့်မတွက်ပဲ လက်ခအတွက်က စုစုပေါင်း ယွမ် တစ်သိန်းခွဲ ကျမှာပါ"

"ပြင်ဆင်မှုအားလုံးပြီးအောင်လုပ်ဖို့ အချိန်ဘယ်လောက်ကြာမလဲ" ကျန်းဟန်မေးလိုက်သည်။

ကျောက်ဟိုင် ခဏာစဉ်းစားလိုက်ပြီး ပြန်ပြောလိုက်သည်။

"ရက် ၂၀ လောက်ဆို လုံ့လောက်ပါတယ်"

"တစ်ပတ်" ကျန်းဟန်က လက်ညှိုးတစ်ချောင်းထောင်လိုက်ပြီး

"တစ်ပတ်အတွင်းပြီးအောင်လုပ်ပေးပါ။ ကျွန်တော် လက်ခအတွက် ယွမ် ၃ သိန်းပေးမယ်"

"ဝိုး..."

ကျောက်ခိုင် အစပိုင်းတွင် နားကြားလွဲသည်ထင်ကာ မှင်သက်သွားသည်။ ထို့နောက် မမျှော်လင့်ထားသင့် သတင်းကောင်းအတွက် အလွန်ဝမ်းသာသွားပြီး ခေါင်းကို အမြန်ညိတ်ကာပြောလိုက်သည်။

"ကောင်းပါပြီ ကောင်းပါပြီ ပြင်ဆင်မှုကို တစ်ပတ်အတွင်း ပြီးအောင်လုပ်ပေးပါ့မယ်။ ဒါဆိုရင် မစ္စတာကျန်း ခင်ဗျား အရင်ဆုံးငွေချေထားချင်လား။ လောလောဆယ် ညနေ ၃ နာရီရှိပြီ။ ဒီအပြင်အဆင် အဟောင်းတွေကို ဖျက်ပစ်ဖို့ အခုချက်ချင်း လူခေါ်လို့ရတယ်။ ညမအိပ်ခင် သူတို့ နဂိုအဟောင်းတွေကို ဖျက်ပစ်နိုင်ဖို့ များတယ်"

"ကောင်းပြီ"

ကျန်းဟန် ကျောက်ခိုင်နှင့် စာချုပ်ချုပ်ပြီးနောက် ယွမ် ၃ သိန်းကို ချက်ချင်းလွှဲပေးလိုက်သည်။

စာချုပ်ချုပ်ပြီးနောက် ကျောက်ခိုင်သည် အလုပ်သမားများအား လာခဲ့ရန် ဆက်သွယ်လိုက်သည်။ မိနစ်သုံးဆယ် မပြည့်ခင်မှာပဲ ပစ်ကပ်ထရပ်ကား ၂ စီး တံခါးဝရောက်လာသည်။ ပစ်ကပ်နှစ်စီး အတွင်း၌ အလုပ်သမား ၅ ယောက်ပါလာသည်။

"မစ္စတာကျန်း ဒီကုလားထိုင်တွေ စားပွဲတွေက..." ကျောက်ခိုင်က မဆိုင်းမတွမေးသည်။

"ခင်ဗျားကြိုက်သလို ကိုင်တွယ်လိုက်ပါ" ကျန်းဟန် လက်ကို ဝှေ့ယမ်းလိုက်သည်။

ကျောက်ဟိုင် ပြုံးလိုက်သည်။ ကုလားထိုင်များ စားပွဲများနှင့် အခြားပစ္စည်းမျိုးစုံကို အနည်းဆုံး ယွမ် ၂ ထောင် ၃ထောင် ဖြင့် ရောင်းနိုင်သည်။

"မစ္စတာကျန်း ကျွန်တော့်လူတွေကို ဒီဇိုင်းပုံတွေနဲ့ စပြီး လုပ်ခိုင်းရမယ်။ ညကျရင် ခင်ဗျား သရီးဒီပုံတွေထဲက

တစ်ခုရွေးထားနိုင်တယ်။ ခင်ဗျားရွေးပြီးရင် မနက်ဖြန် အလုပ်စနိုင်ပြီ” ကျောက်ခိုင်ပြုံးပြီးပြောသည်။

“ကျွန်တော် ခင်ဗျားအတွက် ရိုးရိုးရှင်းရှင်းပုံတစ်ပုံ အရင်ဆွဲပေးမယ်။ ခင်ဗျားတို့အားလုံး ကျွန်တော်ဆွဲထားတဲ့ ပုံအတိုင်း လိုက်လုပ်လို့ရတယ်”

ကျန်းဟန်သည် အိမ်ကို မည်သို့ ပြန်ပြင်ရမည်ကို ကောင်းကောင်းသိသည်။ ကျောက်ခိုင် သူ့ကိုပေးထားသော စာရွက်ကိုယူလိုက်ပြီး သူ့စိတ်ထဲကအတိုင်း ဒီဇိုင်းဆွဲလိုက်သည်။ ပုံသည် သာမန်သာဖြစ်သော်လည်း အသေးစိတ်အချက်များနှင့် ပုံစံများကို ပုံဖော်နိုင်သေးသည်။

ကျန်းဟန်ရဲ့ ဒီဇိုင်းကိုမြင်လိုက်တော့ ကျောက်ခိုင်၏ ပါးစပ်ထောင့်များ တွန့်သွားသည်။

ထို ဒီဇိုင်းကို ဖန်းတီးဖို့ လက်သမားများ တော်တော်ဒုက္ခရောက်ပေလိမ့်မည်။ ဒီလို ခမ်းနားတဲ့ ဒီဇိုင်းကို သူဘယ်လိုစဉ်းစားခဲ့တာလဲ။ ဒီဇိုင်းများသည် အလွန်ကို တိကျပြီး မျက်စိပသာဒဖြစ်သည်။ အထူသဖြင့်

ထမင်းစားစားပွဲကို ကာရံထားသည့် သုံးဖက်မြင် ခြံစည်းရိုးလေးများဖြစ်သည်။

“အင်း တီဗွီကပ်နံရံမှာ ကျောက်စိမ်းကြွပန်းနဲ့ အလှဆင်ချင်တယ်။ ပန်းပွင့်တွေကို ပန်းရောင်နဲ့ အဖြူရောင် ပေါင်းစပ်ထားရမယ်” ကျန်းဟန်က ဆက်ပြောသည်။

“ကျောက်...ကျောက်...စိမ်း...ကြွပန်း...နဲ့ တီဗွီကပ်နံရံကို အလှဆင်မှာလား” ကျောက်ခိုင်မျက်လုံးပြူးသွားပြီး ခက်ခက်ခဲခဲကားပြန်ပြောလိုက်သည်။

သူထင်ခဲ့သည်က အလုပ်ကသေးသေးလေးပါပဲဟုပင်။ အခုတော့ ဆန့်ကျင်ဘက်ဖြစ်နေသည့်ပုံပင်။

တီဗွီကပ်နံရံကို အလှဆင်ရုံနဲ့တင် ခေါင်းကိုက်ဖို့လုံလောက်သည်။ ထို့ပြင် ဤတီဗွီကပ်နံရံကို အလှဆင်ရုံတစ်ခုတည်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ယွမ်တစ်သန်း အထက်ဖြစ်၏။

"ဒါ..ဒါက ... မစ္စတာကျန်း" ကျောက်ခိုင် အနည်းငယ်ရယ်လိုက်ပြီး "၇ ရက်တည်းနဲ့တော့ မလုံလောက် တော့ဘူးထင်တယ်"

"အိုး" ကျန်းဟန်၏အမူအရာက မပြောင်းလဲပဲ

"ဒါဆို ခင်ဗျားကို လုပ်အားခ ယွမ် ၅ သိန်းပေးပါ့မယ်"

၇ ရက်နဲ့ မလုံလောက်ဘူးလား။ ဒါဆို ပိုက်ဆံထပ်ပေးလိုက်မှာပေါ့။

ဒါကိုကြားလိုက်တော့ ကျောက်ဟိုင်နောက်တစ်ခါ မှင်သက်သွားပြန်သည်။

သူ့စိတ်ထဲတွင် ကြည်နူးအံ့ဩသွားသလို အနည်းငယ်သက်ပြင်းချက်လိုက်မိသည်။ ပုံမှန်မဟုတ်တဲ့ ဖောက်သည်တစ်ဦးနှင့် သူ အမှန်တကယ်ပထမဆုံး တွေ့ဆုံခြင်းဖြစ်သည်။

အချို့သော ဖောက်သည်များက ပိုက်ဆံပိုပေးသော်လည်း သူတို့ပေးသည့်ပမာဏမှာ ဤမျှများပြားမည်မဟုတ်ပေ။ စကားနည်းနည်းလောက်ပြောပြီး လုပ်အားခကို

တိုးမြှင့်ပေးသည့် ကျန်းဟန်ကဲ့သို့သောသူမှာ ပထမဆုံးအကြိမ် ကြုံတွေ့ရခြင်းဖြစ်သည်။

"ကောင်းပြီ ပြင်ဆင်မှုကို ၇ ရက်အတွင်း အပြီးသတ်နိုင်ဖို့ အာမခံပါတယ်" ကျောက်ခိုင် အသက်ပြင်းပြင်းရှူပြီး အာမခံပေးလိုက်သည်။ သူ အလုပ်သမားဦးရေ နှစ်ဆတိုးပြီး နေ့တိုင်း ၂၄ နာရီ ပြင်ဆင်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

ကျောက်ခိုင်က သူ့ဘေးက လူငယ်ကို မြန်မြန် ဒီဇိုင်းဆွဲထားသည့်အတိုင်း လုပ်ရန်ညွှန်ကြားပြီး ကျန်းဟန်ကိုလှည့်ကာမေးလိုက်သည်။

"မစ္စတာကျန်း အချိန်ကုန်တာက အရမ်းမြန်တယ်။ ကြမ်းခင်းကြွေပြားတွေ နံရံအုတ်တွေ မျက်နှာကျက်တွေအတွက် လိုချင်တဲ့ ပစ္စည်းများရှိလား။ ဒါမှမဟုတ် ခင်ဗျားလိုချင်တဲ့ပစ္စည်းတွေကို ရှီလုံဈေးကို ကျွန်တော်နဲ့လိုက်ရွေးပါလား"

ကျန်းဟန်က ခေါင်းညိတ်လိုက်ပြီး ကျောက်ခိုင်နှင့်အတူ ရှီလုံဈေးသို့ လိုက်သွားသည်။ ပထမဆိုင်မှာ အဆင့်မြင့်

နိုင်ငံတကာအမှတ်တံဆိပ်ကြွေပြားဆိုင်ဖြစ်သည်။ သူကြိုက်သည့်အရာများကို တွေ့ပြီးနောက် ကျန်းဟန်ချက်ချင်းအော်ဒါမှာလိုက်သည်။

ကျန်းဟန်ရွေးချယ်ခဲ့သော ကြမ်းခင်းကြွေပြားမှာ မိုချာပဲလေ့စီးရီးထဲက ပက်စီဒိုကလက်စစ် များဖြစ်သည်။ တစ်စတုရန်းမီတာကို ၂၅၀၀ ယွမ် ကျသင့်သည်။ နံရံကပ်အုတ်များ စကစ်တင်းဘုတ်များနှင့် အခြားပစ္စည်းများအားလုံးပေါင်း ယွမ် ၄ သိန်း ၉ သောင်း ဝန်းကျင်ရှိသည်။ မျက်နှာကျက်နှင့် ဘိလပ်မြေ သဲ စသည့် အခြားဖြည့်စွက်ပစ္စည်းများအတွက် ယွမ် ၃ သိန်းဝန်းကျင်ရှိသည်။ ထိုပစ္စည်းများ ဈေးကြီးရခြင်းမှာ ကျန်းဟန်က ဖော်မြူလာဒီဟိုက်ကင်းစင်သော၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် တန်ဖိုးကြီးထိပ်တန်းပစ္စည်းများကို ရွေးချယ်ခဲ့သောကြောင့်ဖြစ်သည်။ ပြင်ဆင်မွမ်းမံပြီးပါက အိမ်တွင် ချက်ချင်းနေနိုင်မည်ဖြစ်၏။

ပစ္စည်းများဝယ်ရန် တစ်နာရီခန့်ကြာပြီးနောက် ကျောက်ခိုင်က အချိန်ရသေးသည်ကိုမြင်သဖြင့်

“မစ္စတာကျန်း အချိန်ကစောနေသေးတယ်။ ပရိဘောဂဈေးကိုသွားပြီး ဆိုဖာတွေ ခေါင်းအုံးတွေနဲ တခြားပရိဘောဂတွေ သွားကြည့်မလား။ ဒါဆို ပရိဘောဂတွေ ပြင်ဆင်တဲ့အခါ မြန်မြန်ထည့်သွင်းနိုင်မှာ”

“ကောင်းပြီ” ကျန်းဟန်ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ဦး အနီးအနားရှိ ပရိဘောဂဈေးသို့ တည့်တည့်သွားကာ နောက်တစ်ကြိမ် ဈေးဝယ်ထွက်ကြသည်။

အရှေ့တွင်ထားမည့် ဆိုဖာသည် အဖြူရောင်အဆင့်မြင့် သားရေဆိုဖာဖြစ်ပြီး လခြမ်းကွေးပုံစံနှင့် အရှည် ၄ မီတာရှိသည်။ ဈေးတော့ သိပ်မကြီးပဲ ယွမ် ၄ သောင်း သာရှိသည်။

တီဗွီ ကော်ဖီစားပွဲ ကုလားထိုင်နဲ့ စားပွဲများကတော့ ဝယ်ရတာ ပိုလွယ်သည်။ ပထမထပ်နှင့် ဒုတိယထပ်အတွက် ကျန်းဟန် ယွမ် ၅၀၀ သုံးခဲ့သည်။ ရေချိုးကန်၊

စမတ်အိမ်သာခွက်၊ လေသန့်စက်နှင့် အခြားပစ္စည်းများ အပါအဝင်ဖြစ်သည်။

အကုန်ဝယ်ပြီးသွား၍ သူတို့ပြန်ထွက်ခါနီးတွင် ကျောက်ခိုင်က ရုတ်တရက် ကိစ္စတစ်ခုကိုစဉ်းစားမိပြီး အံ့သြသည့်အမူအရာနှင့် မေးလိုက်သည်။

"မစ္စတာကျန်း ခင်ဗျား စားသောက်ဆိုင်ဖွင့်မှာမဟုတ်ဘူးလား။ စားသုံးသူတွေ ထိုင်ဖို့နဲ့ စားသောက်ဖို့နေရာလည်း မရှိပါလား"

"စားသုံးသူတွေလား"

ကျန်းဟန်ခဏကြောင်သွားသည်။ သူထိုကိစ္စကို မေ့နေခဲ့၏။ ခဏလောက်စဉ်းစားပြီးနောက် သူပြောလိုက်သည်။

"ညာဘက်ပြတင်းပေါက်နားက နေရာလေးတစ်ခုရှိသေးတယ်မလား။ အဲ့ဒီမှာ စားပွဲသေးသေးလေး ၃ လုံးထားလိုက်ပါ"

ထိုစကားကိုကြားတော့ ကျောက်ခိုင် မနေနိုင်ပဲ ပါးစပ်ထောင့်ကရှုံ့တွန့်သွားသည်။ ကျန်းဟန်က စားသောက်ဆိုင်ဖွင့်နေတာနဲ့ နည်းနည်းမှ မတူ။ သူ့အား နောက်နေသည်ဟုပင် သူခံစားလိုက်ရသည်။

ကျန်းဟန် စားပွဲသေး ၃ လုံးနှင့် ထိုင်ခုံ ၆ လုံးဝယ်ခဲ့ပြီး စုစုပေါင်း ယွမ် ၁၀၀၀ သုံးခဲ့သည်။

ပရိဘောဂများက သန့်ရှင်းသပ်ရပ်နေသ၍ အပြင်လူများ အသုံးပြုရန်လုံလောက်ပါသည်။

၎င်းတို့ဝယ်ယူခဲ့သည့် စတိုးဆိုင်များအားလုံးတွင် ဆက်သွယ်ရန်အချက်အလက်များကို ကျန်းဟန်၏နံပါတ်အစား ကျောက်ခိုင်၏ဖုန်းနံပါတ်ကို အသုံးပြုခဲ့သည်။ ကျောက်ခိုင်သည် ယနေ့ည အစီအစဉ်ဆွဲရန် ပရိဘောဂအားလုံး၏ ဓာတ်ပုံများကို အလွန်အလေးအနက်ထားကာ ရိုက်ထားခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျန်းဟန်အား တစ်ပတ်အတွင်း

စားသောက်ဆိုင်အသစ်ခုဖြစ်အောင် လုပ်ပေးမည်ဟု အာမခံခဲ့သည်။

ကားပေါ်တက်ပြီးနောက် ကျန်းဟန်နှင့် ကျောက်ခိုင်တို့သည် အချင်းချင်း ဖုန်းနံပါတ်များ လဲလှယ်ခဲ့ကြသည်။

ရုတ်တရက် ဆိုသလိုပဲ ကျောက်ခိုင်က စန္ဒယားမဝယ်ရသေးဘူးဆိုတာ သတိရသွားပြီး မေးလိုက်သည်။

"မစ္စတာကျန်း ခင်ဗျား ဘယ်လိုစန္ဒယားအမျိုးအစားကို လိုချင်လဲဆိုတာ မေးလို့ရမလား။ ကျွန်တော့်မှာ စန္ဒယားဆိုင်မှာ အလုပ်လုပ်တဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ ခင်ဗျားကို ကူမေးပေးလို့ရတယ်"

"စန္ဒယား..."

ကျန်းဟန် သူဘာသာရေရွတ်လိုက်သည်။ ကျန်းဟန်သည် စန္ဒယားအကြောင်း အနည်းငယ်နားလည်သည်။ ငယ်ငယ်က စန္ဒယားသင်ဖူးပေသည်။။။ ကျင့်ကြံ့ခြင်းလောကတွင်

ပျင်းရိငြီးငွေ့သောကြောင့် စန္ဒယားကိုတီးခဲ့သည်။ နှစ်ပေါင်း ၅၀၀ အတွင်း သူသည် စန္ဒယားကို မကြာမကြာတီးဖြစ်သည်။ အချိန်အတော်ကြာအောင် တီးခဲ့သောကြောင့် စန္ဒယားနှင့်ပက်သက်သော သူ၏နားလည်မှုသည် အလွန်နက်ရှိုင်းနေပြီဖြစ်သည်။

စန္ဒယားအမှတ်တံဆိပ်အတွက်တော့ ကျန်းဟန်က ဈေးပေါပေါ ဝယ်ဖို့ စိတ်ကူးမရှိပေ။ စန္ဒယားတစ်လုံး၏ အရည်အသွေးသည် ဈေးနှုန်းကြောင့်မဟုတ်ပဲ အသံအပေါ်တွင်မူတည်ကြောင်း ဆိုကြသည်။ ကျန်းဟန်က အဓိပ္ပာယ်မဲ့သော စကားစုဟု ခံစားရသည်။ သင် ပေးလိုက်တဲ့အရာနဲ့တန်တာပဲ ပြန်ရသည်ဆိုတာကို သတိရပါ။ ထို့ကြောင့် ဈေးကြီးသည့်စန္ဒယားက ဈေးပေါသည်ထက် ပိုကောင်းပေသည်။ သူသည် အရည်အသွေးမြင့်တဲ့ဘဝကို လိုချင်လျှင် နိမ့်ကျသည့်အရာများကို ဘာကြောင့်အသုံးပြုရမည်နည်း။

ဥပမာအားဖြင့် ကျန်းဟန်သည် ကျင့်ကြံခြင်းလောက၌ရှိစဉ်က အသုံးပြုခဲ့သော ကျက်သရေရောင်စဉ်ခုနစ်ပါး စန္ဒယားကို ကျင့်ကြံခြင်းလောက၏ အရည်အသွေးမြင့် ပစ္စည်းများဖြင့် ပြုလုပ်ထားသည်။ ကျန်းဟန်သည် ဂြိုလ်တစ်ခုပေါ်တွင် အမျိုးမျိုးသော ဂီတသံစဉ်များကို တီးခတ်စဉ်က ထိုအသံသည် ကမ္ဘာတစ်ခုလုံးကို ထိုသံစဉ်အတွင်း စီးမြောစေခဲ့သည်ကို မှတ်မိသေးသည်။ ကျန်းဟန် အလိုရှိလျှင် စန္ဒယားသံသည် သတ်ဖြတ်ခြင်းသံစဉ်သို့ပြောင်းလဲသွားပြီး ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ချက်ချင်းသုတ်သင်ပစ်နိုင်သည်။

ကျန်းဟန် စဉ်းစားလိုက်ရင်း ပြတ်သားစွာပြောလိုက်သည်။

“စတိန်းဝေး မော်ဒယ် အို ဂရမ်း ပီယာနို(Stainway Model O Grand Piano)ကို ဝယ်လိုက်ပါ”

"ကောင်းပြီ" ကျောက်ခိုင်သည် စန္ဒယားအကြောင်းမသိသဖြင့် ရိုးရှင်းစွာပင် ခေါင်းညိတ်ပြီး သူ့သူငယ်ချင်းကို ခေါ်လိုက်သည်။

တစ်မိနစ်အကြာတွင်။

"ဘာ...ဘယ်လောက်ရယ်" ကျောက်ခိုင်၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထို့နောက် ကျန်းဟန်ကို အံ့သြသောအကြည့်ဖြင့် ကြည့်လိုက်သည်။ သူ့နှုတ်ခမ်းများက တွန့်လိမ်နေပြီး ပြောလိုက်သည်။

"မစ္စတာကျန်း ခင်များပြောတဲ့ စန္ဒယားက ယွမ် ၁.၁ သန်း ကျတယ်။ ပြည်ပကသွင်းတဲ့ ပစ္စည်းအစစ်ဖြစ်ကြောင်း အာမခံပါတယ်တဲ့"

"ကောင်းတယ်" ကျန်းဟန်ခေါင်းညိတ်လိုက်သည်။

ယွမ် ၁.၁ သန်းမှာလည်း ဈေးကွက်ပေါက်ဈေးဖြစ်သည်။ ထို့ကြောင့် ကျန်းဟန်က ချက်ချင်း သဘောတူလိုက်သည်။ စားသောက်ဆိုင်၏ သော့ကို ကျောက်ခိုင်အားပေးပြီးနောက် ကျန်းဟန်သည် တည်းခိုရန် ဟိုတယ်တစ်ခုရှာလိုက်သည်။

-C 16 End

wunzinnosp

## အပိုင်း(၁၇) မုန့်မုန့်ရဲ့ ဖိတ်ကြားချက်

ဟိုတယ်ညွှ်ကြိုကောင်တာရှေ့တွင်

"ကျွန်တော့်ကို အထူးဗွီအိုင်ပီခန်း..." ကျန်းဟန်သူပြောချင်တာကို ခနရပ်တန့်လိုက်ပြီး "ပုံမှန်အခန်းတစ်ခန်းပေးပါ" ဟု ပြန်ပြောလိုက်၏။

ဘာကြောင့်လဲဆိုတော့ သူ့မှာပိုက်ဆံတော်တော်ထပ်ကုန်နေလို့ပင်ဖြစ်သည်။

စုစုပေါင်း ယွမ် ၁၉.၆ သန်း။ တောင်ငှားရမ်းခ ယွမ် ၁၂ သန်း ကို ဖယ်လိုက်ပင် ယွမ် ၇.၆ သန်း ကျန်ပါသေးသည်။။

အိမ်ငှားခက ယွမ် ၃ သန်း၊ အလုပ်သမားခက ယွမ် ၅ သိန်း၊ ကြွေပြားတွေက ယွမ် ၅ သန်း၊ ဖြည့်စွက်ပစ္စည်းတွေအတွက်က ယွမ် ၃ သိန်း၊ တီဗွီကပ်နံရံအတွက်က ယွမ် ၁ သန်း၊

ပရိဘောဂအတွက်က ယွမ် ၅ သိန်း၊ စန္ဒယားအတွက်က ယွမ် ၁.၁ သန်း အားလုံးပေါင်း ၁၉.၆ သန်း။ ကျန်းဟန် မနက်ဖြန် လခြမ်းတောင်အတွက် စာချုပ်ချုပ်ပြီးပါက ယွမ် ၇ သန်းလောက်ကျန်ဦးမည်။ အထူးဗွီအိုင်ပီခန်းမှာနေဖို့အတွက် ပိုက်ဆံမလောက်တော့ချေ။

“ခစ်ခစ်..”

ကျန်းဟန်ကို လက်ခံဆောင်ရွက်ပေးနေတဲ့ ညွှန့်ကြိုမိန်းကလေး မနေနိုင်ပဲ ရယ်လိုက်၏။ အခန်းကတ်ကို ကျန်းဟန်အား ပြုံးပြီးပေးရင်း “ ဒီမှာ ရှင့်ရဲ့ အထူးဗွီအိုင်ပီအခန်း” လို့ပြောလိုက်သည်။

ကျန်းဟန် ရယ်မောနေသည့် မိန်းကလေးကို တစ်ချက် စိုက်ကြည့်လိုက်သည်။

ဟိုတယ်ရဲ့စည်းမျဉ်းတွေအရ ညွှန့်ကြိုဝန်ထမ်းက ဤကဲ့သို့ရယ်မောခြင်းကို ခွင့်မပြုသင့်ပေ။

ညှော့ကြိုမိန်းကလေးက ဘဝအတွေ့အကြုံရရှိဖို့ ဒီနေရာမှာအလုပ်လာလုပ်တဲ့ မိသားစုကြီးတစ်ခုက သခင်မလေးတစ်ဦးဖြစ်မယ်လို့ သူခန့်မှန်းလိုက်သည်။။။

အခန်းကတ်ကို ယူလိုက်ပြီးနောက်ကျန်းဟန် ညစာစားရန် စားသောက်ဆိုင်သို့ သွားလိုက်သည်။

အချိန်က ည ၇ နာရီရောက်သည့်အခါ လျူမုံ့သည် ကျန်းဟန်ကို ဖုန်းဆက်ပြီး မနက်ဖြန် မနက် ၉ နာရီတွင် တောင်ငှား စာချုပ်ချုပ်ဆိုရန် အကြောင်းကြားခဲ့သည်။

သူ့၏အခန်းထဲတွင် ကျန်းဟန်သည် ကုတင်ပေါ်၌ လှဲလျောင်းနေသည်။ တီဗွီကို ငေးကြည့်နေသော်လည်း သူ၏စိတ်ထဲတွင်တော့ မင်းသမီးလေး မုန့်မုန့်နဲ့ ပြည့်နေပါသည်။

သူ၏သမီးလေးကို လွမ်းဆွတ်နေခြင်းပင်။

မြို့ရဲ့အခြားတစ်ဖက် ယွင်ရင် ဥယျာဉ်တွင်တော့...

ဇီယန်နဲ့ ကျိုးဖေး အိမ်ကိုပြန်ရောက်နေပြီဖြစ်သည်။

"နောက်ဆုံးတော့ အမှိုက်သီချင်း ၁၀ဂ ရွေးလို့ပြီးသွားပြီ"

ကျိုးဖေးက ရယ်မောစွာပြောလိုက်သည်။ သူ့မျက်နှာမှာ ပင်ပန်းနွမ်းနယ်မှုတွေနဲ့ ပြည့်နေ၏။

“ရှောင်ဖေး မင်းအတွက်ခက်ခဲသွားရပြီ”

ဇီယန်ပေါ့ပါးစွာပြုံးရင်း ထပ်ပြောလိုက်သည်။

“မနက်ဖြန်ဆိုရင်တော့ သီချင်း ၁၀၀ ထဲက ၁၂ ပုဒ်လောက်ကို စစ်ထုတ်ပြီးရင် အဲ့လောက်မဆိုးတော့ပါဘူး”

သီချင်းနားထောင်ခြင်းသည် နှစ်သက်ပျော်ရွှင်ဖွယ်ကိစ္စတစ်ခုဖြစ်သင့်သည်။ သီချင်းကောင်းတစ်ပုဒ်သည် လူတစ်ယောက်၏စိတ်ခံစားချက်ကို သွယ်ဝိုက်သက်ရောက်စေနိုင်သည်။ မြူးကြွသောသီချင်းသည် လူများကို ရွှင်လန်းမြူးကြွစေနိုင်သည်။ ဝမ်းနည်းစေသောသီချင်းသည် လူများကို မျက်ရည်ကျစေနိုင်ပြီး သာယာငြိမ့်ညောင်းသောသီချင်းသည် စိတ်ကိုအနားယူစေနိုင်သည်။

ဇီယန်နှင့် ကျိုးဖေးတို့ နားထောင်ခဲ့ရသော သီချင်းများသည် သူတို့အပေါ်တွင် စိတ်ဆင်းရဲစေသည်ကလွဲပြီး မည့်သည့်သက်ရောက်မှုမျှမရှိပေ။

သီချင်းများက နားထောင်ရတာ အဆင်မပြေဖြစ်သည်က တော်သေးသည်။ အချို့သီချင်းများဆိုလျှင် သည်းမခံနိုင်လောက်အောင် နားထောင်ရဆိုးလွန်းလှသည်။ သို့သော်လည်း သူတို့နှစ်ယောက် သီချင်းများ ရာနှင့်ချီအောင် နားထောင်နေရတုန်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်ရက်သည် သူတို့အတွက် ဝမ်းနည်းစရာတစ်ခုပင်။

"အစ်မယန် မင်းမှာ အရည်အသွေးကောင်းတဲ့ သီချင်း ၄ ပုဒ်လောက်သာရှိရင် အခုထွက်မဲ့ အယ်လ်ဘမ်က တော်လေးခံစားလို့ရပါသေးတယ်။ ဒါပေမဲ့ အခု ငါတို့ ရထားတဲ့ သီချင်းတွေက တော်တော်ဆိုးလွန်းတယ်"

ကျိုးဖေး ဒေါသများပြည့်နက်နေသည့်မျက်နှာဖြင့် ထပ်ပြောလိုက်သည်။

"ပြီးတော့ အရည်အသွေးမြင့် သီချင်း ၈ ပုဒ်ကို ရခဲ့တဲ့ ရှလောယွီအပြင် တခြား တတိယအဆင့်အဆိုတော်တစ်ယောက်လည်း အရည်အသွေးမြင့် သီချင်း ၂ ပုဒ်ရတယ်လို့ ကြားခဲ့ရတယ်။ စုန်းမကြီးက မင်းကို ပေးတဲ အရည်အသွေးမြင့်သီချင်းနှစ်ပုဒ်က ကုမ္ပဏီရဲ့ ဂီတစာကြည့်တိုက်ထဲက ကြုံရာတွေ့တဲ့သီချင်း နှစ်ပုဒ်ပဲဆိုတာ သေချာတယ်။ ၁၅ ရက်နေ့ကျရင် ငါတို့ ရှလောယွီနဲ့ မပြိုင်သင့်ဘူးထင်တယ်"

၎င်းကိုကြားသည်နှင့် ဇီယန်မျက်မှောင်ကြုတ်ပြီး

"မဟုတ်ဘူး ငါတို့ အယ်လ်ဘမ်ကို ၁၅ ရက်နေ့မှ ထုတ်မယ်" ဟု တင်းတင်းကျပ်ကျပ်ပြောလိုက်သည်။

တစ်ချိန်က တရုတ်နိုင်ငံရဲ့ အကျော်ကြားဆုံးအနုပညာရှင်တွေထဲက တစ်ယောက်ဖြစ်ခဲ့သည့် ဇီယန်သည်လည်း မာနရှိပေသည်။

ရှလောယွီက သူမကို ခေါင်းငုံ့အောင် မည်သို့လုပ်နိုင်မည်နည်း။

"ကောင်းပြီလေ ဒါဆို ငါတို့မှာရှိသမျှနဲ့ ချကြတာပေါ့"

ကျိုးဖေး ပြုံး၍ ခေါင်းခါလိုက်သည်။ သူမ၏နှလုံးသားထဲတွင် ကူကယ်ရာမဲ့စွာ ခံစားနေရသည်။ ဇီယန်သည် ဤကိစ္စတွင် အလွန်ခေါင်းမာသောကြောင့် ဇီယန်ကို ဖြောင့်ဖျပါကလည်း အသုံးမဝင်ကြောင်း သူမသိသည်။

"ငါမုန့်မုန့်ကို သွားကြည့်လိုက်ဦးမယ်"

ဇီယန်သည် ခေါင်းယမ်းကာ ပြုံးလိုက်ပြီး ဖိနပ်တစ်ရံလဲ၍ ဒုတိယထပ်ဆီသို့ လျှောက်သွားလိုက်သည်။

သူမ၏သမီးလေးနှင့် မျက်နှာချင်းဆိုင်မှသာ ဇီယန်သည် သူမ၏အပြုံးကို ထုတ်ဖော်နိုင်မည်ဖြစ်သည်။

"နင့်မှာသမီးလေးရှိနေပြီဆိုတော့ သူငယ်ချင်းကို သတိမရတော့ဘူးပေါ့။ ဟမ်"

ကျိုးဖေး မျက်လုံးပြူးသွားပြီး "မုန့်မုန့် အဲဒီမုန့်မုန့်က ဘာလား။ အဲ့ဒီအကောင်ပေးတဲ့နာမည်ကို သဘောမတူဘူးလို့ နင်ပဲပြောခဲ့တာမဟုတ်ဘူးလား"

ဇီယန် လှေကားထစ်ကိုရောက်သည်နှင့် ဒုတိယထပ်မှ မင်းသမီးလေး၏ ငိုသံကို ချက်ချင်းကြားလိုက်ရသည်။

"မုန့်မုန့် ဘာဖြစ်လို့လဲ"

ဇီယန် ဒုတိယထပ်သို့ အမြန်လျှောက်သွားကာ မင်းသမီးလေးငိုနေသည်ကို မြင်လိုက်သည်နှင့် သူမချက်ချင်းအမြန်သွားကာ သူမလေးကို ပွေ့ဖက်လိုက်သည်။

ဘေးနားတွင် အိမ်တော်ထိန်း ဝမ်ဟွမ်က အနည်းငယ် သောကရောက်နေသည်။ သူမ ကိုယ်တိုင်လည်း အတော်လေး စိတ်ရှုပ်နေမိသည်။ အစက အားလုံးအဆင်ပြေနေသော်လည်း ဘယ်လိုကနေဘယ်လိုဖြစ်သည်မသိ မင်းသမီးလေးက စတင်ငိုတော့သည်။

"I miss daddy…(ဖေဖေ့ကို အရမ်းလွမ်းတယ်)"

ပုံမှန်ဆိုလျှင် မုန့်မုန့်သည် တရုတ်စကားကို ကျွမ်းကျင်စွာ ပြောတတ်သူဖြစ်သည်။ သို့သော် သူမလေး စိတ်သောကရောက်နေချိန်တွင် အင်္ဂလိပ်စကားကိုသုံးသည်။

ထိုစကားကိုကြားလိုက်ရတော့ ဇီယန်၏အမူအရာမှာ အေးခဲသွားပြီး ကူကယ်ရာမဲ့သည့် လေသံဖြင့်

"မေမေပြောထားတယ်မလား။ သမီးဖေဖေက သူ့ကိစ္စတွေပြီးတာနဲ့ သမီးကို လာရှာလိမ့်မယ်လို့"

"ဒါပေမဲ့ ... ဒါပေမဲ့ သမီး ဖေဖေ့ကို အခုတွေ့ချင်တယ်။ မေမေ သမီးကို ဖေဖေနဲ့ တွေ့ခွင့်ပေးမှာလား" မုန့်မုန့်က သနားစဖွယ်ပြောသည်။

"မုန့်မုန့်" ဇီယန်အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်။

"သမီး ဒီလိုဆက်လုပ်နေရင် မေမေစိတ်ဆိုးတော့မှာနော်"

"အူးဝါး...သမီးမေမေ့ကို မဖက်ချင်တော့ဘူး"

မုန့်မုန့်သည် သူမလေး၏မျက်နှာပေါ်တွင် အသဲကွဲသည့်ပုံစံဖြင့် ဇီယန်၏ပွေ့ဖက်မှုမှ ရုန်းကန်စပြုလာသည်။

၎င်းကိုမြင်လိုက်ရတော့ ဇီယန် တစ်ချိန်တည်းမှာ ဒေါသရော အကူအညီမဲ့မှုပါ ခံစားလိုက်ရသည်။

ဘာကြောင့်လဲ... သူတို့အတူတူနေတာ ငါးရက်ပဲရှိသေးတယ် ဒီလိုအခြေအနေတောင်ဖြစ်နေပြီလား...

သို့သော် ဇီယန်၏အကြည့်က တီဗွီတွင် အဖေနှင့်သမီးတို့၏ အစီအစဉ်တစ်ခုကို ပြသနေသည်ကို တွေ့သောအခါ အဖြစ်အပျက်ကို နားလည်သွားသည်။

အန်တီဝမ် တီဗွီကို ပိတ်လိုက်ပြီးနောက် ဇီယန် နူးညံ့စွာပြောလိုက်သည်။

"မငိုပါနဲ့တော့ မုန့်မုန့်။ မေမေလည်း သမီးကို အရမ်းချစ်ပါတယ်။ ဖေဖေ့ကို ဘာလို့လွမ်းတာလဲ ဆိုတာ မေ့မေ့ကို ပြောပြနိုင်မလား"

"အဲ့ဒါက....ဖေဖေနဲ့ကစားချင်တယ်"

မုန့်မုန့် အသံတိုးတိုးဖြင့် ပြောသည်။

"ဖေဖေနဲ့ ဘာကစားတာလဲ။ အဲ့ဒါက အရမ်းပျော်ဖို့ကောင်းလား"

ဇီယန် မုန့်မုန့်ကို အာရုံလွှဲရန်ကြိုးစားလိုက်သည်။

"အဲ့ဒါက အရမ်းပျော်ဖို့ကောင်းတယ်။ ဖေဖေက သမီးကို တောင်ပေါ်ခေါ်သွားတယ်။ အဲ့ဒီမှာ ကားတွေအများကြီးပဲ။ ဖေဖေကားမောင်းတဲ့အချိန်မှာလည်း သူက အရမ်းကိုမြန်တာ။ အသံကလည်း အကျယ်ကြီး။ အဲဒီလူဆိုးတွေက ဖေဖေ့ကို မကောင်းပြောကြတယ်။ ဒါပေမဲ့..ဒါပေမဲ့ နောက်ကျတော့ သူတို့အားလုံးက ဖေဖေ့ကို အရမ်းအစွမ်းထက်တယ်လို့ ပြန်ပြောခဲ့တယ်"

မုန့်မုန့်အငိုတိတ်သွားပြီး သူမလေးစဉ်းစားရင်း ပြန်ဖြေလိုက်သည်။

ထိုစကားကိုကြားလိုက်ပြီးနောက် ဧိယန်၏မျက်နှာမှာ မည်းမှောင်သွားသည်။

ဒီလူဆိုးကောင်ကတော့။ သူတကယ်ကြီး သူ့သမီးကို ကားပြိုင်ပွဲခေါ်သွားတာလား။ သူက ကတယ်ကို လူဆိုးလူညစ်ကောင်ပဲ။

ဧိယန်ဒေါသထွက်နေသော်လည်း သူမမျက်နှာမှအပြုံးကို ထိန်းထားရင်း မေးလိုက်သည်။

"ပြီးတော့ သမီးဖေဖေက သမီးကို ဘယ်မှာကစားခိုင်းသေးလဲ"

"ဖေဖေက သမီးကို ငှက်ကြီးပေါ်ထိုင်ခိုင်းပြီး Disneyland ကိုကစားဖို့ခေါ်သွားတယ်။ မေမေ ဒစ္စနေးလန်းက အရမ်းပျော်ဖို့ကောင်းတယ်။ အဲ့ဒီမှာ ကစားစရာတွေအများကြီးရှိတယ်။ မုန့်မုန့် ဒစ္စနေးလန်းကို ထပ်သွားချင်သေးတာ" မုန့်မုန့်၏မျက်လုံးများ တောက်ပလာသည်။

ထိုစကားကိုကြားပြီးနောက် ဇီယန်၏အမူအရာမှာ နောင်တရပြီး စိတ်ပျက်သွားသည်။

မုန့်မုန့် ဒီအရွယ်ထိရောက်လာသော်လည်း သူမသည် သူမလေးကို ပန်းခြံထဲပင် ခေါ်မသွားဖူးပေ။

"မုန့်မုန့် ဒါဆိုရင် သန်ဘက်ခါကျရင် ဒစ္စနေးလန်းကို သွားကစားဖို့ မေမေခေါ်သွားပေးမယ်လေ ဘယ်လိုလဲ"

သူမ မနက်ဖြန်တွင် ရှိသမျှအားအင်များညှစ်ထုတ်က အလုပ်ကိုအာရုံစိုက်ပြီး သန်ဘက်ခါ တစ်ရက်လုံး မုန့်မုန့်နှင့် အတူကစားရန် လိုက်သွားပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

"အာ..."

မုန့်မုန့် ပထမဆုံး မှင်သက်သွားပြီးနောက် မျက်လုံးများ တောက်ပလာသည်။ သူမလေး၏ လက်လေးများဖြင့် လက်ခုပ်တီးကာ ပျော်ရွှင်စွာအော်လိုက်သည်။

"ဟေး..ကောင်းတယ် ကောင်းတယ် ဒစ္စနေးလန်းသွားပြီး ကစားကြမယ်။ ဒစ္စနေးလန်းသွားပြီး ကစားကြမယ်ဟေ့။ မေမေက အကောင်းဆုံးပဲ"

ပြောပြီးသည်နှင့် ချစ်စဖွယ်ကောင်းသော မုန့်မုန့်သည် သူမလေး၏ ပါးစပ်လေးကို စူကာ ဇီယန်၏ပါးကို အသာအယာနမ်းလိုက်သည်။

အဲ့ဒါကိုမြင်တော့ ဘေးမှာရှိသည့် ကျိုးဖေးက

"မုန့်မုန့် အန်တီဖေးဖေးကိုလည်း နမ်းပါဦး"

စကားပြောပြီးသောအခါ ကျိုးဖေးသည် သူမ၏ခန္ဓာကိုယ်ကို ငုံ့လိုက်ပြီး မင်းသမီးလေး၏ အနမ်းကို စောင့်ဆိုင်းနေခဲ့သည်။ သို့သော်လည်း အချိန်အတော်ကြာအောင် စောင့်ဆိုင်းပြီးနောက် မင်းသမီးလေး၏ လှုပ်ရှားမှုတစ်စုံတစ်ရာကို မတွေ့ရပေ။

မုန့်မုန့်က ကျိုးဖေးကို ကြည်လင်သည့်မျက်လုံးလေးများဖြင့် စိုက်ကြည့်ရင်း ခေါင်းယမ်းကာ "ဟင့်အင်း သမီးမနမ်းဘူး" ဟု ဆိုသည်။

"အိုး" ကျိုးဖေး ခဏကြောင်သွားပြီး "ကောင်မလေး နောက်ဆုံးအကြိမ် အန်တီနမ်းခွင့်ပေးတုန်း နမ်းရမယ်။ မင်းဘယ်လိုဖြစ်ပြီး ပြောင်းလဲလာတာလဲ။ မြန်မြန် အန်တီဖေးဖေးကို နမ်းပေးပါ မဟုတ်ရင် အန်တီဖေးဖေး စိတ်ဆိုးသွားလိမ့်မယ်နော်"

"ဟင့်အင်း မလိုချင်ဘူး သမီးမနမ်းဘူး" မုန့်မုန့်သည် ဇီယန်၏ ရင်ခွင်ထဲတွင် ချက်ချင်း ပုန်းလိုက်သည်။

ဒါကိုမြင်တော့ ဇီယန် မုန့်မုန့်က ရှက်နေတာကြောင့်ဖြစ်မည်ဟု တွေးလိုက်မိပြီး သူမ မပြုံးပဲမနေနိုင်ပေ။

ကျိုးဖေးက ပါးစပ်ဟလိုက်ပြီး “မုန့်မုန့် အန်တီဖေးဖေးကို မချစ်တော့ဘူးလား”

“ချစ်တယ်…” မုန့်မုန့် ချစ်စရာအသံလေးဖြင့် ဖြေလိုက်သည်။

“ဒါဆို ဘာလို အန်တီဖေးဖေးကို မနမ်းချင်ရတာလဲ” ကျိုးဖေး ထိုကိစ္စကို စိတ်ရှုပ်နေသည်။

“ဖေဖေကမနမ်းရဘူးလို့ပြောထားတယ်” မုန့်မုန့်က လေးလေးနက်နက် မျက်နှာထားနှင့် ပြောသည်။

“ဖေဖေကပြောထားတယ်။ ဖေဖေနဲ့မေမေကလွဲရင် သမီး တခြားသူကို မနမ်းရဘူးတဲ့။ မဟုတ်ရင် သမီးနေမကောင်းဖြစ်သွားမှာ”

ကျိုးဖေး၏အမူအရာမှာ အေးခဲသွားသည်။

ထိုစကားကို ကြားတော့ ဇီယန် မရယ်ပဲမနေနိုင်တော့ချေ။ ပုံမှန်တွင် အလွန်အစွမ်းထက်သော ပါးစပ်ရှိသော ကျိုးဖေးသည် မုန့်မုန့်နှင့်တွေ့မှသာ အရှုံးနှင့်ရင်ဆိုင်လိုက်ရသည်။

သို့သော် မုန့်မုန့်ထပ်ပြောလိုက်သော စကားသည် ဇီယန်၏မျက်နှာကို မည်းမှောင်သွားစေသည်။

"ဖေဖေက..ဖေဖေကပြောသေးတယ်။ မေမေ့ကိုလည်း လျှော့ပြီးနမ်းသင့်တယ်တဲ့။ ဘာလို့လဲဆိုတော့ မေမေကို နမ်းရင် မိတ်ကပ်ဖောင်ဒေးရှင်းတွေကို ပါးစပ်နဲ့နမ်းရမယ်။ မိတ်ကပ်တွေက မသန့်ရှင်းဘူးလို့ ဖေဖေကပြောတယ်"

"ဟားဟားဟား"

ဇီယန်၏မည်းမှောင်နေသောမျက်နှာကို မြင်လိုက်ရသဖြင့် ဤတစ်ကြိမ်တွင် ကျိုးဖေးရယ်ရသည့်အလှည့်ဖြစ်သည်။

"ဒီလူဆိုးကောင်ကတော့" ဇီယန်ဒေါသထွက်စွာဖြင့် သွားများကိုကြိတ်လိုက်သည်။

"အာ! မေမေ ဖေဖေ့ကို ဆိုးဆိုးရွားရွားပြောခွင့် မပေးဘူး။ မေမေ သမီးဖေဖေနဲ့စကားပြောချင်တယ်။ သူ့ကို ဖုန်းခေါ်လို့ရမလားဟင်"

မင်းသမီးလေးသည် ချစ်စရာကောင်းသော အသံဖြင့် ပြောသည်။

"ရတာပေါ့ မေမေသူ့ကိုခေါ်လိုက်မယ်"

ဇီယန်ချက်ချင်းဖုန်းထုတ်လိုက်ပြီး ကန်းဟန်၏နံပါတ်ကို ခေါ်လိုက်သည်။

"ကျန်းဟန်!" ဇီယန် ဖုန်းဝင်သွားသည်နှင့် အော်ပြောလိုက်သည်။

"ရှင် မုန့်မုန့်ကို ဘာသင်ပေးထားတာလဲ။ မုန့်မုန့် ကျွန်မကို နမ်းတာ ဘာဖြစ်လဲ။ ကျွန်မမျက်နှာမှာ အလှပြင်ဖောင်ဒေးရှင်းတွေ အများကြီးရှိတယ် ဟုတ်လား... ကျွန်မမိတ်ကပ်လိမ်းတာ အရမ်းရှားတယ် ဟုတ်ပြီလား။ ပြီးတော့ ကျွန်မအလှပြင်ရင် ဖောင်ဒေးရှင်းမပါပဲ

မိတ်ကပ်ပါးပါးပဲ လိမ်းတာ။ ဟွန့် ခေါင်းမာတဲ့ အရူး။ မုန့်မုန့်က ရှင်နဲ့စကားပြောချင်နေတယ်”

ဇီယန်က အားလုံးကို အသက်တစ်ရှိုက်အတွင်း ပြီးအောင်ပြောလိုက်သည်။ မုန့်မုန့်သည် ချက်ချင်းပင် ဖုန်းကို ဝမ်းသာအားရယူလိုက်သည်။

ဒီမိန်းမ ဆေးမှားစားထားတာလား…

ကျန်းဟန် သူ့ကိုယ်သူတွေးနေစဉ် ဖုန်းထဲမှ မုန့်မုန့်၏ အသံက ထွက်ပေါ်လာသည်။

“ကျန်းဟန် ကျွန်မဘယ်သူလဲသိလား” မုန့်မုန့်သည် သူမမေမေ၏ လေသံအတိုင်း လိုက်တုပြောသည်။

“ခန်းမှန်းကြည့်လိုက်မယ်….မင်းက….အလွန်လှပပြီး ချစ်စရာကောင်းတဲ့ မင်းသမီးလေး မုန့်မုန့် မလား” ကျန်းဟန် ညင်သာစွာပြောလိုက်သည်။

"မှားတယ် မှားတယ် ကျွန်မက မုန့်မုန့်မဟုတ်ဘူး ကျွန်မက... ယန်ယန်" မုန့်မုန့် သူမမေမေ၏လေသံကို အတုခိုးကာပင် ပြောလိုက်သည်။

၎င်းကိုကြားတော့ ကျိုးဖေး မနေနိုင်ပဲ ရယ်လိုက်ပြီး ဇီယန်က သူမကို မျက်စောင်းထိုးကြည့်လိုက်သည်။

"ယန်ယန်လား" ကျန်းဟန်ပြုံးလိုက်ပြီး သူ၏လေသံကို သြလိုက်ပြီး "အဟွတ် အဟွတ် ယန်ယန် မုန့်မုန့်ကဘယ်မှာလဲ ငါသူမကို အရမ်းလွမ်းနေပြီ။ သူမကို ဖုန်းပေးလိုက်ပါဦး"

"အိုး ကောင်းပြီ ခဏစောင့်ဦး" မုန့်မုန့်ပြောလိုက်ပြီးနောက် ဖုန်းကို သူမ၏နားနှင့် ခွာထားလိုက်သည်။ နှစ်စက္ကန့်ကြာပြီးနောက် ဖုန်းကို နားသို့ပြန်ကပ်လိုက်ပြီး သူမ၏ချစ်စရာအသံလေးဖြင့်

"ဖေဖေ သမီးမုန့်မုန့်ပါ။ ဖေဖေ့ကို အရမ်းလွမ်းတာပဲ"

"ဟဟားဟား..." ကျန်းဟန် အားရပါးရရယ်လိုက်ပြီး

"ဖေဖေလည်း သမီးကို အရမ်းလွမ်းတာပဲ" ဟုပြောလိုက်သည်။

"ဖေဖေ ဘယ်အချိန် ကစားဖို့ လာရှာမှာလဲ" မုန့်မုန့်က မေးသည်။

"ဖေဖေ တစ်ပတ်အတွင်း သမီးကို လာခေါ်ပါ့မယ်"

"အို ရက်တွေအများကြီး လိုသေးတာပေါ့။ ကောင်းပါပြီ။ ဖေဖေ မေမေက သန်ဘက်ခါ သမီးကို ဒစ္စနေးလန်းကို ခေါ်သွားမှာ ဖေဖေ သမီးတို့နဲ့ လိုက်ခဲ့လို့ရမလား" မုန့်မုန့် မေးလိုက်သည်။

"ဒါပေါ့"

သူမဖေဖေက သဘောတူလိုက်သည်ကို ကြားတော့ မုန့်မုန့်အရမ်းပျော်သွားပြီး တခစ်ခစ်ရယ်လိုက်၏။ စကားတွေအများကြီးပြောပြီးနောက် မုန့်မုန့်ဖုန်းချလိုက်သည်။

"မေမေ မေမေ ။ ဖေဖေ က ဒီတစ်ခါ ဒစ္စနေးလန်းကို မသွားတော့ဘူးလို့ပြောတယ်။ တစ်ခြားကစားကွင်းကို သွားကစားကြမယ်တဲ့"

-C 17 End

wunzinnosp

## အခန်း(၁၈) အချိန်ကျပြီ

"ဘယ်သွားကစားကြမှာလဲ" ဇီယန်မေးလိုက်သည်။

"သမုဒ္ဒရာပန်းခြံကို သွားကြမယ်။ ဖေဖေကပြောတယ် ဒမုဒ္ဒရာပန်းခြံမှာ ငါးတွေအများကြီးရှိတယ်တဲ့။ ပြီးတော့ ချားရထားနဲ့ ကေဘယ်ကား လည်းစီးလို့ရသေးတယ်" မုန့်မုန့်သည် မျက်နှာထက်တွင် မျှော်လင့်ချက်အပြည့်ဖြင့် ပြောသည်။

"အိုး" ဇီယန် သူမ၏အတွေးများပျောက်သွားပြီး စိတ်ရှုပ်စွာဖြင့် တုံ့ပြန်လိုက်သည်။

မူလက ကျိုးဖေးနှင့် သူမတို့ မုန့်မုန့်နှင့်လိုက်ပြီး ဆော့ကစားရန်ရည်ရွယ်ထားသည်။ သို့သော် ကျန်းဟန်လည်း ပါလာတာကြောင့် မိသားစုလိုက်လျှောက်လည်သည့်ပုံ ပေါက်သွားသည်။

ဒါကို မိသားစုတစ်ခုအဖြစ် ထည့်တွက်လို့ရမလား...

ဖြစ်ကောင်းဖြစ်နိုင်သည်။

ဇီယန် ဘာလုပ်ရမည်မှန်းမသိတော့ပေ။ သူမ ကျန်းဟန်ကို မည်သို့ဆက်ဆံရမည်မသိ။ သို့သော် အခုချိန်မှာတော့ သူမ ကျန်းဟန်ကို ဆက်ဆံပုံမှာ အခြားသူများအားဆက်ဆံပုံနှင့် မတူသည်ကို သူမသိသည်။ မဟုတ်ပါက ကျန်းဟန်ကို စိတ်ဆိုးဒေါသထွက်မည်မဟုတ်ချေ။

ဇီယန် ခေါင်းခါလိုက်ပြီး သည်အကြောင်းတွေကို ဆက်မတွေးတော့။ မုန့်မုန့်နှင့် ခဏတာ ကစားပြီးနောက် အနားယူချိန်ရောက်လာသည်။

မုန့်မုန့်အိပ်ယာမဝင်မီတွင် သူမလေးသည် မိသားစုလိုက်လျှောက်လည်ရမည်ကို မျှော်လင့်နေဆဲဖြစ်သည်။ မုန့်မုန့် တခစ်ခစ်ရယ်နေပြီး သူမလေး၏ စိတ်လှုပ်ရှားနေသည့် အမူအရာကို ကြည့်ရုံဖြင့် ဒါကို သိနိုင်သည်။

ဖေဖေ နဲ့ မေမေက သူမနဲ့ အတူလိုက်ပါပြီး ဆော့ကစားသည့်အချိန်များသည် သူမလေး၏ အပျော်ဆုံးအချိန်များပင်ဖြစ်သည်။

ည ၁၁ နာရီထိုးခါနီးတွင် ကျောက်ခိုင်သည် စားသောက်ဆိုင်၏ မတူညီသော အတွင်းပိုင်း သရီးဒီပုံ ငါးခုကို ကျန်းဟန်ထံသို့ ပို့လိုက်သည်။ ကျန်းဟန် အကြိုက်ဆုံးတစ်ခုကို ရွေးလိုက်ပြီးနောက် မနက်ဖြန်တွင် ပြင်ဆင်မွမ်းမံခြင်း စတင်တော့မည်ဖြစ်ကောင်း ကျောက်ခိုင် က ပြန်လည်ပြောကြားခဲ့သည်။

ညသည်ကား စကားသံများ ကင်းမဲ့နေခဲ့သည်။

နောက်တစ်နေ့ မနက် ၉ နာရီတွင် ကျန်းဟန် မြေယာဌာနအဓိကဝင်ပေါက်သို့ အချိန်ကိုက် ရောက်လာသည်။

“ကြိုဆိုပါတယ် မစ္စတာကျန်း” လျူမုံ့က ကျန်းဟန်ကို အပြုံးများပြည့်နှက်နေသည့်မျက်နှာဖြင့် ကြိုဆိုလိုက်သည်။

“အင်း” ကျန်းဟန် အသာအယာခေါင်းညိတ်ပြလိုက်၏။

“လာ အထဲကိုဝင်ခဲ့ပါဗျ”

လျူမုံ့ အပြုံးလေးဖြင့် “ကျွန်တော်ခင်များကို စာချုပ်ချုပ်ဖို့ အခုခေါ်သွားပေးပါ့မယ်” ဟု ပြောလိုက်သည်။

ပြောပြီးသည်နှင့် လျူမုံ့သည် ကျန်းဟန်၏ရှေ့မှ ဦးဆောင်ခေါ်သွားသည်။ သူတို့ ရုံးခန်းတစ်ခုအရှေ့သို့ရောက်ချိန်တွင် လျူမုံ့၏အမူအရာမှာ ခဏရပ်တန့်သွားပြီး သူ၏ခေါင်းကိုလှည့်ကာ ညင်သာစွာပြောလိုက်သည်။

"မစ္စတာကျန်း ခင်များနဲ့စာချုပ်ချုပ်မဲ့သူက ဒါရိုက်တာဝမ်, ဝမ်ချီရှန်ပါ။ သူက လခြမ်းပင်လယ်ကွေ့ပတ်ဝန်းကျင်က မြေယာတာဝန်ခံပါ။ သူရဲ့စိတ်သဘောထားကတော့ သိပ်မကောင်းဘူး။ ဒါကြောင့် သူ ကြမ်းကြမ်းတမ်းတမ်း စကားလုံးတွေပြောခဲ့ရင် မစ္စတာကျန်းက သူ့ကိုနည်းနည်းလောက် ခွင့်လွှတ်ပေးပါ"

"အင်း" ကျန်းဟန် ပျင်းတွဲစွာတုံ့ပြန်လိုက်သည်။

လျူမုံ့တံခါးခေါက်လိုက်ပြီးနောက် သူသည်နေရာတွင်ပင်ရပ်နေလိုက်ပြီး တိတ်ဆိတ်စွာစောင့်နေလိုက်သည်။

တစ်မိတစ်နီးပါးစောင့်လိုက်ပြီးနောက် ရုံးခန်းအတွင်းမှ ချောင်းဟန့်သံကြားလိုက်ရပြီး “ဝင်ခဲ့” ဟု အသံထွက်လာ၏။

တံခါးဖွင့်လိုက်ပြီးနောက် ချက်ချင်းပင် ရုံးခန်းအတွင်းမှ အသက်နှစ်ဆယ်ကျော်အမျိုးသမီးတစ်ယောက် မျက်နှာနီမြန်းလျက် ထွက်လာသည်ကို တွေ့လိုက်ရသည်။

“ဟားဟား” ကျန်းဟန် ရယ်လိုက်သည်။ သည်ဒါရိုက်တာဝမ်မှာ သေချာပေါက် အထန်ကောင်ဖြစ်ပေသည်။

ရုံးခန်းထဲဝင်လိုက်ပြီးနောက် ရုံးခန်းစားပွဲတွင် ထိုင်နေသော ဝမ်ချီရှန်ကို တွေ့လိုက်ရသည်။ ဝမ်ချီရှန်သည် အသက်လေးဆယ်ကျော် လူလတ်ပိုင်းတစ်ဦးဖြစ်သည်။ ထိပ်ပြောင်ပြောင်နှင့် မျက်နှာမှာ သေးငယ်ပြီး မျက်မှန်တပ်ထားသည်။

“ပြော”

ဝမ်ချီရှန်သည် အေးစက်စွာပြောလိုက်သည်။ သူ၏လေသံအရ သူ၏ရုံးခန်းသို့လာသောသူများကို မကြိုဆိုကြောင်း သိနိုင်သည်။

လျူမုံ့၏အမူအရာမှာ ကသိကအောက်ဖြစ်သွားပြီး လေသံတိုးတိုးဖြင့်

“ဒါရိုက်တာဝမ် ကျွန်တော်မနေ့က ပြောခဲ့တဲ့ကိစ္စပါ။ မစ္စတာကျန်းက စာချုပ်ချုပ်ဖို့လာခဲ့တာပါ”

“အင်း” ထိုစကားကိုကြားတော့ ဝမ်ချီရှန်မှာ ခေါင်းပင်မော့မကြည့်သလို ကျန်းဟန်ကိုတစ်ချက်ကလေးမှလည်း ကြည့်ရန်စိတ်မဝင်စားပေ။ သူ့ရုံးခန်းစားပွဲပေါ်ရှိ ကွန်ပြူတာနှင့် အလုပ်ရှုပ်နေရင်း အေးစက်စွာပြောလိုက်သည်။

“ငါအလုပ်ပြီးသွားရင် ဒီအကြောင်းပြောတာပေါ့”

“ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ” လျူမုံ့ သူ၏ခေါင်းကို အထပ်ထပ်ညိမ့်လိုက်သည်။

ကျန်းဟန်ကို အနည်းငယ်တောင်းပန်သည့်အကြည့်ဖြင့် ကြည့်လိုက်ပြီးနောက် သူတို့နှစ်ဦး ဘေးနားရှိ ဆိုဖာပေါ်တွင် ထိုင်လိုက်ကြသည်။

မိနစ်သုံးဆယ်ခန့်ကြာပြီးနောက် ဝမ်ချီရှန် ခေါင်းမော့လိုက်သည်။ သူသည် ကျန်းဟန်ကို ပထမဆုံးအကြိမ် အနည်းငယ် ကြည့်လိုက်ပြီး အံဆွဲထဲမှ စာရွက်စာတမ်းတစ်ပုံတစ်ပင်ကြီးကို ဆွဲထုတ်လိုက်ကာ စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

"စာရွက်စာတမ်းတွေ ဒီမှာရှိတယ်။ ငွေစာရင်းဌာနကိုသွားပြီး ငွေအရင်လွှဲပြီးမှ စာရွက်စာတမ်းတွေကို တံဆိပ်တုံးထုဖို့ ငါ့ရုံးခန်းကိုလာခဲ့"

"ဟုတ်ကဲ့ပါ" လျူမုံ့သည် သူ၏ကိုယ်ကို အနည်းငယ်ငုံ့ကာ စာရွက်စာတမ်းများကို ယူကပြီး ကျန်းဟန်ကို အချက်ပြ၍ ရုံးခန်းထဲမှထွက်လာခဲ့သည်။

ကျန်းဟန် မတ်တပ်ထရပ်လိုက်ပြီး ဝမ်ချီရှန်ကို အနည်းငယ်မကျေမနပ်စိုက်ကြည့်လိုက်သည်။

စာရွက်စာတမ်းတွေ ထုပ်ပေးလိုက်ရုံလေးကို ဒီလူက မိနစ်သုံးဆယ် အချိန်ဖြုန်းပစ်လိုက်သည်။ ဘယ်လောက်စိတ်ဝင်စားဖို့ ကောင်းသည့်လူလဲ။ အကယ်၍ ကျင့်ကြံခြင်းကမ္ဘာတွင်ဖြစ်ခဲ့ပါ ဤလူသည် တစ်ရက်ထက်ပိုပြီး အသက်ရှင်နိုင်မည်မဟုတ်ပေ။

"မစ္စတာကျန်း ကျွန်တော်တောင်းပန်ပါတယ်"

ရုံးခန်းတံခါးအပြင်ဘက်တွင် လျှူမို့သည် ကိုးရိုးကားယားပြုံးလိုက်သည်။

"ငွေသွားလွှဲလိုက်ကြအောင်" ကျန်းဟန်က ပျင်းရိစွာပင် ပြန်ပြောလိုက်သည်။

ငွေစာရင်းဌာနတွင် ဘဏ်ကတ်ကို ပွတ်ဆွဲကာ ယွမ် ၁၀ သန်း နှုတ်ယူလိုက်ပြီးနောက် ငွေစာရင်းဌာနတံဆိပ်ခေါင်းအနည်းငယ်ကို စာရွက်စာတမ်းများတွင် ထုခဲ့သည်။ သို့သော် ဒါရိုက်တာဝမ်၏ရုံးခန်းသို့ ပြန်သွားသည့်အချိန်တွင်

ဒါရိုက်တာဝမ်
ကိုယ်တိုင်မှာပျောက်နေသည်ကိုတွေ့လိုက်ရသည်။

မိနစ် ၃၀ စောင့်လိုက်ပြီးနောက် ဒါရိုက်တာဝမ်သည် စိတ်လှုပ်ရှားစွာ ရုံးခန်းထဲသို့ ပြန်ဝင်လာသည်ကို တွေ့ရသည်။

“ဒါရိုက်တာဝမ် ငွေစာရင်းဌာနမှာ ငွေလွှဲပြီးပါပြီ။ ကျန်တာအားလုံးက ခင်များ စာရွက်စာတမ်းတွေကို တံဆိပ်တုံးထုဖို့ စောင့်နေတာပါ” လျူမုံ့သည် အပြုံးလေးဖြင့် အမြန်အထရပ်လိုက်၏။

“အင်း။ လာခဲ့” ဝမ်ချီရှန်သည် သူ၏နှာခေါင်းကိုသုံးပြီး စကားပြောနေပုံရ၏။ ၎င်းက ကြားရသူများအား စိတ်မချမ်းသာဖြစ်စေသည်။

ဝမ်ချီရှန် ရုံးခန်းထဲသို့ဝင်ပြီး စာရွက်စာတမ်းများကို တံဆိပ်တုံးထုသည်။ ပြီးသွားသောအခါ စာရွက်စာတမ်းများကိုယူကာ ကျန်းဟန်ဆီသို့လှမ်းကြည့်ကာ

“မင်းက မစ္စတာကျန်းလား”

"ခင်ဗျား ဒီလောက်ထင်ထင်ရှားမြင်နေတာကို သိရဲ့သားနဲ့မေးနေတာလား" ကျန်းဟန်၏ မျက်ခွံများမှာ အနည်းငယ်မျှပင် မြင့်တက်မလာချေ။

"အမ်" ဝမ်ချီရှန်၏အမူအရာမှာ ပျက်ရွင်းသွားသည်။ ဒေါသမီးတောက်များက သူ၏မျက်နှာတွင် ဖုံးလွှမ်းသွား၏။

လျှုမုံ၏မျက်နှာမှာ ဖြူဖျော့သွားပြီး ကျန်းဟန်ကို အလျင်အမြန် အချက်ပြလိုက်သည်။ သို့သော် ကျန်းဟန် သည် သူ့ကိုဂရုမစိုက်ပဲ ဝမ်ချီရှန်ကို ကြည့်ကာ မကျေမနပ်လေသံဖြင့်

"သောက်အဖိုးကြီး ဘာသောက်ပိုလျှောက်လုပ်နေတာလဲ။ ကျုပ်ကို မြန်မြန်စာချုပ်ပြီးအောင်လုပ်ပေးစမ်းပါ"

ဝမ်ချီရှန်သည် ကျန်းဟန်ကို စိုက်ကြည့်ပြီး ဒေါသတကြီးဖြင့် "မင်း ဘာပြောလိုက်တာလဲ"

"ခင်ဗျား နားလေးနေလား" ကျန်းဟန် ဝမ်ချီရှန်၏နားရွက်ဆီသို့ စိတ်ရှုပ်သည့်အမူအရာဖြင့်ကြည့်ကာ " ခင်ဗျားအမြင်တွေက ဆိုးနေပြီးသားကို ခင်းဗျားရဲ့နားတွေပါ

ကောင်းကောင်း အလုပ်မလုပ်ရင်တော့...ကျွတ်...ကျွတ်.... စိတ်မကောင်းစရာပဲ"

"ကောင်လေး မင်းငါ့ကိုပြောနေတာလား"

ဝမ်ချီရှန်သည် ပေါက်ကွဲလုနီးပါးဖြစ်နေပြီ ဖြစ်သည်။

လျှုမ့်မှာ အလွန်ထိတ်လန့်နေပြီး မည်သည့်စကားမှဝင်မပြောရဲချေ။

သို့သော်လည်း အခြားတစ်ဖက်တွင် ကျန်းဟန်သည် မတ်တပ်ထရပ်ပြီး ရုံးခန်းစားပွဲရှေ့သို့ လျှောက်သွားကာ ဝမ်ချီရှန်၏လက်ထဲမှ စာချုပ်ကို ဆွဲယူလိုက်သည်။ ဝမ်ချီရှန်ကို ခဏကြာအောင် စိုက်ကြည့်ပြီး "ခင်များရဲ့ အောက်ခံဘောင်းဘီ အောက်ကျနေတယ်" ဟု ပြောလိုက်သည်။

(အောက်ခံဘောင်းဘီကျနေတယ်ဆိုတာက တော်တော်အချိန်ဖြုန်းတာပဲ သောက်ပိုတွေလျှောက်လုပ်နေတယ် လို့လည်း အဓိပ္ပာယ်ကောက်လို့ရတဲ့ တရုတ်အသုံးအနှုန်း တစ်ခုဖြစ်ပါတယ်)

"မင်း" ဝမ်ချီရှန်သည် တုန်ရီနေသော သူ၏လက်ချောင်းဖြင့် ကျန်းဟန်ကို လက်ညှိုးထိုးလိုက်သည်။

ဝမ်ချီရှန်သည် မြင့်မားသောရာထူးဖြင့် ကျင့်သားရနေပြီဖြစ်ပြီး သူနှင့်တွေ့ဆုံသည့်သူတိုင်းမှာ သူ့အားအမြဲလေးစားမှုရှိခဲ့သည်။ အရင်က သူနှင့် စကားများရန်ဖြစ်ဖူးသူ မရှိပေ။ အခုချိန်မှာတော့ သူသည် ဘာပြောလို့ပြောရမှန်းမသိလောက်အောင် ဒေါသထွက်နေခဲ့သည်။

"စကားလုံးတွေတောင် နားမလည်နိုင်ပဲနဲ့ ခင်ဗျား ဘယ်လိုများ ဒါရိုက်တာဖြစ်လာတာလဲ" ကျန်းဟန် ခေါင်းယမ်းကာ သက်ပြင်းဖြစ်သည်။

ထို့နောက် ဝမ်ချီရှန်၏ခြေရင်းကြမ်းပြင်ကို လက်ညှိုးထိုးပြကာ "ခင်ဗျားရဲ့ အောက်ခံဘောင်းဘီ အောက်ကျနေတယ်လို့ ကျုပ်ပြောသားပဲ။ ခင်ဗျားက လူကြီးဖြစ်နေပြီ ဘယ်လိုမှ ဂရုမစိုက်နိုင်တော့ဘူးလား။ အချစ်ကိစ္စတွေမှာ တစ်ဖက်လူရဲ့ အောက်ခံဘောင်းဘီကို

စုဆောင်းရတာ ဝါသနာပါရင်တောင် အဲ့ဟာတွေကို စနစ်တကျသိမ်းထားဖို့လိုတယ်မလား။ ဒီတိုင်းကြမ်းပြင်ပေါ် ပြီးစလွယ်ပစ်ထားလိုက်ရင် အဲ့ဒါကိုတခြားသူတွေမြင်သွားပြီး ခင်ဗျားရဲ့ ဒါရိုက်တာဆိုတဲ့ ဂုဏ်သတင်းက သွားတော့မှာပဲ”

ငင်းကိုကြားလိုက်ရသည်နှင့် ဝမ်ချီရှန် ခေါင်းငုံ့ကာတစ်ချက်ကြည့်လိုက်သည်။ သူ၏ခြေထောက်နားက ဇာအောက်ခံဘောင်းဘီကို တွေ့တော့ သူ၏မျက်နှာ ချက်ချင်းနီရဲလာပြီး ထိတ်လန့်တကြားဖြစ်သွားသည်။

“ဒီစာချုပ်က လက်မှတ်ထိုးပြီးပြီမလား”

ကျန်းဟန်ပြုံးလိုက်သည်။ ဤဝမ်ချီရှန်သည် ထိုကဲ့သို့သော စိတ်ဓာတ်အရည်အသွေးနှင့် ဒါရိုက်တာတစ်ယောက်ဖြစ်လာခဲ့သည်လား။ ဝမ်ချီရှန်က အဆက်အသွယ်များကို သုံးကာ အနောက်တံခါးက ဝင်လာသည်မှာ ဖြစ်နိုင်ချေများသည်။

“ထိုးပြီးပါပြီ” ဝမ်ချီရှန် အလိုလိုပြန်ဖြေမိသွားသည်။

ထိုစကားကိုကြားပြီးနောက် ကျန်းဟန်သည် စာချုပ်ကိုယူကာ ထွက်ခွာသွားသည်။ ထွက်သွားချိန်တွင် ခေါင်းတစ်ချက်ပင် ပြန်လှည့်မကြည့်ချေ။

လျူမုံ့သည်တော့ ကျွန်တော်ဘာမှမမြင်လိုက်ပါဘူး။ ဘာမှလည်းမကြားလိုက်ပါဘူး... ဟုပြောနေသကဲ့သို့ သူ၏ခေါင်းကို ငုံ့ထားလိုက်ပြီး ကျန်းဟန်နောက်သို့လိုက်ကာ ဒါရိုက်တာဝမ်ရုံးခန်းမှ ထွက်သွားသည်။

“မစ္စတာကျန်း ခင်ဗျားရဲ့ သောက်ဂရုမစိုက်ချက်ကတော့ လက်လန်တယ်” လျူမုံ့က ခါးသီးသည့်အပြုံးဖြင့်ပြောသည်။

“အောက်ခံဘောင်းဘီသာ ရှာမတွေ့ခဲ့ဘူးဆိုရင် ဒီနေ့ ခင်ဗျားရဲ့ စာချုပ်ကိစ္စက ပျက်စီးသွားလိမ့်မည်ထင်တယ်။ ဒါပေမဲ့ ဒါရိုက်တာဝမ် စိတ်တည်ငြိမ်သွားရင်တော့ သူ့ရဲ့သေးသိမ်တဲ့စိတ်သဘောထားကြောင့် ခင်ဗျားအတွက်အခက်အခဲ ဖြစ်လာနိုင်တယ်”

“ကျုပ်ကို ခက်ခဲအောင်လုပ်မှာလား”

ကျန်းဟန်၏အမူအရာမှာ တည်ငြိမ်အေးဆေးနေပြီး

"သူလာပြီးတော့ ကျုပ်အတွက်ခက်ခဲတဲ့အရာတွေ လုပ်ပါစေ"

"ဒါက…"

လျူမို့ အကူအညီမဲ့စွာ သက်ပြင်းချလိုက်သည်။ ကျန်းဟန်ထံမှ ထူးခြားသည့် အရှိန်အဝါကို ခံစားပြီး ကျန်းဟန်သည် ဒါရိုက်တာဝမ်ကို လုံးဝမကြောက်ကြောင်း သူခံစားမိသည်။ ထို့ကြောင့် ကျန်းဟန်သည် လူမှုဆက်ဆံရေးအနည်းနှင့်အများတော့ ရှိသင့်သည်ဟု သူထင်သည်။ ဒါရိုက်တာဝမ်ကို စော်ကားပြီးနောက်တွက် လခြမ်းတောင်ကို ငှားရမ်းခဲ့သည့် ကျန်းဟန်သည် ယခုအခါ အခွင့်မသာသောဘက်တွင် ရပ်နေခဲ့သည်။

အကယ်၍ ကျန်းဟန်သည် လျူမို့၏အတွေးများကို သိပါက  အဆုံးမရှိလှောင်ပြောင်နေမည်မှာ သေချာသည်။

ဘယ်လိုကြောင့် သူကဲ့သို့ ဟန်ယန်အင်မော်တယ်ကေရာဇ်က ဒါရိုက်တာဝမ်ကို ကြောက်ရွံ့ရမည်နည်း။

လျူမို့သည် ပင်မဝင်ပေါက်ဆီသို့ ကျန်းဟန်ရောက်တော့မည်ကို မြင်လိုက်သည်။ ကျန်းဟန် ကားထဲအဝင်ခင် လျူမို့ ပြုံးပြီးပြောလိုက်သည်။

"မစ္စတာကျန်း အခုစပြီး တစ်နှစ်လောက် လခြမ်းတောင်က ခင်ဗျားအတွက် ဖြစ်သွားပြီ။ တောင်ပေါ်မှာ တစ်ချို့အပင်တွေစိုက်လို့ရပေမဲ့ စိုက်ထားတဲ့ဟာတွေကို ကိုယ့်ဟာကိုယ်ပဲ ဂရုစိုက်ရလိမ့်မယ်။ တကယ်တော့ လခြမ်းတောင်ကို ကြိုက်တဲ့ တောင်တက်သမားက နည်းနည်းပဲရှိတယ်"

"ကျွန်တော်နားလည်ပါတယ်" ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

ကျန်းဟန်သည် မဆင်မခြင်လုပ်တတ်သည့် ချာတိတ်လေးမဟုတ်ပေ။ လခြမ်းတောင်ကို အလျင်အမြန်

ပြန်လည်တည်ဆောက်နိုင်ရန် ငှားထားသည့် လခြမ်းတောင်ပေါ်သို့ အလျှင်စလို မတက်ခဲ့ချေ။ ထိုအစား ပြင်ဆင်မွမ်းမံနေသည့် စားသောက်ဆိုင်သို့ အရင်ဦးစွာ သွားခဲ့သည်။

စားသောက်ဆိုင်သို့မရောက်မီ အဝေးမှ ဆိုင်၏အပြင်ဘက်တွင် ကုန်ပစ္စည်းများတင်ဆောင်ထားသည့် ထရပ်ကားနှစ်စီးကို တွေ့လိုက်သည်။

သူစားသောက်ဆိုင်ထဲကို လျှောက်သွားသည့်အချိန်တွင် ကျောက်ခိုင်က ကျန်းဟန်ဆီကို ချက်ချင်းရောက်လာပြီး လှိုက်လှိုက်လှဲလှဲကြိုဆိုသည်။

စားသောက်ဆိုင်သည် အလုပ်သမားများလက်ချက်ဖြင့် ကွဲပြားခြားနားနေပြီဖြစ်သည်။ ပထမထပ်သည် ယခုအခါ ကျယ်ဝန်းသော ညှော့ခန်းဖြစ်နေပြီး ဒုတိယထပ်သည်တော့ အပြောင်းအလဲများစွာပြုလုပ်ထားခြင်းမရှိပေ။ ဖြိုချသင့်သည့်အရာများက ပြိုကျနေပြီဖြစ်သည်။

ဒုတိယထပ်တွင် အလုပ်လုပ်နေသည့် အလုပ်သမား ငါးယောက်ရှိသည်။

တစ်ပတ်အတွင်း ပြင်ဆင်မွမ်းမံမှုပြီးစီးရန် လူအင်အားများစွာ လိုအပ်သည်။

ပထမထပ်တွင် အလုပ်သမား ၈ ယောက်သည် စားသောက်ဆိုင်ကို ပြင်ဆင်နေသည်။ ကျန်းဟန် အနားတွင် ရပ်ပြီး တိတ်ဆိတ်စွာကြည့်နေသည်။

အရှေ့ဘက်စွန်းတွင် ကျွမ်းကျင်အလုပ်သမားတစ်ယောက်သည် တီဗီကပ်နံရံအတွက် ကျောက်စိမ်းရုပ်တစ်ခုကို ထွင်းထုနေသည်။ အနောက်ဘက်တွင် အလုပ်သမားအချို့သည် မီးဖိုချောင်အတွက် ကြမ်းခင်းကြွေပြားနှင့် အုတ်နံရံကို စတင်ခင်းကျင်းနေကြသည်။

လိုအပ်သောကြွေပြားအရေအတွက်နှင့် ဖြတ်တောက်ရန်လိုအပ်သော နေရာများအားလုံးကို

နေ့ခင်းဘက်တွင် ပြီးစီးအောင် လုပ်ဆောင်ကြသည်။ ညရောက်သောအခါ နေ့ခင်းပိုင်းအလုပ်သမားများနှင့် အလုပ်သမားအသစ်များ လဲလှယ်ကြ၏။ ကျန်းဟန်သူတို့အလုပ်ချိန်ကို စောင့်ကြည့်နေသည်။

ညနေ ၃ နာရီတွင် ကျန်းဟန် မတ်တပ်ရပ်လိုက်ပြီး ထွက်သွားသည်။

"အချိန်ကျပြီ"

ဂျစ်ကားပေါ်တွင်ထိုင်ရင်း ကျန်းဟန်၏အကြည့်များသည် လခြမ်းတောင်ရှိရာဆီသို့ လှမ်းကြည့်လိုက်ပြီး သူ၏နှုတ်ခမ်းထောင့်တွင် အပြုံးတစ်ခုချိတ်ဆွဲထားသည်။

ကား၏အရှိန်မှာ အလွန်လျင်မြန်လွန်းလှသည်။ ၁၀ မိနစ်အတွင်း ကျန်းဟန်သည် လခြမ်းတောင်သို့ရောက်ရှိနေပြီဖြစ်သည်။ မိနစ် ၂၀ လမ်းလျှောက်ပြီးနောက် ကျန်းဟန်သည် တောင်ထိပ်သို့ရောက်ရှိခဲ့သည်။

တောက်ပသောလရောင်အောက်တွင် လခြမ်းတောင်တန်းသည် အလွန်တိတ်ဆိတ်အုံ့မှိုင်းနေသည်။ ကျန်းဟန်၏အကြည့်သည် ပတ်ဝန်းကျင်ကို နောက်ဆုံးအကြိမ် ဆန်းစစ်ကြည့်လိုက်သည်။

သူ၏စိတ်ထဲတွင်တော့ တောင်ကိုမည်သို့ ပြန်လည်တောက်ဆောက်ချင်သည်ကို ရှင်းလင်းစွာသိထားပြီးသားဖြစ်သည်။

"စလိုက်ကြစို့"

ကျန်းဟန် အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး ကျောက်စိမ်းရောင် အပ်ချောင်းပုံစံ ယန်-မိုးကြိုးသစ်ပင်ကို သူ၏နားအတွင်းမှ ထုတ်ယူလိုက်ပြီး သွေးကြောထဲသို့ ထိုးစိုက်လိုက်သည်။ ယန်-မိုးကြိုးသစ်ပင်ကို သွေးကြောထဲ ထိုးစိုက်လိုက်သည်နှင့် ၎င်းသည် သူ၏သွေးများကို စတင်စုပ်ယူတော့သည်။ သွေးပမာဏအမြောက်အများ ဆုံးရှုံးလိုက်ပြီးနောက် ကျန်းဟန်၏အသားအရေမှာ အလွန့်အလွန်ဖြူဖျော့လာသည်။ သို့သော်လည်း

သူ၏မျက်လုံးများအတွင်း၌ တည်ငြိမ်နေဆဲဖြစ်ပြီး တုန်လှုပ်ခြင်းမရှိပေ။

ယန်မိုးကြိုးသစ်ပင် သွေးအလုံအလောက်စုပ်ယူပြီးနောက် ကျန်းဟန်သည် ယန်မိုးကြိုးသစ်ပင်နှင့် သူ၏ဆက်သွယ်မှုသည် ပိုမိုနက်ရှိုင်းလာသည်ကို ခံစားလိုက်ရသည်။ ထို့ကြောင့် သူသည် ကျောက်စိမ်းရောင် ယန်မိုးကြိုးသစ်ပင်ကို သူ၏သွေးကြောအတွင်းမှ ထုတ်ယူလိုက်သည်။

"သွား"

ကျန်းဟန် သူ၏လက်ချောင်းများကိုပွတ်ဆွဲလိုက်ပြီး ယန်မိုးကြိုးသစ်ပင်ကို သူ့ခြေဖဝါးအောက်ရှိ မြေပြင်ပေါ်သို့ ပစ်ထည့်လိုက်သည်။

"ဝုန်း....ဝုန်း...ဝုန်း"

လခြမ်းတောင်တန်းကြီးတစ်ခုလုံး စတင်တုန်ဟီးလာသည်။

တုန်ဟီးသံကြီးသည် အလွန်ကျယ်လောင်သောကြောင့် လခြမ်းပင်လယ်ကွေ့ရှိလူများသည်ပင် တုန်ဟီးသံအနည်းငယ်ကို ကြားနိုင်ပေသည်။

"ပေါင်းစပ်"

ကျန်းဟန် သူ၏မျက်လုံးများကို ပိတ်လိုက်သည်။ သူ၏ခြေဖဝါးအောက်မှာ အရောင်ဖျော့ဖျော့ အလင်းတန်းများသည် အပေါ်သို့အဆက်မပြတ် လွင့်မျောလာပြီး ကျန်းဟန်၏ဦးခေါင်းတွင် ပေါင်းစည်းသွားသည်။

လောလောဆယ်တွင် ကျန်းဟန်၏ အသိစိတ်သည် ယန်မိုးကြိုးသစ်ပင်နှင့်ပေါင်းစပ်ထားသည်။ ကျန်းဟန်၏အတွေးများကို ဖြတ်သန်းသွားပြီးနောက် ယန်မိုးကြိုးသစ်ပင်သည် စတင်လည်ပတ်ခဲ့သည်။

မြေပြင်အထက်တွင် မည်သည့်အရိပ်အယောင်မျှမမြင်နိုင်ပေ။ သို့သော် မြေကြီးအတွင်းထဲ၌ အပ်တစ်ချောင်းကဲ့သို့ ကျောက်စိမ်းရောင်

ယန်မိုးကြိုးသစ်ပင်သည် တိတ်ဆိတ်စွာဖြင့် အပြင်းအထန်ပြောင်းလဲနေ၏။

တစ်စုံတစ်ယောက်သည် ဖြစ်ပျက်နေသည်များကို မြင်နိုင်ပါက ယန်မိုးကြိုးသစ်ပင်၏ ကျောက်စိမ်းရောင်က မှေးမှိန်သွားကာ ပုံမှန်သစ်ပင်တစ်ပင်ပိုင်ဆိုင်သည့် ပြာပုံကဲ့သို့ ညိုညစ်ညစ်မွဲခြောက်ခြောက်အရောင်သို့ ပြောင်းလဲသွားသည်ကို မြင်နိုင်မည်ဖြစ်သည်။ ထိုနောက်တွင်တော့ အမွေးအမျှင်များကဲ့သို့ သစ်မြစ်များက အပြင်ဘက်သို့ ပြန့်ကျဲလာသည်။

တဖြည်းဖြည်းနှင့် အမွေးအမျှင်များနှင့်တူသည့် သစ်မြစ်များသည် လက်ချောင်းတစ်ချောင်းကဲ့သို့ ထူထဲလာကာ နောက်ဆုံးတွင် စည်ပိုင်းကဲ့သို့ထူထဲသည်အထိ ကြီးထွားလာခဲ့သည်။ ထိုအချိန်တွင် ယန်မိုးကြိုးသစ်ပင်၏ အချင်းသည် ၃ မီတာသို့ရောက်ရှိသွားသည်။

သစ်မြစ်များသည် အဆက်မပြတ်ကျူးကျော်ဝင်ရောက်ကာ လခြမ်းတောင်ကို

စိုးမိုးသိမ်းပိုက်ခဲ့သည်။ လခြမ်းတောင်တစ်ခုလုံးကို သိမ်းပိုက်ပြီးနောက် ယန်မိုးကြိုးသစ်ပင် အထက်သို့ စတင်ကြီးထွားလာခဲ့သည်။

"ခရက်...ခရက်..."

အချင်း ၃ မီတာရှိသော ယန်-မိုးကြိုးသစ်ပင်သည် ကျွန်းဟန်၏ ရှေ့ရှိ မြေပြင်မှ ဖောက်ထွက်သွားသည်။

၅ စက္ကန့်အတွင်းမှာပင် ယန်မိုးကြိုးသစ်ပင်သည် မီတာ ၃၀ အထိ ကြီးထွားလာသည်။

နောက်ထပ် ၅ စက္ကန့်တွင် ယန်မိုးကြိုးသစ်ပင်၏ အကိုင်းအခက်များသည် ပွင့်လန်းနေသော ပန်းတစ်ပွင့်ကဲ့သို့ အပြင်ဘက်သို့ ပြန့်ကားလာသည်။

အလွန်လျင်မြန်စွာပင် ယန်မိုးကြိုးသစ်ပင်၏ ပင်စည်သည် ကြီးထွားမှုပြီးဆုံးသွားသည်။ အကယ်၍ အဝေးမှာ မတ်တပ်ရပ်နေလျှင် လခြမ်းတောင်ထိပ်ရှိ ဤယန်-မိုးကြိုးသစ်ပင်သည် ဂိမ်းတစ်ခုအတွင်းမှ ကမ္ဘာ့သစ်ပင်တစ်ပင်နှင့် တူနေသည်ကို တွေ့နိုင်ပေမည်။

-C 18 End

wunzinnosp

## အခန်း(၁၉) နယ်မြေပြန်လည်မွမ်းမံခြင်း

ယန်မိုးကြိုးသစ်ပင် ကြီးထွားလာပြီးသည့်အချိန်တွင် ၎င်း၏အမြစ်များသည် လခြမ်းတောင်တစ်ခုလုံးကို သိမ်းပိုက်သွားမည်ဖြစ်သည်။ သို့သော် ယခု အချိန်တွင် ကိုယ်ပိုင်နယ်မြေကို ပြန်လည်တည်ဆောက်ရေး စတင်နေပြီဖြစ်သည်။

လခြမ်းတောင်၏အလယ်ဗဟိုရှိ ကျဉ်းမြောင်းသောနေရာလေးတစ်ခုတွင် ကျွန်းဟန်လိုအပ်သော စိတ်ဝိညာဉ်ရေကန်လေးတစ်ခုရှိသည်။

ထို့ကြောင့် ယန်မိုးကြိုးသစ်ပင်၏အမြစ်များသည် အဆက်မပြတ်တုန်ခါသွားသည်မှာ ရေဘဝဲတစ်ကောင် သူ၏လက်တံများကို ဝှေ့ယမ်းလိုက်သည်နှင့် တူနေသည်။

သစ်မြစ်များသည် ယန်မိုးကြိုးသစ်ပင်အောက်သို့ ရွှေ့လျားသွားကြသည်။ အခြားသစ်မြစ်များသည် မြေအောက်လိုက်ခေါင်းများဖွင့်ထားသကဲ့သို့ ၎င်းတို့သည် မြေအောက်အတွင်း၌ အကြွင်းမဲ့တုန်ခါနေကြသည်။ မကြာမီတွင် လခြမ်းတောင်အတွင်းပိုင်း၌ အကွေ့အကောက်များဖြင့် စကြိုန်ပုံသဏ္ဍာန်နေရာတစ်ခုကို တည်ဆောက်ခဲ့သည်။

“စုပ်ယူစမ်း”

ယန်မိုးကြိုးသစ်ပင်၏ အကိုင်းအခက်တစ်ခုသည် စိတ်ဝိညာဉ်ရေကန်ထဲသို့ တိုးဝင်သွားပြီး စိတ်ဝိညာဉ်ရေများကို စုပ်ယူသည်။

ပြီးနောက် ကွေ့ကောက်သောစကြိုန်ပုံစံလှိုင်ဂူအတွင်းရှိ သစ်မြစ်များသည် ရုတ်တရက် ရေများပန်းထွက်လာသည်။

ခဏအကြာတွင် ကွေ့ကောက်သောစကြိုန်ပုံစံလှိုင်ဂူကြီးတစ်ခုလုံး စိတ်ဝိညာဉ်ရေများဖြင့် ပြည့်နှက်သွားသည်။ ယန်-

မိုးကြိုးသစ်ပင်အောက် သစ်မြစ်များအကြားမှ ရေများ ဖြည်းညှင်းစွာ ကျဆင်းလာသည်။ ရေစက်လေးများသည် နို့နှစ်ရောင်ရှိပြီး တောက်ပြောင်နေသည်။

ဤရေသည် စိတ်ဝိညာဉ်ရတနာအဖြစ်ရပ်တည်နေသည့် သန့်စင်သောယန်ရေစင်ဖြစ်သည်။

“မြင့်တက်စမ်း” ကျန်းဟန်၏နှုတ်မှ စကားတစ်ခွန်းထွက်လာသည်။

ချက်ချင်းပင် ယန်မိုးကြိုးသစ်ပင်သည် စတင်လည်ပတ်သည်။ လခြမ်းတောင်ထိပ်တွင် မတ်စောက်သော မြေပြင်များအားလုံးသည် အပေါ်သို့ကြွတက်လာသည်။ ချောချောမောမောပြီးသွားသည်နှင့် အားလုံးရပ်တန့်သွားသည်။

လခြမ်းတောင်သည် စတင်တုန်ခါလာပြီး မြေပြင်သည် အထက်သို့ ၃ မီတာမြင့်တက်လာပြီး ၃ မီတာမြင့်သည့် သေးငယ်မတ်စောက်သောချောက်ကမ်းပါးတစ်ခုဖြစ်လာသည် ။

လခြမ်းပင်လယ်ကွေ့သို့သွားရာ လမ်းမသည်တော့ မည်သို့မျှပြောင်းလဲခြင်းမရှိပေ။

ကျန်းဟန် သေးငယ်မတ်စောက်သောချောက်ကမ်းပါးကို ပြုလုပ်ရခြင်း အကြောင်းအရင်းမှာ အခြားလူများ လခြမ်းတောင်သို့ မရောက်လာစေရန် တားဆီးထားခြင်းဖြစ်သည်။

လခြမ်းတောင်ကို ငါသိမ်းပိုက်ထားပြီးတာတောင် မင်းတို့တွေက တောင်တက်ချင်သေးတယ်ပေါ့။ တခြားတစ်နေရာကိုပဲ သွားကြစမ်းပါကွာ။

ယခုလက်ရှိတွင် ကျန်းဟန်သည် သူ၏လက်ဖဝါးကို ယန်မိုးကြိုးသစ်ပင်ပေါ်သို့ ဖိထားပြီး မျက်လုံးများကို မှိတ်ထားသည်။ လခြမ်းတောင်အတွင်းရှိ အရာအားလုံးကို သူခံစားသိရှိနိုင်သည်။

မြက်ပင်တစ်ပင်၊ သစ်သား၊ မြေမှုံတစ်မှုံ၊ ကျောက်တုံးတစ်တုံးကစ အားလုံးကို သူ၏စိတ်အတွင်းတွင် ခံစားနိုင်သည်။

လခြမ်းတောင်၏လက်ရှိအခြေအနေသည် သစ်ပင်အမြောက်အများရှိပြီး နေရာလွတ်အနည်းငယ်သာရှိသည်။

သို့သော် ၎င်းက အသေးအမွှားကိစ္စသာဖြစ်သည်။ ကျန်းဟန်သည် ယန်မိုးကြိုသစ်ပင်၏စွမ်းအင်ဖြင့် ချိတ်ဆက်ပြီး သူ့ကိုယ်ကိုအသိဉာဏ်ကိုသုံးကာ ပြန်လည်တည်ဆောက်ခြင်း၏ အခြားအစိတ်အပိုင်းတစ်ခုကို စတင်ခဲ့သည်။

လခြမ်းတောင်၏အလယ်မှ မြေပြင်သည်တရွေ့ရွေ့လှုပ်လာပြီး သစ်ပင်များကို အပြင်ဘက်သို့ စတင်ရွေ့လာသည်။

ခဏလေးအတွင်းမှာ လခြမ်းတောင်တန်း၏အလယ်တွင် လစ်လပ်နေသော နေရာကြီးတစ်ခု ပေါ်လာပြီး သစ်ပင်များသည် ကကျယ်ပြန့်သည့် နံရံတစ်ခုကဲ့သို့ နေရာလွတ်တစ်ဝိုက်တွင် တည်ရှိနေသည်။ သစ်ပင်များသည် ထူထပ်ပူးကပ်လျက်ရှိနေပြီး အထူးသဖြင့်

လမ်းမအနီးဘက်ခြမ်းမှာ မြို့ရိုးကဲ့သို့ သစ်ပင်အရေအတွက်များပြားစွာပေါက်နေသောနေရာဖြစ်သည်။

လခြမ်းတောင်တန်း၏ အခြား ၃ ဘက်တွင် သစ်ပင်များသည် တစ်ပင်နှင့်တစ်ပင် အလွန်နီးကပ်စွာရှိနေသည့်အပြင် ကျန်းဟန်၏ထိန်းချုပ်မှုအောက်တွင် အမျိုးမျိုးသော သစ်ပင်များ၏အကိုင်းအခက်များအားလုံးမှာ အောက်ဘက်ဖို့ ပြန့်ကားသွားပြီး ကြီးမားသော ပိုက်ကွန်တစ်ခုကဲ့သို့ဖြစ်လာသည်။ ထို့ကြောင့် တစ်စုံတစ်ယောက်သည် ၃ မီတာမြင့်သော ချောက်ကမ်းပါးလေးကို ကျော်တက်နိုင်လျှင်ပင် ရှုပ်ထွေးမာကြောသော သစ်ကိုင်းများဖြင့် ရင်ဆိုင်ရပါက လခြမ်းတောင်ထိပ်သို့ တက်လိုလျှင် အချိန်များစွာ ကုန်ဆုံးရပေမည်။

ထို့ပြင် ပုံမှန်အားဖြင့် တောင်၏အစွန်းတစ်ဖက်တွင် သစ်ပင်များထူထပ်စုဝေးနေသည့်အခါ ထိုသစ်ပင်များကြီးထွားလာရန်ခက်ခဲသည်။ သို့သော် လခြမ်းတောင်တွင် စိတ်ဝိညာဉ်မြေဆီလွှာ၏ အာဟာရအောက်၌ ကြီးထွားလာရန် ပြဿနာမရှိပေ။ သစ်ပင်များအားလုံး နီးနီးကပ်ကပ်ရှိနေလျှင်ပင် ပြဿနာမရှိချေ။

သို့သော် သစ်ပင်များအားလုံး ပူးကပ်လွန်းနေလျှင် ကြည့်ရသည်မှာ မျက်စိပသာဒမဖြစ်လှပေ။

ဤကဲ့သို့သော ပြောင်းလဲမှုကို အခြားသူများမြင်သွားပါက သူတို့၏မျက်စိရှေ့ရှိဖြစ်ပျက်နေသည်များကို အံ့သြထိတ်လန့်စွာ အော်ဟစ်မိမည်မှာ သေချာပေသည်။

မည်သည့်လူသားတစ်ယောက်မှ ဤအဖြစ်အပျက်ကို မမြင်နိုင်သော်လည်းပဲ ခွေးတစ်ကောင်ကတော့ မြင်နိုင်ခဲ့သည်။

၎င်းမှာ ယခင်က ကျွန်းဟန်နှင့် ဆုံတွေ့ခဲ့ဖူးသည့် တရုတ်ကျေးလက်ခွေးလေးပင်ဖြစ်သည်။

သူ၏ပတ်ဝန်းကျင်ရှိ သစ်ပင်များ အဆက်မပြတ်ရွေ့လျားနေသည်ကို မြင်လိုက်ရသည်နှင့် ခွေးလေးသည် ကြောက်လန့်ပြီး မြေပေါ်တွင်ရပ်ရင်း ခန္ဓာကိုယ်မှာ တုန်ရီနေသည်။

ခဏအကြာတွင်တော့ သစ်ပင်များ၏ရွေ့လျားမှုမှာ ရပ်တန့်သွားသည်။ ထိုအချိန်တွင် မြေပြင်၌ရပ်နေသော ခွေးလေးသည် တောင်ထိပ်ရှိ သစ်ပင်ကြီး၏အောက်တွင် ကျန်းဟန်ကို တွေ့လိုက်ရ၏။

"အဲ့ဒါသူလား"

ခွေးလေး၏မှတ်ဉာဏ်မှာ အလွန်ကောင်းမွန်သည်။ တစ်ချက်ကြည့်လိုက်ရုံဖြင့် ကျန်းဟန်ကို မှတ်မိသည်။ သတ္တိများကို စုစည်းလိုက်ပြီး ခွေးလေးသည် ကျန်းဟန်ဆီသို့ တိတ်တဆိတ်လျှောက်သွားခဲ့သည်။

ကျန်းဟန်နှင့် ၁၀ မီတာခန့်အကွာအထိလျှောက်သွားလိုက်ပြီး

မြေပြင်ပေါ်တွင်ထိုင်ချကာ ကျန်းဟန်ကို စူးစိုက်ကြည့်နေသည်။

ကျန်းဟန်သည် သဘာဝကျကျပင် ခွေးတစ်ကောင်ရှိနေသည်ကိုသိရှိခဲ့သည်။ သို့သော် သူသည် ခွေးကိုစိတ်မဝင်စားပဲ လခြမ်းတောင်ကို ဆက်လက်တည်ဆောက်နေခဲ့သည်။

အခုတော့ လိုအပ်သည့်နေရာများကို ပြုလုပ်ရန်သာ ကျန်ရှိတော့သည်။

လခြမ်းတောင်တန်းတွင် မြင့်မားသော သစ်ပင်များသာမက ပန်းပင်များနှင့် အပင်ငယ်များလည်းရှိသည်။ မြို့တွင်းရပ်ကွက်များတွင် ပုံမှန်အားဖြင့် ခြံစည်းရိုးပြုလုပ်ရာတွင် အသုံးပြုသည့် ဟော်လီပင် အနည်းငယ်လည်းရှိသည်။

မြို့ကြီးများတွင် ဟော်လီကို အများအားဖြင့်တွေ့နိုင်သည်။ တခါတရံ လမ်းဘေး၌ပင် တွေ့ဖူးသည်။ ဟော်လီသည် အနည်းငယ်သေးငယ်ပြီး အမြင့် ၁ မီတာခန့် ကြီးထွားသည်။

မြို့များအတွင်း၌ မြင်တွေ့နိုင်သော ဟော်လီများမှာ ပုံမှန်အားဖြင့် သပ်သပ်ရပ်ရပ်ညှပ်ထားပြီး ကြည့်ကောင်းသည့် ရှုခင်းတစ်ခုကို ဖြစ်စေသည်။

ဟော်လီကိုတွေ့သည်နှင့် ကျန်းဟန်သည် မတူညီသောနေရာများသို့ တစ်ခုစီခွဲထုတ်ပြီး အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။

သို့သော်လည်း ဟော်လီပင် ပမာဏမှာ အလွန်နည်းပါးသည်။

ပြဿနာမရှိပေ။

ယန်မိုးကြိုးသစ်ပင်၏စွမ်းအင်ကိုအသုံးပြုကာ ဟော်လီကို အစားထိုးစိုက်ပျိုးပြီး ကြီးထွားလာစေရန်သာရှိသည်။

"ပေါ်လာစမ်း"

ကျန်းဟန် တိုးညှင်းစွာရေရွတ်လိုက်သည်။

ချက်ချင်းပင် မြေပေါ်တွင် ပေါက်နေသော ပေါင်းပင်များအားလုံးကို ခုတ်ထစ်ပြီး အေးစက်သည့်လေကြောင့် လွင့်ထွက်သွားကြသည်။

အသက်ရှူချိန်အနည်းငယ်အတွင်းမှာပင် ပေါင်းပင်များအားလုံးကို ရှင်းထုတ်ပစ်လိုက်သည်။

“စိုက်ပျိုးစမ်း”

ဟော်လီပင်အချို့သည် ကောင်းကင်ပေါ်သို့ပျံတက်သွားပြီး ကျန်းဟန်အလိုရှိသည့် နေရာအမျိုးမျိုးသို့ ကျရောက်သွားသည်။ ဟော်လီများ တစ်ပင်ပြီးတစ်ပင် ပေါက်လာကာ မတူညီသော လမ်းကြောင်းများအားလုံးဖြင့် အပြင်ဘက်သို့ ပျံ့နှံ့သွားပြီး တောင်၏ အနောက်ဖက်တွင် ကြီးမားသော ဧရိယာသုံးခု ဖြစ်ပေါ်လာသည်။

ကျန်းဟန်၏မျက်နှာချင်းဆိုင်လမ်းကြောင်းတွင် ဘယ်ဘက်ခြမ်းသည် စိုက်ပျိုးရန်နေရာဖြစ်ပြီး အလယ်နေရာသည် မွေးမြူရေးနေရာဖြစ်၍ ညာဘက်ခြမ်းသည် အိမ်မွေးတိရိစ္ဆာန်နေရာဖြစ်သည်။

တောင်၏အနောက်ဘက်ရှိ တရုတ်ချယ်ရီ၊ နှင်းဆီအချို့၊ တောင်ပျိုနီပန်း၊ အဝါနှင့်အဖြူစပ်ထားသည့် တရုတ်စံကားပန်း

တို့ကဲ့သို့သော ပန်းပင်များကို တောင်၏အရှေ့သို့ အားလုံးရွှေ့ထားလိုက်သည်။

ယန်-မိုးကြိုးသစ်ပင်၏စွမ်းအင်မှာ အကန့်အသတ်ရှိသောကြောင့် ကျန်းဟန်သည် တောင်၏အနောက်ဘက်ကိုသာ ပြန်လည်တည်ဆောက်နိုင်ဦးမည်ဖြစ်သည်။ တောင်၏အရှေ့ဘက်တွင်တော့ ဒုတိယအကြိမ် ပြန်လည်တည်ဆောက်မှုကို စောင့်ရမည်။

မူလက ဒုတိယအကြိမ်ပြန်လည်တည်ဆောက်မှုစတင်ရန် ၂ နှစ် ၃ နှစ်ခန့် လိုအပ်သည်။ သို့သော် သန့်စင်သောယန်ရေစင်၏ အာဟာရဓာတ်ဖြင့် အချိန်ကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် ယန်မိုးကြိုးသစ်သား ကြီးထွားလာရန်လည်း ၅ နှစ်အထိမလိုအပ်တော့ပေ။

ကျန်းဟန်အတွက်တော့ ၎င်းမှာ အမှန်တကယ်သတင်းကောင်းတစ်ခုဖြစ်သည်။

“မွေးရန့်မြက်”

ကျန်းဟန် စကားလုံးလေးလုံးပြောပြီး ယန်မိုးကြိုးသစ်ပင်ပေါ်သို့ လက်ဝါးဖိထားဆဲဖြစ်သည်။

ချက်ချင်းပင် ယန်မိုးကြိုးသစ်ပင်၏အရွက်များအတွင်းမှ မွှေးကြိုင်သော မြက်ပင်မျိုးစေ့များ ဖျန်းခနဲ ထွက်လာသည်။ စိုက်ပျိုးရေးနေရာမှအပ ကျန်နေရာများအားလုံးသို့ မွှေးရနံ့မြက်ပင်မျိုးစေ့များ ဖြန့်ကျဲသွားခဲ့သည်။

မွှေးရနံ့မြက်ပင်သည် ကျင့်ကြံခြင်းလောကတွင် အလွန်အသုံးများသော မြက်ပင်ဖြစ်သည်။ ၎င်း၏ကြီးထွားမှုသည် ကြီးကြီးမားမားမဟုတ်ပဲ ဘောလုံးကွင်းမြက်ခင်းကဲ့သို့ ဖြစ်လာအောင် ကြီးထွားနိုင်ခဲ့သည်။ ၎င်း၏အမည်အတိုင်းပင် ၎င်း၏အဓိကလုပ်ဆောင်ချက်မှာ ကိုယ်ပိုင်နယ်မြေတစ်ခု၏လေထုကို ပိုမိုကောင်းမွန်လာအောင် ကူညီပေးနိုင်သည့် ချိုမြသည့်မွှေးရနံ့ကို ထုတ်ပေးခြင်းဖြစ်သည်။ ၎င်း၏အသုံးပြုပုံမှာ လေသန့်စင်စက်နှင့်တူညီသည်။

မွေးရန့်မြက်ကို အဆင့် ၁ စိတ်ဝိညာဉ်ရတနာအဖြစ် မယူဆနိုင်ပေ။ သို့သော် ယခင်ကတည်းက ကျန်းဟန်သည် ယန်မိုးကြိုးသစ်ပင်အတွင်း၌ မွေးရန့်မြက်ပင်မျိုးစေ့အချို့ကို သိမ်းဆည်းထားဆဲဖြစ်ပြီး ၎င်းကို ကိုယ်ပိုင်နယ်မြေပြောင်းလဲသည့်အခါတိုင်း အသုံးပြုခဲ့သည်။ မွေးရန့်မြက်ကို ယခုအသုံးပြုခြင်းသည် အလွန်အသုံးဝင်ပေသည်။

မွေးရန့်မြက်ခင်းများစိုက်ပျိုးပြီးနောက် ကျန်းဟန်သည် ယန်-မိုးကြိုးသစ်ပင်နှင့် ၁၀ မီတာအကွာတွင် ယွမ်ချင်သစ်ပင်တစ်ပင်ကို စိုက်ပြီးနောက် ယွမ်ချင်သစ်ပင်၏ ပတ်ပတ်လည်တွင် ဟော်လီပင်ကို စိုက်ပျိုးခဲ့သည်။

အခုအချိန်အတွင်တော့ ယွမ်ချင်သစ်ပင်သည် ပေါ့ပလာပင်ငယ်လေးကဲ့သို့ အပင်ငယ်လေးအဖြစ်သာ ရှိသေးသည်။ ၎င်း၏ကြီးထွားနှုန်းအရ တစ်နှစ်အတွင်း ယွမ်ချင်သီးများ သီးလာနိုင်မည်ဟု တွက်ဆထားသည်။ ထိုအချိန်ရောက်သောအခါ ကျန်းဟန်သည်

ယွမ်ကျင့်ကြံခြင်းဆေးလုံးကို သန့်စင်ပြီး အခြေတည်အဆင့်သို့ရောက်ရှိနိုင်မည်ဖြစ်သည်။

အခြေတည်အဆင့်တွင် ကျန်းဟန်သည် သူ၏ခန္ဓာကိုယ်မှ စိတ်ဝိညာဉ်စွမ်းအားကို ထုတ်လွှတ်နိုင်ပြီး အချို့သော စွမ်းရည်လေးများကို သုံးနိုင်သည်။ ထိုအချိန်သို့ရောက်သည့်အခါ ကျန်းဟန်သည် ကမ္ဘာမြေပေါ်တွင် ခိုင်မာစွာရပ်တည်နိုင်ပြီဟု ဆိုလိုပေသည်။

"ဟုတ်သားပဲ ကောင်းကင်သစ်မွှေးကိုလည်းစိုက်ရမှာပေါ့"

ကျန်းဟန်သည် ယွမ်ချင်သစ်ပင်ဘေးတွင် စက်ဝိုင်းငယ်လေးပြုလုပ်ရန် ဟော်လီပင်ကိုသုံးလိုက်ပြီး ကောင်းကင်သစ်မွှေးကို စက်ဝိုင်းအတွင်းသို့ထည့်လိုက်သည်။

ကောင်းကင်သစ်မွှေးသည် ပင်စည်မာအပင်တစ်ပင်ဖြစ်သည်။ ကောင်းကင်သစ်မွှေး၏အသုံးဝင်မှုသည် အပင်ကြီးသည်ဖြစ်စေ သေးငယ်သည်ဖြစ်စေ သုံးနိုင်သည်။

သေးငယ်သည့်အချိန်တွင် ကောင်းကင်သစ်မွေးကို ဟင်းချက်ရန်အမွေးအကြိုင်အဖြစ်သုံးနိုင်သလို ကြီးလာသည့်အခါတွင်လည်း ဟင်းပွဲကို ပို၍ပို၍ မွေးကြိုင်စေသည်။

ထိုအရာများအားလုံး ပြီးသွားချိန်တွင် နယ်မြေသုံးခုကို အပိုင်းပိုင်းခြားရန် အချိန်ကျရောက်ပြီဖြစ်သည်။

“စိုက်ပျိုးရေးနယ်မြေကို သီးနှံစိုက်ခင်းနဲ့ ဥယျာဉ်ခြံမြေ အဖြစ်ယာယီခွဲထားရမယ်။ ငါစုဆောင်းထားတဲ့ သစ်သီးပင်နည်းနည်းက အခုချိန်စိုက်လို့မရသေးဘူး။ သစ်သီးပင်တွေရဲ့ စွမ်းအင်စုပ်ယူမှုပမာဏကပဲ တော်တော်များလွန်းတယ်။ အရင်ဆုံး ဒီနယ်မြေကို ထိန်းသိမ်းထားရမယ်”

ဟော်လီပင်သည် နောက်တစ်ကြိမ်ထပ်မံကြိုးထွားလာပြီး စိုက်ပျိုးရေးနယ်မြေကို နှစ်ပိုင်းခွဲလိုက်သည်။

“သီးနှံစိုက်ခင်းမှာ ဘာစိုက်ရမလဲ။ စပါး၊ ဂျုံ၊ ပြောင်း၊ ပဲပုတ်၊ ပဲပြားနဲ့ တခြားဟာတွေတော့ ရှိတယ်။

လောလောဆယ်တော့ စပါးနဲ့ ဂျုံကို အရင်စိုက်ဖို့ စဉ်းစားရမယ်”

ယန်မိုးကြိုးသစ်ပင်သည် နောက်တစ်ဖန်ပြန်၍ လည်ပတ်လာခဲ့သည်။ စိုက်ပျိုးရေးနယ်မြေ၏နောက်ဘက်တွင် မြေဆီလွှာသည် အထက်သို့ထိုးထွက်လာကာ စပါးစိုက်ခင်းတစ်ခုဖြစ်လာသည်။

“ဟုတ်ပြီ ငါ ဒီနယ်မြေမှာ ဟင်းသီးဟင်းရွက်လည်းစိုက်ရမှာပေါ့”

ဟော်လီပင်သည် နောက်တစ်ကြိမ်ကြီးထွားလာပြီး စိုက်ပျိုးရေးနယ်မြေတွင် ဟင်းသီးဟင်းရွက်နေရာကို ပိုင်းခြားလိုက်သည်။

ဘယ်လိုမျိုး အသီးအရွက်တွေကို စိုက်ဖို့ ရွေးချယ်စရာရှိလဲ။ အနိမ့်ဆုံးကတော့ မုန့်မုန့် မတူညီတဲ့ ဟင်းသီးဟင်းရွက်တွေ စားခွင့်ရစေဖို့ပါပဲ။ လခြမ်းတောင်တွင် စိုက်ပျိုးသည့် အသီးအရွက်အားလုံးမှာ သေချာပေါက်

အရသာရှိမည်ဖြစ်သောကြောင့် ဇီဇာကြောင်တာမျိုးတော့ မရှိပေ။

"အာဟာရမျှတရမယ်"

ကျန်းဟန်သည် သူ၏စိုက်ပျိုးရေးနယ်မြေအတွင်း၌ ခွဲခြားထားသောနေရာများကို အလွန်စိတ်ကျေနပ်နေသည်။

နောက်တစ်ခုကတော့ မွေးမြူရေးနယ်မြေဖြစ်သည်။

"ဒီမှာက ငါးမွေးမြူဖို့ရေကန်ရှိရမယ်။ ပြီးတော့ မုန့်မုန့်က နွားနို့လည်းသောက်ရမယ်။ ကြက်သား၊ ဘဲသား၊ ငါး၊ ဆိတ်သား စတာတွေကိုလည်း စားရမယ်။ အဲဒါကို မွေးမြူရေးနယ်မြေရဲ့ အသေး၊အလတ်နဲ့ အကြီးဆိုပြီး အပိုင်းခွဲကြည့်လိုက်ရအောင်"

ကျန်းဟန်၏အတွေးဖြင့် လမ်းညွှန်လိုက်သောကြောင့် ဟော်လီပင်သည် နောက်တစ်ကြိမ် ကြီးထွားလာပြီး မွေးမြူရေးနယ်မြေကို မတူညီသောနေရာများအဖြစ် ခွဲထုတ်လိုက်သည်။

မွေးမြူရေးနယ်မြေ၏ အတွင်းဘက်တွင် မြေပြင်အနက် ၅ မီတာရှိသော ရေကန်တစ်ခုဖြစ်လာသည်။

မွေးမြူရေးနယ်မြေတွင် ကြက်များ နွားများ သောက်သုံးရန်နှင့် ရေကူးရန်အတွက် နောက်ထပ် ၃ မီတာနက်သော ရေကန်ငယ်ကို ပြုလုပ်ထားသည်။

"အိမ်မွေးတိရစ္ဆာန်နေရာအတွက်တော့ မုန့်မုန့် ဆော့ကစားနိုင်တဲ့ ချစ်စရာကောင်းတဲ့ ခွေးလေးတွေ ကြောင်လေးတွေပဲ အခုစဉ်းစားရမယ်။ ကျားတွေ ခြင်္သေ့တွေအတွက်တော့ လောလောဆယ် ဘေးဖယ်ထားရမယ် အိမ်မွေးတိရစ္ဆာန်နေရာမှာ ရေကန်အရင်လုပ်ရမယ်"

အိမ်မွေးတိရစ္ဆာန်နေရာအတွက်မှာ အလွန်ရိုးရှင်းသည်။ ရှည်လျားသော စတုဂံပုံရေကန်တစ်ခုလုပ်ရန်သာဖြစ်သည်။

အပိုင်းခွဲပြီးသွားသောအခါ ကျန်းဟန်၏မျက်နှာတွင် ကျေနပ်သည့်အရိပ်အယောင်များပေါ်လာသည်။

အကောင်းဆုံးမဖြစ်သော်လည်း တော်တော်လေးတော့ ကောင်းမွန်ပေသည်။

"အိုး ဟုတ်သားပဲ သူတို့အတွက် မိုးဒဏ်လေဒဏ်ခံနိုင်ဖို့ အိမ်ဆောက်ဖို့လိုသေးတာပဲ"

ကျန်းဟန်သည် အရေးအကြီးဆုံးအဆင့်ကို မေ့လုနီးနီးပင်။ ယန်မိုးကြိုးသစ်ပင်၏ စွမ်းအင်ကို နောက်တစ်ကြိမ် အသုံးပြုခဲ့ပြန်သည်။ အဝေးမှ သစ်ပင်ကြီးများမှာ လေထဲသို့တရွေ့ရွေ့ ပျံတက်သွားသည်။ ပျံသန်းနေစဉ်တွင် သစ်ပင်ကြီးများသည် ပြတ်တောက်သွားပြီး ပျဉ်ပြားများဖြစ်လာသည်။

ပျဉ်များ အုပ်စုလိုက်ဆင်းသက်လာပြီး မတူကွဲပြားသော အိမ်အချို့ကို အလိုလျောက် ဖွဲ့စည်းသွားခဲ့သည်။

ကြက်လှောင်အိမ်များသည် မြေပြင်နှင့် မီတာဝက်ခန့်အကွာတွင်ရှိသည်။ ပေါင်းပင်များသည် ကြက်လှောင်အိမ်တစ်ခုချင်းစီထံသို့ ပျံတက်သွားသည်။ ပေါင်းပင်များဖြင့် ကြက်များသည် သူတို့၏အသိုက်ကို ပြုလုပ်နိုင်သည်။

ဘဲငန်းနှင့် အခြားတိရစ္ဆာန်များအားလုံးတွင် သူတို့၏ကိုယ်ပိုင်အိမ်များရှိကြသည်။

ထိုအိမ်များသည် တောစပ်နားတွင် သပ်ရပ်စွာတည်ရှိနေသည်။ မှန်ပေသည်။ ခွေးများ ကြောင်များသည်လည်း သူတို့၏ကိုယ်ပိုင်အိမ်များ လိုအပ်ပေသည်။ နောက်ထပ် အိမ်တန်းများကို သေးငယ်သည့် ဗီလာလေးများနှင့် တူအောင် ဖန်တီးထားသည်။

"သပ်သပ်ရပ်ရပ်ရှိပေမဲ့ သိပ်တော့မလှသေးဘူး" ကျွန်းဟန်သူဘာသာ ရေရွတ်လိုက်သည်။

ယန်မိုးကြိုးသစ်ပင်၏စွမ်းအင်ကို တစ်ဖန်ပြန်လည်ထိန်းချုပ်ရန် သူ၏စိတ်ကိုအသုံးပြုလိုက်ပြီး စိမ်းလန်းသော သစ်ရွက်များကို အိမ်ငယ်လေးများ၏အပေါ်တွင် သက်ကယ်မိုးကဲ့သို့ ဖုံးအုပ်လိုက်သည်။ သစ်ရွက်များကို အသုံးပြုခြင်းသည် အလှအပအတွက်သာမက အောက်ရှိသစ်သားများ မိုးရေမစိုရန် တားဆီးပေးနိုင်သည်။

"အခု ပြန်လည်တည်ဆောက်ရေးက အနည်းနဲ့အများတော့ ပြီးသွားပြီ"

ကျန်းဟန် အနည်းငယ်ပြုံးလိုက်ပြီး အသက်ပြင်းပြင်းရှူလိုက်သည်။

"ကဲ စလိုက်ရအောင်"

ယန်မိုးကြိုးသစ်ပင်သည် နက်ရှိုင်းသော ဆူညံသံအချို့ကို ထုတ်လွှတ်ပြီး တောင်အတွင်းရှိ ဂူထဲမှ စိတ်ဝိညာဉ်ရေတစ်ဝက်ကို စုပ်ယူသွားသည်။

ယန်မိုးကြိုးသစ်ပင်၏ အရွက်များမှတဆင့် ရေစက်များသည် လခြမ်းတောင်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ကြည့်ရသည်မှာ မိုးလေးဖွဲဖွဲကျနေသကဲ့သို့ပင်။ ယန်မိုးကြိုးသစ်ပင်၏စွမ်းအင်သည် လခြမ်းတောင်ရှိ မြေဆီလွှာကို စိတ်ဝိညာဉ်မြေဆီလွှာအဖြစ်သို့ ပြောင်းလဲသွားသည်အထိ သန့်စင်ပေးခဲ့သည်။

မွေးရန့်မြက်ပင်များက မြေပြင်ကိုဖြတ်သန်းသွားသည်။ စိုက်ပျိုးရေးနယ်မြေမှအပ လခြမ်းတောင်တစ်ခုလုံး အစိမ်းရင့်ရောင်ဖြင့် ဖုံးလွှမ်းထားသည်။

လခြမ်းတောင်သည် ယခုအခါ တက်ကြွလန်းဆန်းမှုဖြင့် ပြည့်နက်နေသည်။

-C 19 End

wunzinnosp

## အခန်း(၂၀) - ချီသန့်စင်ခြင်းအဆင့်သို့ တက်လှမ်းခြင်း

ယခင်က တောင်ရှေ့ရှိ ပန်းများမှာ ပွင့်ပြီးလျှင် ညှိုးနွမ်းလွယ်သည်။ ယခုမူ ဖီးနစ်ငှက် ပြန်လည်မွေးဖွားလာသကဲ့သို့ ပန်းများမှာ ပိုမိုအသက်ဝင်လာသည်။

နောက်တစ်ကြိမ်ပြန်ပွင့်လာပြီးနောက် ပန်းများ၏အရောင်အသွေးမှာ ပိုမိုလှလာပြီး ပုံသဏ္ဍာန်မှာလည်း ပိုမိုပြီးပြည့်စုံလာလေသည်။

ပန်းခက်များသည် အလွန်လှပပြီး လူတိုင်း၏အကြည့်ကို ဆွဲဆောင်နိုင်သည်။

"အခုတော့ အသားမြက်ကို ကိုင်တွင်ဖို့ပဲကျန်တော့တယ်"

ကျန်းဟန်၏ အသိစိတ်သည် လှုပ်ရှားလာသည်။ ယန်မိုးကြိုးသစ်ပင်၏ ပင်စည်အတွင်း၌ အသားမြက်မျိုးစေ့တစ်တစ်တွဲသည် မွေးမြူရေးနယ်မြေနှင့် အိမ်မွေးတိရစ္ဆာန်ဇရိယာသို့ တရှိန်ထိုးအသံများဖြင့် ပျံသန်းလာကြသည်။

အသားမြက်အစေ့များသည် ဇရိယာနှစ်ခုလုံး၏အတွင်းဘက်ခြမ်းသို့ ကျရောက်သွားသည်။ အစေ့များ မြေကြီးထဲ စိုက်လိုက်သည်နှင့် နှစ်စက္ကန့်အတွင်း မြေပြင်မှ ပေါက်ထွက်လာပြီး ငါးစက္ကန့်အကြာတွင် မြက်ပင်တစ်ပင်စီ၏ထိပ်တွင် ဂေါ်လီလုံးခန့်ကြီးသည့် အဖြူရောင်အဖူးလေးများ ဖြစ်ပေါ်လာသည်။

အဝေးမှလှမ်းကြည့်ပါက အသားမြက်ပင်များမှာ ဂျုံနှံများနှင့် တူသည်။

အသားမြက်သည် အဆင့် ၁ စိတ်ဝိညာဉ်ရတနာများတွင် ပါဝင်ပေသည်။ အသားမြက်၏ ရည်ရွယ်ချက်မှာ တိရစ္ဆာန်များ၏ အစာအဖြစ်အသုံးပြုရန်ဖြစ်သည်။ ၎င်းကိုစားသည့်အခါ အသီးအရွက်ကဲ့သို့ အနံ့သာထွက်ပါသည်။ သို့သော် ဝါးလိုက်သည့်အခါတွင်တော့ အသားကဲ့သို့ အရသာရှိသည်။ အနည်းငယ်ဝါးပြီးနောက် အရသာမှာ ဝက်သားနီစွပ်ပြုတ်အရသာ အနည်းငယ်ရှိသည်။

ကျန်းဟန် သိချင်စိတ်ကြောင့် မြက်ပင်ကို မြည်းကြည့်လိုက်သည်။

(ဝက်သားနီစွပ်ပြုတ်အရသာဆိုတော့ ခင်ဗျားတို့လည်း မြက်စားချင်သွားပြီမလား)

အသားမြက်ကို စိုက်ပြီးသွားနောက် ပထမအကြိမ်နယ်မြေပြောင်းလဲခြင်းမှာလည်း ပြီးဆုံးသွားခဲ့သည်။

သို့သော် ယန်မိုးကြိုးသစ်ပင်တွင် ၎င်း၏စွမ်းအင် တစ်ဝက်ခန့်ကျန်နေသေးသည်။ မှန်ပေသည် ထိုစွမ်းအင်က

ကျန်းဟန် သူ့ကိုယ်သူ ချီသန့်စင်ခြင်းအဆင့်သို့ မြှင့်တင်ရန်အတွက်ဖြစ်ပါသည်။

“မရီဒျန် ပွင့်စမ်း”

ကျန်းဟန် သူ၏ညာလက်ကို ယန်မိုးကြိုးသစ်ပင်မှ ခွာလိုက်စဉ် မျက်လုံးများကို တင်းတင်းမှိတ်ထားပြီး လက်နှစ်ဖက်လုံးကို အမြင့်သို့ မြှောက်လိုက်သည်။

ထိုအချိန်တွင် တစ်ဖက်၌ရှိနေသော ကျေးလက်ခွေးလေးသည် ကျန်းဟန်ကို စိတ်ရှုပ်ထွေးစွာကြည့်နေသည်။

သူသာ စကားပြောနိုင်လျှင် သေချာပေါက်ပြောမည်မှာ

“ဒီရှူးကြောင်ကြောင်လူသားက ဘာတွေလုပ်နေတာလဲ?” ဟုပင်။

သို့သော် ၎င်းတွင် လူသားတို့ကဲ့သို့ မြင့်မားသော တွေးခေါ်နိုင်စွမ်းမရှိသောကြောင့် ကျန်းဟန်ကို စိတ်ရှုပ်ထွေးစွာ ကြည့်နေရုံသာဖြစ်သည်။

သို့သော်လည်း နောက်အခိုက်အတန့်တွင် ကျေးလက်ချွေးလေးကို ကြောက်လန့်က ခေါင်းမှခြေဆုံးထိ တုန်လှုပ်သွားစေခဲ့သည်။

ယန်မိုးကြိုးသစ်ပင်သည် ရုတ်တရက် မြင့်မြတ်သောအရှိန်အဝါရှိသည့် အလင်းရောင်တစ်ခုကို ထုတ်လွှတ်သည်။ ထိုအခိုက်အတန့်တွင် သစ်ရွက်တိုင်းသည် ကျောက်စိမ်းကဲ့သို့ဖြစ်နေသည်။ နူးညံ့သိမ်မွေ့ပြီး အရောင်အသွေးစုံလင်သော အလင်းတန်းများသည် အဆက်မပြတ်စုစည်းလာကာ အလင်းတန်းတစ်ခုအဖြစ် ဖြစ်ပေါ်လာသည်။ ထိုနောက် ကျန်းဟန်ဆီသို့ ပစ်လွှတ်လိုက်ကာ သူ၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည်။

“ဝုန်း”

ကျန်းဟန်သည် မိုးခြိမ်းသံကို ကြားလိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။ ကျန်းဟန်၏ ခန္ဓာကိုယ်အတွင်း၌ ယန်မိုးကြိုးသစ်ပင်၏စွမ်းအင်များသည်

ထက်ရှသောဓားတစ်ချောင်းအဖြစ်သို့ ပြောင်းလဲသွားပြီး မရီဒျန်တစ်ခုပြီးတစ်ခု ဆက်တိုက် ဖွင့်လှစ်သွားခဲ့သည်။

ဝူရှုဝတ္ထုများတွင် ထူးကဲသောမရီဒျန် ရှစ်ခုရှိသည်။ ထူးကဲသော မရီဒျန်ရှစ်ခုလုံးကို ဖွင့်လှစ်နိုင်သူများကို ပါရမီရှင်များဟု သတ်မှတ်ကြသည်။

သို့သော် ယခုအချိန်တွင် ကျန်းဟန်သည် ထူးကဲသောမရီဒျန်ရှစ်ခုလုံးကို ဖွင့်ပြီးနောက် ကျန်ရှိသောစွမ်းအင်များက လူသားခန္ဓာကိုယ်၏ မရီဒျန် ၁၂ ခုကို အဆက်မပြတ် အားကောင်းလာစေသည်။

ပုံမှန်လူသားခန္ဓာကိုယ်တွင် ပုန်းကွယ်နေသည့် ထူးကဲသော မရီဒျန် ၈ ခုရှိပြီး ခြေလက်များကို ဆက်သွယ်ပေးထားသော မရီဒျန် ၁၂ ခု သည်တော့မြင်တွေ့နိုင်သည်။ မရီဒျန် ၁၂ ခုသည် စက်ဝိုင်းပုံသဏ္ဍာန်ဖြစ်သည်။

ထူးကဲသော မရီဒျန် ၈ ခုသည် ကိုယ်တွင်းအင်္ဂါများနှင့် မသက်ဆိုင်သည့်အပြင် ယှဉ်တွဲနိုင်သည့် အကြောင်းလည်း

မရှိသဖြင့် ထူးကဲသည်ဟုခေါ်ဆိုရခြင်းဖြစ်သည်။ ထူးကဲသော မရီဒျန် ၈ ခု၏ အသုံးပြုပုံမှာ ချီ ကို လှည့်ပတ်နိုင်ပြီး သာမန်မရီဒျန် ၁၂ ခုရှိ သွေးလည်ပတ်မှုကို ချိန်ညှိပေးနိုင်သည့် လုပ်ဆောင်ချက်ဖြစ်သည်။

မရီဒျန်များကို ဖွင့်ပြီးနောက် ယန်မိုးကြိုးသစ်ပင်၏စွမ်းအင်များသည် မရီဒျန်များအတွင်း၌ စုစည်းလာသည်။

အစပိုင်းတွင် စွမ်းအင်များသည် ကမန်းကတန်းစုစည်းလာပြီး ကျန်းဟန်၏ခန္ဓာကိုယ် ပေါက်ကွဲထွက်သွားတော့မလို ခံစားလိုက်ရသည်။

ထိုအချိန်တွင် ကျန်းဟန်သည် ကျင့်ကြံခြင်းနည်းစနစ်ကို လှည့်ပတ်ပြီး ဤစွမ်းအင်များအားလုံးကို သန့်စင်ကာ သူ၏ကိုယ်ပိုင် စိတ်ဝိညာဉ်စွမ်းအားအဖြစ် ပြောင်းလဲရန်ဖြစ်သည်။

“ငါဒီတစ်ခါလည်း ရတနာအမဲလိုက်ခြင်းနည်းစနစ်ကိုပဲ ကျင့်ကြံရမလား” ကျန်းဟန်ရေရွတ်လိုက်သည်။

သူ၏အရင်ဘဝတုန်းက မရေမတွက်နိုင်သော ရတနာများရှိခဲ့ပြီး ထိုရတနာတွေကို အလွန်အကျွံမှီခိုအားကိုးခဲ့သည်။ ထို့ကြောင့် နောက်ပိုင်းတွင် မိုးကောင်းကင်ကပ်ဘေးအတွင်း ကိုးခုမြောက်ကောင်းကင်နတ်ဘုရားမိုးကြိုး၏ တိုက်ခိုက်မှုကို သူ ခံနိုင်ရည်မရှိခဲ့ချေ။

"ဒါမှမဟုတ် ပြောင်းလဲခြင်းငါးဆင့် နည်းစနစ်ကို ကျင့်ကြံလိုက်ရင်ကောင်းမလား" အနာဂတ်မှာ ငါ အဆင့်ငါးဆင့်နတ်ဘုရားခန္ဓာကို ကျင့်ကြံပြီး ကိုးခုမြောက်ကောင်းကင်နတ်ဘုရားမိုးကြိုးကို ချောချောမွေ့မွေ့ဖြတ်ကျော်နိုင်လိမ့်မယ် ထင်တယ်"

"တကယ်တော့ အစိမ်းရောင်သစ်သားကေရာဇ်နည်းစနစ်လည်း အဆင်ပြေတာပဲ။ အစိမ်းရောင်သစ်သားကေရာဇ်ခန္ဓာရဲ့ ပြန်လည်ကောင်းမွန်နိုင်စွမ်းက ပိုပြီးတော့ ကြောက်ဖို့ကောင်းပြီး မသေနိုင်တဲ့ခန္ဓာလို့ လူသိများတယ်။

ကိုးခုမြောက်ကောင်းကင်နတ်ဘုရားမိုးကြိုးကို သေချာပေါက်ကျော်ဖြတ်နိုင်မှာပဲ” ကျန်းဟန် ချီတုံချတုံ ဖြစ်နေသေးသည်။

ကျင့်ကြံခြင်းနည်းစနစ်သည် လူတစ်ယောက်၏ခွန်အားတိုးတက်မှုနှင့် သက်ဆိုင်သောကြောင့် အလွန်အရေးကြီးသည်။ ကျင့်ကြံခြင်းလောကတွင် ကျင့်ကြံခြင်းနည်းစနစ်ကို အဆင့် ၃၊ ၆ ၊ ၉ ဟူ၍ ခွဲထားသည်။ ရတနာအမဲလိုက်ခြင်းနည်းစနစ်သည် နှစ်ပေါင်း ၃၀၀ ကြာ ကျင့်ကြံခြင်းအကြောင်းကို သုတေသနပြုပြီး ရုတ်တရက် ဉာဏ်အလင်းပွင့်ကာ ကျန်းဟန် ဖန်တီးထားသည့် ကျင့်ကြံခြင်းနည်းစနစ်တစ်ခုဖြစ်သည်။

ရတနာအမဲလိုက်ခြင်းနည်းစနစ်၏ အသုံးဝင်မှုသည် ဟာသမဟုတ်ပေ။ ၎င်းက ကျန်းဟန် ရတနာအမြောက်များကို ရယူနိုင်ခဲ့သည့် အဓိကအကြောင်းအရင်းဖြစ်သည်။

ဥပမာအားဖြင့် ရတနာအမဲလိုက်ခြင်းနည်းစနစ်သည် ဖုံးကွယ်ခြင်းနည်းစနစ်ကို အားဖြည့်ပေးနိုင်သည်။ ဖုံးကွယ်ခြင်းနည်းစနစ်ကို နတ်ဘုရားဖုံးကွယ်ခြင်းနည်းစနစ်ဟု

လူသိများသည်။ နတ်ဘုရားဖုံးကွယ်ခြင်းနည်းစနစ်သည် ကျန်းဟန်၏ခန္ဓာကိုယ်ကို လုံးဝဖုံးကွယ်ထားနိုင်ရုံသာမက အတိဒုက္ခအဆင့်မှ စွမ်းအားကြီးမားသူများပင် ကျန်းဟန်ကို ဖော်ထုတ်နိုင်စွမ်း မရှိခဲ့ချေ။

ရတနာအမဲလိုက်ခြင်းနည်းစနစ်၏ အကျိုးသက်ရောက်မှုသည် ရတနာရှာဖွေခြင်းအတွက် အထောက်အကူပြုသည့် အခြားသော နည်းစနစ်များကိုလည်း စွမ်းအားမြှင့်ပေးနိုင်သည်။ ဥပမာအားဖြင့် အမြန်နှုန်း၊ ဖောက်ထွင်းဖွဲ့စည်းပုံများ၊ ဖုံးကွယ်ခြင်း အစရှိသဖြင့် တို့ကို အားဖြည့်တိုးမြှင့်နိုင်သည်။ သို့သော် ရတနာအမဲလိုက်ခြင်းနည်းစနစ်၏ အကြီးမားဆုံးအကျိုးသက်ရောက်မှုသည် ရတနာအနံ့ခံခြင်းနှာခေါင်းအား တိုးမြှင့်ပေးနိုင်သောကြောင့် ကျန်းဟန်က ရတနာအမဲလိုက်ခြင်းနည်းစနစ်ကို ကျင့်ကြံရန် လက်မလျှော့လိုခြင်းဖြစ်သည်။

“ထားလိုက်ပါတော့။ ငါ ရတနာအမဲလိုက်ခြင်းနည်းစနစ်ကို ကျင့်ကြံတာပဲကောင်းတယ်။ ဒီတစ်ခါတော့ ငါ အောက်ခြေကနေပြန်စတာ လို့ပြောလို့ရတယ်။ ငါ အဆိုးထဲကအကောင်းကတော့ ငါ နတ်ဘုရားခန္ဓာကိုရဖို့အတွက် အရင်းအမြစ်တွေ ပိုသုံးလို့ရတယ်။ ကျင့်ကြံခြင်းအတွက် ရတနာတွေ အရင်းမြစ်တွေက အခြေခံကျနေသေးတာပဲ”

တစ်မိနစ်ခန့် တုံ့ဆိုင်းနေပြီးနောက် ကျန်းဟန် သူ၏စိတ်ကို ထိန်းလိုက်သည်။

ကျန်းဟန် တင်ပျဉ်ခွေထိုင်ကာ ရတနာအမဲလိုက်ခြင်းကျင့်စဉ်(နည်းစနစ်)ကို စတင်ကျင့်ကြံတော့သည်။ သူ၏ ကိုယ်အတွင်းမှ စွမ်းအင်များသည် တဖြည်းဖြည်းသန့်စင်လာပြီး ရတနာအမဲလိုက်ခြင်းကျင့်စဉ်၏ လမ်းညွှန်မှုများအတိုင်း စတင် လည်ပတ်နေပြီဖြစ်သည်။

ထိုအချိန်အခိုက်အတန့်တွင် အရှေ့အရပ်မှ နေရောင်ခြည်မှိန်ဖျော့ဖျော့သည် မြင့်တက်လာပြီး လူတစ်ယောက်နှင့် ခွေးတစ်ကောင်သည် ယန်-မိုးကြိုးသစ်ပင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေချိန်၌ နွေးထွေးသောပုံရိပ်တစ်ခုကို ပေါ်လွင်လာစေသည်။

......

ယွင်ရင်ဥယျာဉ်၊ ဇီယန်၏အိမ်တွင်

"အစ်မယန် ငါတို့အလုပ်သွားတော့မလို့လား။ အခုမှ မနက် ၇ နာရီပဲရှိသေးတယ်" ကျိုးဖေး သမ်းဝေလိုက်သည်။

ပုံမှန်အားဖြင့် သူမသည် မနက် ၈ နာရီအထိ အိပ်လေ့ရှိသည်။

"ဒီနေ့ အလုပ်စောစောသွားပြီးတော့ သီချင်းတွေ ပြီးအောင်ရွေးရအောင်။ မနက်ဖြန်ကျရင် မုန့်မုန့်နဲ့ကစားဖို့ သမုဒ္ဒရာပန်းခြံကို တစ်ရက်သွားမယ်"

"နင် ငါ့ကို ချန်ခဲ့လို့ရတယ်။ မနက်ဖြန်ကျရင် ကုမ္ပဏီမှာ သီချင်း MV ထွက်ဖို့ စီစဉ်စရာရှိတယ်တယ်" ကျိုးဖေး ခေါင်းယမ်းလိုက်သည်။

"နင်မလိုက်တော့ဘူးလား" ဇီယန်အနည်းငယ် ကြောင်သွားသည်။

"ငါက ဘာလို့လိုက်ရမှာလဲ။ မီးသီးတစ်လုံးဖြစ်ဖို့လား။ နင်တို့ မိသားစုသုံးယောက်နဲ့ ငါမလိုက်ပါဘူး" ကျိုးဖေး ရယ်မောစွာပြောလိုက်သည်။

"ဘယ်သူ့ မိသားစုသုံးယောက်လဲ"

"ဟားဟား အစ်မယန် ငါပြောတာမဟုတ်လို့လား။ အခုပဲကြည့် မုန့်မုန့် မုန့်မုန့် မုန့်မုန့် နဲ့ ပါးစပ်ကကို မချဘူး။ မုန့်မုန့် ဆိုတာက အဲ့အကောင်စဉ်းစားပေးခဲ့တဲ့နာမည်လေ။ မနေ့ကလည်း အဲ့အကောင်က သမုဒ္ဒရာပန်းခြံသွားဖို့ ပြောတာနဲ့ မင်းသူ့ကို ငြင်းတောင်မငြင်းခဲ့ဘူး။ ခင်ပွန်းဖြစ်သူတောင်းဆိုသမျှအားလုံးကို နာခံတဲ့ ဇနီးတစ်ယောက်ရဲ့ ပုံစံကို အပြည့်အဝတွေ့ရတယ်။ ငါတို့

မြောက်အမေရိကမှာ ရှိခဲ့တဲ့ နှစ်တွေမှာ မင်းဒီလို တစ်ခါမှ မဖြစ်ဖူးဘူး” ကျိုးဖေးပြောပြီး နှုတ်ခမ်းစူလိုက်သည်။

“အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့” ဇီယန်သည် ကျိုးဖေးကို စိုက်ကြည့်လိုက်သည်။

ကျိုးဖေး ဘာမှ ပြန်မပြောပေ။

အောက်ထပ်သို့ဆင်းလာပြီးနောက် အနက်ရောင် Mercedes Benz S600L ကားထဲသို့ဝင်လိုက်ကြသည်။ ဤကားသည် စုစုပေါင်း ယွမ် ၃ သန်း နီးပါးတန်ဖိုးရှိသည်။ ကားသည် ဇီယန် အလုပ်လုပ်စဉ် သုံးသည့် ကားဖြစ်သည်။ အများအားဖြင့် ကျိုးဖေးမှာ ကားမောင်းသူဖြစ်၏။

ကားနောက်ဘက်တွင် ထိုင်နေသော ဇီယန်၏အကြည့်သည် ပြတင်းပေါက် အပြင်ဘက်သို့လှမ်းကြည့်နေပြီး စိတ်နှင့်လူနှင့်မကပ်သည့်ပုံပင်။

မိသားစုသုံးယောက် သမုဒ္ဒရာပန်းခြံကို သွားကြမှာလား … ဟင်း…

ကျန်းဟန်အပေါ် ငါ့ရဲ့သဘောထားက ဘယ်လိုမျိုးလဲ...

အစပိုင်းတွင် ဇီယန်သည် သူမနှလုံးသားက ကျန်းဟန်အား ဖြတ်သွားဖြတ်လာတစ်ယောက်အဖြစ် သဘောထားသည်ဟု ထင်ခဲ့သည်။ သို့သော် အမှန်က ထို့သို့မဟုတ်တော့ချေ။

ကျန်းဟန်နှင့်ရင်ဆိုင်ရသည့်အခါတိုင်း ပုံမှန်ဆိုလျှင် တည်ငြိမ်ပြီး ဒေါသထွက်လေ့မရှိသည့် သူမသည် တည်ငြိမ်မှုကင်းမဲ့သွားရသည်။ ကျန်းဟန်၏ အပြောအဆိုနှင့် လုပ်ရပ်အားလုံးသည် ဇီယန်အပေါ်တွင် လွှမ်းမိုးမှုအချို့ရှိသည်။

ဖြစ်နိုင်တာက မုန့်မုန့်ကြောင့်ပဲနေမှာပါ...

ဇီယန် သူမ၏စိတ်ထဲတွင် သက်ပြင်းတစ်ချက်ချလိုက်သည်။

ဒါက အချစ်ဇာတ်လမ်းမဟုတ်တာတော့ သေချာတယ်

ဇီယန်၏စိတ်ထဲရှိ စွဲမက်ဖွယ်မင်းသားလေးမှာ ဘက်စုံထူးချွန်သူ၊ ရည်မွန်သည့်သူ၊ ယဉ်ကျေးသိမ်မွေ့သောသူ၊

အရည်အချင်းနှင့်ကိုယ့်ကျင့်သိက္ခာနှစ်ခုလုံး ပိုင်ဆိုင်ထားသူ ဖြစ်ပြီး ရုပ်ရည်အသင့်အတင့်လည်းရှိသူ ဖြစ်ရမည်။

ကျန်းဟန်ကဲ့သို့ ဒေါသကြီးပြီး ပျက်စီးနေသော သခင်လေးတစ်ယောက်မဟုတ်ပေ။ ပြီးတော့ သူမ၏ အနုပညာအလုပ်ကိုရော....သူ..သူဘာပြောခဲ့သနည်း။

"တီဗွီဖန်သားပြင်ပေါ်က နာမည်ကြီးတစ်ယောက်ပါပဲ၊ ပိုက်ဆံနဲ့ ပေါ့ပေါ့ပါးပါး ခေါ်လိုက်လို့ရတဲ့ သရုပ်ဆောင်တစ်ယောက်ကလွဲပြီး ဘာမှမဟုတ်ဘူး"

ဒါတွေက ဘယ်လိုစကားလုံးတွေလဲ?

တွေးကြည့်ရုံဖြင့်

ဇီယန်ဒေါသထွက်သွားလောက်အောင်ပင်၊ အထူးသဖြင့် ရန်ဖြစ်နေချိန်က ထိုအကောင်သည် "ဒီရှုပ်ထွေးနေတဲ့ ဖျော်ဖြေရေးနယ်ပယ်မှာ မင်းဆက်နေချင်တယ်ဆိုရင် ငါမင်းနဲ့အတူတူနေဖို့ မဖြစ်နိုင်ဘူး" ဟူ၍ပင် ပြောခဲ့သေးသည်။

ကျေးဇူးပြုပြီး ကျွန်မ ရှင်နဲ့ အတူတူနေချင်လို့ပါ လို့ ဘယ်တုန်းက ပြောခဲ့လို့လဲ။ ဒေါသကြီးပြီး ခေါင်းမာတဲ့သူကို ဘယ်သူက ကြိုက်နေလို့လဲ...

ကျန်းဟန်၏ပုံရိပ်သည် ဇီယန်စိတ်ထဲတွင် ပေါ်လာကာ ထိုစကားများကို သတိရသွားပြီး မိုန်ဖျော့နေသော ဒေါသမီးတောက်တစ်ခု ပေါ်ထွက်လာသည်။

"အစ်မယန် အစ်မယန်"

ကျိုးဖေးသူမကို နှစ်ကြိမ်တိုင်တိုင်အော်ခေါ်ပြီးမှ ဇီယန် တုံ့ပြန်ခဲ့သည်။

"အမ်" ဇီယန်ကြောင်အနေသည်။

"အစ်မဘာတွေတွေးနေတာလဲ။ ငါတို့ရောက်နေပြီ" ကျိုးဖေးပြောလိုက်သည်။

"အိုး..ဒါဆိုသွားကြမယ်လေ"

အဲ့ဒီခေါင်းမာတဲ့အကောင်ကို စဉ်းစားမနေတော့ဘူး။ အလုပ်သွားဖို့ အချိန်တန်ပြီ

ဇီယန် သူမကိုယ်သူမ စိတ်ထဲမှပြောလိုက်သည်။

......

နေရောင်ခြည်သည် တဖြည်းဖြည်း မြင့်တက်လာပြီး လူများသည် ၎င်းတို့၏ အလုပ်များ သို့မဟုတ် အားလပ်သည့်နေ့ကို စတင်ရန် အိမ်မှဆက်တိုက်ထွက်လာကြသည်။

ကျန်းဟန်သည်တော့ ယန်မိုးကြိုးသစ်ပင်၏အောက်တွင် တစ်နေကုန် ထိုင်နေခဲ့သည်။

မိုးကောင်းကင်ကြီးသည် တရွေ့ရွေ့နှင့် မှောင်လာခဲ့သည်။ ကျန်းဟန်သည် နောက်ဆုံးတွင် စွမ်းအင်များကို သူ၏ကိုယ်ပိုင်အဖြစ်သို့ ပြောင်းလဲကာ ချီသန့်စင်ခြင်းအဆင့်သို့ တက်လှမ်းခဲ့သည်။

ထိုတစ်နေ့လုံးတွင် တရုတ်ကျေးလက်ခွေးလေးသည် လက်ရှိ၌ ပြည်သူ့ရင်ပြင်တစ်ခုကဲ့သို့ဖြစ်နေသည့် လခြမ်းတောင်တစ်ဝိုက်တွင် ပြေးလွှားနေသည်။ ၎င်းသည် မတူညီသော ဧရိယာအသီးသီးကို လျှောက်သွားကာ အသားမြက်များအား စားနေသည်။ ထို့ပြင် အမြီးကို

စိတ်လှုပ်ရှားစွာ ငေ့ယမ်းပြီး ခွေးအိမ်တိုင်းကို အကြိမ်အနည်းငယ်ခန့် စက်ဝိုင်းပုံလျှောက်သွားနေခဲ့သည်။

ယန်မိုးကြိုးသစ်ပင်အောက်တွင် ကျန်းဟန်သည် သူ၏မျက်လုံးများကိုဖွင့်လိုက်သည့်အခါ တောက်ပသည့် အရိပ်အယောင်များက သူ့မျက်နှာပေါ်တွင် ဖြတ်သန်းသွားသည်။

မတ်တပ်ထရပ်လိုက်သည်နှင့် သူ၏တစ်ကိုယ်လုံးရှိ အရိုးများသည် ကွဲအက်သံများ ထွက်ပေါ်နေသည်။ ဤအခိုက်အတန့်တွင် သူသည် အသစ်တဖန် ပြန်လည်မွေးဖွားခဲ့ပြီဖြစ်ပေသည်။

ချီသန့်စင်ခြင်းအဆင့်သာ ရှိသော်လည်း ကျန်းဟန်သည် ၅၀၀ ကီလိုဂရမ်ကို လွယ်ကူစွာ မြှောက်နိုင်သည့် စွမ်းအားရှိသည်။ ထို့အပြင် စိတ်ဝိညာဉ်ချီ အသုံးပြုသည့်အခါ သူ၏အမြန်နှုန်းသည် အလွန်လျင်မြန်လာပြီး ကမ္ဘာ့ချန်ပီယံ စပရင်တာများ သို့မဟုတ် တာဝေးအပြေးသမားများကိုပင် ကျော်တက်သွားနိုင်သည်။

ကျန်းဟန်သည် ဤကဲ့သို့ခွန်အားရှိသော်လည်း သူသည် ၎င်းတို့နှင့် ယှဉ်ပြိုင်လိုခြင်းမရှိပေ။ သူသည် နိမ့်နိမ့်ချချနေရန် လိုအပ်ပေသည်။ အင်းစက်လေးများကို အနိုင်ယူနိုင်ခြင်းသည် ဂုဏ်ယူစရာမဟုတ်ပေ။

"ဝုတ်...ဝုတ်...ဝုတ်..."

ရုတ်တရက် ခွေးဟောင်သံကို ကြားလိုက်ရသည်။

ကျန်းဟန်အကြည့်များ အေးခဲသွားပြီး နက်ရှိုင်းသည့်လေသံဖြင့်ပြောလိုက်သည်။

"ဘယ်အင်းစက်လေးက ငါ့ရှေ့မှာ ဟောင်ရဲတာလဲ"

သူ့ခေါင်းကိုလှည့်ကြည့်လိုက်ချိန်တွင် ကျန်းဟန်သည် သူ့ကိုကယ်တင်ခဲ့သော တရုတ်ကျေးလက်ခွေးလေးကို တွေ့လိုက်ရသည်။

"ဟဟား။ ဒါဆို အဲ့ဒါမင်းပေါ့" ကျန်းဟန် ရေးရေးလေးပြုံးလိုက်သည်။

ဤခွေးလေးကို အစကတည်း သူရိပ်မိပေသည်။ ယခုသူပြောလိုက်သော စကားများသည် သူ၏

ပထအဆုံးအကြိမ် ကျင့်ကြံခြင်းလမ်းစဉ်သို့ ပြန်လည်ဝင်ရောက်ခြင်း ကို ဂုဏ်ပြုသည့်အနေဖြင့် ဟာသလုပ်ခဲ့ခြင်းသာ။

"ဝုတ်...ဝုတ်..."

တရုတ်ကျေးလက်ခွေးလေးသည် ကျန်းဟန်၏ ခြေထောက်နားသို့ ကပ်သွားသည်။

ကျန်းဟန်သည် ခွေးလေးကိုကြည့်ကာ သူ့ကိုယ်သူရေရွတ်လိုက်သည်။

"ထားလိုက်ပါ။ မင်းက ငါ့အပေါ်ကို ကြင်နာတဲ့နှလုံးသားရှိခဲ့တယ်။ ငါတို့ရဲ့ ကံကြမ္မာကလည်း ရောယှက်နေကြတယ်။ အခုချိန်ကစပြီး မင်းက ငါ့ကိုကူညီပြီး ကိုယ်ပိုင်နယ်မြေကို စောင့်ရှောက်ပေးဖို့ ငါ့ကိုပိုင်နယ်မြေရဲ့ အိမ်တော်ထိန်းလေး ဖြစ်လာလိမ့်မယ်"

"သန့်စင်သောယန်ရေစင်ကို ဒီကောင်ငယ်လေးအတွက် အရင်သုံးရမယ်လို့ မထင်ခဲ့ဘူး" ကျန်းဟန် ခေါင်းယမ်းလိုက်ပြီး လက်ကို ဆန့်ကာ ယန်မိုးကြိုးသစ်ပင်ကို ထိလိုက်သည်။

ရုတ်တရပ် ကျန်းဟန်၏အမူအရာမှာ ခဏရပ်တန့်သွားပြီးနောက် ရယ်မောလိုက်ရင်း “မင်းကံက တော်တော်လေးကောင်းတယ်”

တစ်ရက်ကြာသွားပြီးနောက် ယန်မိုးကြိုးသစ်ပင်သည် မကြာမီ ငြိမ်သက်သွားတော့မည် ဖြစ်သောကြောင့် ၎င်းသည် စွမ်းအင်ထုတ်လွှတ်နိုင်စွမ်းရှိတော့မည်ဟုတ်။ သို့သော်လည်း ‘မကြာမီ’ ဆိုသည့်စကားမှာ လက်ရှိတွင် ယန်မိုးကြိုးသစ်ပင်က နိုးထနေဆဲဖြစ်သည် ဆိုသည့် အဓိပ္ပာယ်ပင်။

“အိမ်တော်ထိန်း….ကြည့်ရတာ ငါ အရင်းအနှီးနည်းနည်းလောက် သုံးရတော့မယ်ထင်တယ်”

ကျန်းဟန် အသက်တစ်ချက်ရှူလိုက်ပြီးနောက် လက်နှစ်ဖက်လုံးကို ယန်မိုးကြိုးသစ်ပင်ပေါ်သို့ ဖိလိုက်သည်။ စိတ်ဝိညာဉ်စွမ်းအားများသည် ယန်မိုးကြိုးသစ်ပင်အတွင်း၌ အဆက်မပြတ် စုစည်းနေသည်။

ရုတ်တရက် ယန်မိုးကြိုးသစ်ပင်မှ အဖြူရောင်သလင်းကျောက်ရေစက်များ လွင့်ပျံလာသည်။

ရေစက်များသည် တရုတ်ကျေးလက်ခွေးလေး၏ နဖူးဆီသို့ လည်ဆွဲကြိုးကဲ့သို့ လွင့်မြောနေသည်။ ရေစက်လေးများက ခွေး၏နဖူးသို့ ရောက်သည့်အခါ ခွေး၏နဖူးထဲတွင် ကြယ်ရောင်အစက်လေးဖြစ်သွားသည်။

-C 20 End

wunzinnosp

## အခန်း(၂၁) ဘဏ္ဍာစိုး ရှောင်ပေး

သန့်စင်သောယန်ရေစင်၏ အာဟာရအောက်တွင် ကျိုးနေသော ခွေးလေး၏ခြေထောက်အရိုးမှာ တဖြေးဖြေး ပြန်လည်ကောင်းမွန်လာသည်။

ဤအခိုက်အတန့်တွင် ခွေးလေးသည် အလွန်တရာလန်းဆန်းသာယာဖွယ်ကောင်းခြင်းကို ခံစားရသောကြောင့် သူ၏မျက်လုံးများကို သဘောကျကျေနပ်စွာ မှိတ်ထားသည်။

သို့သော် ခွေးသည် ၎င်း၏အနှစ်သာရ အမြုအတေကို အဆင့်မြှင့်တင်လိုပါက နာကျင်မှုများစွာကို ခံစားရရန် လိုအပ်နေသေးသည်။

"မူလအစ"

ကျန်းဟန်၏မျက်လုံးများတွင် အလင်းရောင်တစ်ခုလင်းလက်သွားသည်။

"ဘန်း"

မိုးခြိမ်းသံတစ်ခု ထွက်ပေါ်လာပြီး ယန်မိုးကြိုးသစ်ပင်အတွင်းမှ စိမ်းရောင်ရင့်ရင့် လျှပ်စီးကြောင်းတစ်ခုကို မြင်တွေ့နိုင်သည်။

ဤသည် ယန်မိုးကြိုးသစ်ပင်၏ မူလအစ စွမ်းအားဖြစ်သည်။ တစ်စွန်းတစ်စသာရှိသော်လည်း ယန်မိုးကြိုးသစ်ပင်သည် အဆင့် ၅ စိတ်ဝိညာဉ်ရတနာတစ်ခုဖြစ်ကြောင်း မမေ့သင့်ပေ။

အဆင့် ၅ စိတ်ဝိညာဉ်ရတနာက ဘာအဓိပ္ပာယ်နည်း။ အဆင့် ၁ စိတ်ဝိညာဉ်ရတနာအဆင့်သာရှိသော

သန့်စင်သောယန်ရေစင်သည် ခွေးလေး၏ခြေထောက်ကို ပြန်လည်ကောင်းမွန်စေခဲ့သည်။ ဒါဆို အဆင့် ၅ စိတ်ဝိညာဉ်ရတနာဆိုရင်ရော မည်သို့နည်း။ စိတ်ဝိညာဉ်ရတနာတစ်ခု၏ မြှင့်တင်နိုင်စွမ်းသည် ယခင်အဆင့်ထက် ၂ ဆ ၃ ဆ ပိုမိုအားကောင်းနေရန်မှာ ပြသနာတစ်ခုမဟုတ်ကြောင်း သိရပေမည်။

ငင်းတစ်ခုတည်း စဉ်းစားကြည့်ရုံနှင့် အဆင့် ၅ စိတ်ဝိညာဉ်ရတနာ သည် မည်မျှကြောက်စရာကောင်းကြောင်း မြင်နိုင်သည်။

အစိမ်းရင့်ရောင် လျှပ်စီးကြောင်းသည် ခွေး၏ခန္ဓာကိုယ်ထဲသို့ ချက်ချင်းရောက်လာသည်။

ခွေးကို “အာဝူး” ဟုဖြစ်သွားစေပြီးနောက်တွင် ခွေးလေး၏ခန္ဓာကိုယ်မှာ တွန့်လိမ်သွားသည်။

အမှန်တကယ် သုခဘုံစံစားသည့်အခိုက်အတန့်ပြီးနောက် ငရဲကျသည့်အခိုက်အတန့်ရောက်လာသည်။

“အနှစ်သာရကို အသွင်ပြောင်းဖို့က အရမ်းခက်ခဲတယ်။ မင်းခံနိုင်ရည်ရှိမယ်လို့ မျှော်လင့်ပါတယ်”

ကျန်းဟန်ခေါင်းငုံ့လိုက်ပြီး တရုတ်ကျေးလက်ခွေးလေးကို ကြည့်လိုက်သည်။ ကျန်းဟန်သည် ခွေးလေး ခံနိုင်ရည်ရှိပါ့မလားဆိုတာ မသေချာပေ။

မကယ်၍ သူသာခံနိုင်ရည်ရှိခဲ့လျှင် အသစ်တစ်ဖန်ပြန်လည်မွေးဖွားနိုင်မည်ဖြစ်သည်။ သို့သော် ခံနိုင်ရည်မရှိခဲ့လျှင် သူ၏ဘဝက ဆုံးခန်းတိုင်သွားနိုင်သည်။

ကောင်းကင်သည် တရားမျှတသည်။ သာမန်ထက် သာလွန်ချင်သည်ဆိုပါက သာမန်မဟုတ်သည့် ဝေဒနာကို ခံနိုင်ရည်ရှိရမည်။

ကျန်းဟန်ကဲ့သို့ ကျင့်ကြံခြင်းလမ်းစဉ်၌ ချောချောမွေ့မွေ့ဖြင့် တည်ငြိမ်စွာဖြတ်သန်းခဲ့သည့် ကျင့်ကြံသူအရေအတွက်မှာ အလွန်နည်းပါးပါသည်။ ကျန်းဟန်၏ တိုးတက်နှုန်းသည် အလွန်လျင်မြန်သော်လည်း နောက်ဆုံးတွင် သူသည် အနှစ်တစ်သောင်းအတွင်း

တစ်ကြိမ်ပင် မြင်တွေ့ရခဲ့သည့် နဝမမြောက်ကောင်းကင်နတ်ဘုရားမိုးကြိုးကို ဆွဲဆောင်နိုင်ခဲ့သေးသည် မဟုတ်လော။

တရုတ်ကျေးလက်ခွေးလေးသို့ ပြန်သွားရသော် အစိမ်းရင့်ရောင် လျှပ်စီးကြောင်းထိမှန်သွားပြီးနောက် ၎င်း၏ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ် တွန့်လိမ်သွားကာ မျက်ဖြူများပင် လန်သွားခဲ့သည်။

ခွေးလေး၏သွားများသည် ဆက်တိုက်တုန်ခါနေပြီး အက်ကွဲသံများထွက်လာသည်။

၅ စက္ကန့်ထက်မနည်း တုန်ခါသွားပြီးနောက် ၎င်း၏သွားများ ကျွတ်ထွက်ကာ ခပ်ညစ်ညစ်အမွှေးများ ကျွတ်ကျကုန်ပြီး နောက်ဆုံးတွင် ခွေး၏နူးညံ့သော အရေပြားကို ပေါ်လာစေသည်။

ခွေး၏ခန္ဓာကိုယ်အတွင်းသို့ မီးရှူးမီးပန်း ပစ်လိုက်သကဲ့သို့ အရိုးအက်ကွဲသံများ တဖျောက်ဖျောက်နှင့် အဆက်မပြတ်ထွက်ပေါ်လာသည်ကို ကြားနိုင်သည်။

ခွေးလေး၏ခန္ဓာကိုယ်မှာ ဆမွိုင်းရဒ် ခွေးနှင့် အရွယ်အစားတူညီသည်အထိ ဆက်တိုက်ကြီးထွားလာခဲ့သည်။

နေးသည်ဟုထင်ရသော်လည်း အမှန်တကယ်မှာ အလွန်မြန်ပါသည်။ တစ်မိနစ်ကြာပြီးနောက် ခွေးလေး၏အရွယ်အစားမှာ အပြည့်အဝကြီးထွားလာခဲ့ပြီး တက်ဘန်တန် မက်စ်တက် အရွယ်အစားထိကြီးထွားလာခဲ့သည်။

တိုက်ရိုက်စကားလုံးဖြင့်ပြောရသော် သူ၏အရပ်မှာ တစ်မီတာကျော်မြင့်သည်။ မတ်တပ်ရပ်လိုက်သည့်အခါ ကျန်းဟန်၏ ပုခုံးကို အလွယ်တကူရောက်သွားနိုင်၏။ ကျန်းဟန်၏အရပ်မှာ ၁.၈ မီတာ ရှိပါသည်။

ခွေး၏ခြေထောက်လေးချောင်းသည်လည်း အလွန်တုတ်ခိုင်သည်။ ၎င်း၏ခန္ဓာကိုယ်မှာ အစိမ်းရင့်ရောင် မိုးကြိုးမထိမှန်ခင် အခိုက်အတန့်က ခန္ဓာကိုယ်၏ အဆင့်မြင့်ဗားရှင်းနှင့် တူပေသည်။ တစ်ချိန်တည်းမှာပင် သူ၏ပါးစပ်ထဲမှာသွားများ ပြန်ပေါက်လာပါတော့သည်။

ခွေးလေးသည် ပါးစပ်ကို ဟပြီး နာကျင်စွာ အော်ဟစ်နေသည်။ ပါးစပ်၏ အကွဲကြောင်းလေးများမှ သူ၏ချွန်ထက်သည့် အစွယ်များကို တွေ့နိုင်သည်။

ထိုသွားများသည် အစားအသောက်ကို ဝါးနိုင်သည့်သွားများဖြစ်ပြီး သွားတိုက်ဆေးကြော်ငြာရိုက်ရန်ပင် ကမ်းလှမ်းခံရနိုင်သည့် သွားများဖြစ်သည်။

အလွန်လျင်မြန်ပေသည်။ ခွေး၏အမွေးများ အားလုံးပြန်ပေါက်လာသည်။ အမွေးများက ယခင်ပုံစံနှင့် တူသော်လည်း အနှစ်သာရမှာ ပြောင်းလဲသွားသည်။

ခွေး၏ကိုယ်ပေါ်ရှိ အနက်ရောင်အမွေးများသည် မှင်ကဲ့သို့ နက်မှောင်သော အရောင်ရှိသည်။ အမွေးများ၏အရှည်က ယခင်ကထက် နှစ်ဆပိုရှည်လာသည်။ ခွေးလေး၏ကိုယ်ပေါ်ရှိ ရွှေရောင်အမွေးအနည်းငယ်သည် ယခင်က ရွှေဖြူရောင်ဖြစ်သော်လည်း ယခု သန့်စင်သောရွှေရောင်တောက်ပလာသည်။

နားရွက်အတွင်းဘက်ရှိ အမွေးများ၊ မျက်လုံးအထက် မျက်ခုံးအတွင်းထောင့်၊ မျက်နှာအောက်ပိုင်း၊ မေးစေ့၊ ဗိုက်အောက်ရှိ သေးငယ်သောအပိုင်းနှစ်ပိုင်းနှင့် ခြေထောက်အောက်တစ်ဝက်သည် ရွှေရောင်ဖြစ်သည်။

ခြေသည်းများမှာတော့ အနက်ရောင်သာရှိသေးသည်။ အနက်ရောင်နှင့် ရွှေရောင်ရောစပ်ထားသော ခွေးလေးသည် အထက်တန်းဆန်သည့် ခံစားမှုမျိုးကို ပေးစွမ်းသည်။

ခွေးမွေးများ ပေါက်လာပြီးနောက် ၎င်း၏ အသွင်ပြောင်းမှုမှာလည်း ပြီးဆုံးသွားခဲ့သည်။

ခွေးလေးသည် မြေပြင်ပေါ်တွင် လဲလျောင်းနေပြီး သေခါနီးအသွင်အပြင်ကို ပြသကာ နှစ်ကြိမ်တိုင်တိုင် ညည်းတွားခဲ့သည်။ သို့သော် ကျန်းဟန် ရှေ့တစ်လှမ်းတိုးပြီး ထွက်ခွာတော့မည်ကို မြင်လိုက်သဖြင့် ချက်ချင်းထခုန်ပြီး ကျန်းဟန်၏ပတ်ပတ်လည်တွင် ခုန်ပေါက်ပြေးလွှားနေတော့သည်။

ခွေးလေး၏သန်မာသည့်အကြည့်ကို တွေ့လိုက်ရ၏။ ယခင်က ဘယ်သူမဆိုသတ်ပစ်နိုင်တဲ့ တရုတ်ကျေးလက်ခွေးလေးက ဘယ်ရောက်သွားသနည်း။ ယခုချိန်မှာတော့ ခွေးလေးသည် ခွေးတို့၏ကမ္ဘာမှ ခွေးမင်းသားတစ်ပါးကဲ့သို့ပင်။

"အခုကစပြီး မင်းကို ရှောင်ဟေး လို့ခေါ်မယ်" ကျန်းဟန် ခွေးလေး၏ခေါင်းကို ပုတ်ရန် သူ၏လက်ကို ဆန့်တန်းရင်း ပေါ့ပေါ့ပါးပါးပြုံးလိုက်သည်။

(ရှောင်ဟေး ဆိုတာ အနက်လေးလို့ အဓိပ္ပာယ်ရပါတယ်)

ရှောင်ဟေး မှာ သူ၏နာမည်ဆိုသည်ကို သိလိုက်ရသဖြင့် ရှောင်ဟေး၏အမြီးမှာ အလွန်ပျော်ရွှင်နေသည့်ဟန်ဖြင့် နှံ့လိုက်ပြီး အလွန်ပျော်ရွှင်နေသည့်ပုံကိုပြသည်။

"ဒီခွေးက ဒီကမ္ဘာမှာ ဉာဏ်အကောင်းဆုံးခွေး ဖြစ်သင့်မလား"

ကျန်းဟန် သူ့ကိုယ်သူ ရေရွတ်လိုက်ပြီး အဝေးမှ မြက်ပင်များကို လက်ညှိုးထိုးကာ "တစ်ပင် သွားရွေးခဲ့"

ထိုအသံကိုကြားတော့ ရှောင်ပေါ်ား၏ခန္ဓာကိုယ်သည် မြက်ပင်ဆီသို့ အပြေးအလွှားသွားသည်။ သူ၏အရှိန်မှာ အလွန်လျင်မြန်သည်။ အသားမြက်တစ်ပင်ကို ကိုက်ချီပြီးနောက် အမြန်ပြန်ပြေးလာကာ ကျန်းဟန်၏နောက်ထပ်အမိန့်ကို စောင့်မျှော်နေသကဲ့သို့ ကျန်းဟန်ရှေ့တွင် ထိုင်နေသည်။

"မင်းစားလို့ရတယ်" ကျန်းဟန်ခေါင်းယမ်းလိုက်ပြီး သူနားလည်နိုင် နားမလည်နိုင် ဂရုစိုက်မနေတော့ဘဲပြောလိုက်သည်။

"အခုကစပြီး မင်းက ဒီနေရာရဲ့ အိမ်တော်ထိန်းလေး ဖြစ်သွားပြီ။ ဒီနေရာကို ကောင်းကောင်းဂရုစိုက်။ တခြားသူတွေကို ဒီနေရာလာခွင့် မပေးနဲ့"

ကျန်းဟန်သည် သူ၏လက်များကို ဆန့်ထုတ်လိုက်ပြီး အကြိမ်အနည်းငယ် လက်ဟန်ပြသည်။

"ဝုတ်...ဝုတ်..." ရှောင်ပေါ်ားသည် ကျန်းဟန်ကို နားလည်ကြောင်းဖော်ပြသည့်အနေဖြင့် နှစ်ကြိမ်ဟောင်သည်။

“ဘယ်သူက ပိုမြန်လဲ ကြည့်လိုက်ရအောင်” ကျန်းဟန်သည် အနည်းငယ်ပြုံးလိုက်သည်။

ကျန်းဟန်၏ခန္ဓာကိုယ်အတွင်းမှ စိတ်ဝိညာဉ်စွမ်းအားသည် သူ၏ခြေထောက်အတွင်း စုစည်းနေသည်။ သူ၏ခြေဖျားများက မြေပြင်ကို ထိလိုက်သည့်အခါ သူ၏ခန္ဓာကိုယ်တစ်ခုလုံး မြှားတစ်စင်းပစ်လွှတ်လိုက်သကဲ့သို့ ပြေးထွက်သွားသည်။ အနီးကပ်ကြည့်လိုက်မည်ဆိုပါက ကျန်းဟန်၏ခြေဖျားများမှာ မြေပြင်ကို လုံးဝမထိသည်ကို တွေ့နိုင်သည်။ မြက်ခင်းပြင်ကို ပေါ့ပေါ့ပါးပါးထိလိုက်ပြီးနောက် ကျန်းဟန်၏ခန္ဓာကိုယ်သည် ရှေ့သို့ရွေ့လျားနေပြီဖြစ်သည်။

သိုင်းပညာရှင်တစ်ယောက်သာ ဤနေရာတွင် ရှိလျှင် “မြက်ခင်းပြင်ထက်မှာ ပျံသန်းခြင်း” ဟူသော စကားကို တအံ့တသြရေရွတ်မိမည်မှာ သေချာသည်။

၎င်းကိုမြင်တော့ ရှောင်ဟောသည် ကျန်းဟန်၏အနောက်သို့ အလျင်အမြန်ပြေးလိုက်သွားသည်။ ခြေတစ်လှမ်းတိုင်းသည် ရှေ့သို့ ၃ မီတာ လှမ်းနိုင်ခဲ့သည်။ ကျန်းဟန်၏အနောက်သို့ အနီးကပ်လိုက်ကာ လေချွန်နေသော ခြသေ့်တစ်ကောင်ကဲ့သို့ ဟန်ချက်ညီညီပြေးသွားသည်။

တောင်အောက်ရှိ ဂျစ်ကားဆီသို့ တစ်လမ်းလုံးပြေးသွားပြီးနောက် ကျန်းဟန်သည် ကားကိုဖွင့်ကာ ရေသန့်တစ်ဘူးထုတ်လိုက်ပြီး ရေကို လမ်းဘေးသွန်ချလိုက်သည်။ သူသွန်ပြီးသည်နှင့် ရှောင်ဟောသည် နောက်ဆုံးတွင် ဤနေရာသို့ ပြေးလွှားရောက်ရှိလာသည်။

တစ်ကီလိုမီတာအကွာအဝေးကို ပြေးဆင်းသွားပြီးနောက်တွင် ရှောင်ဟောသည် တစ်ချက်ကလေးမှ မောပန်းခြင်းမရှိပေ။ ၎င်း၏ ကာယကြံ့ခိုင်မှုမှာ ပိုမိုအားကောင်းလာသည်။

"ပြန်ပြေးရအောင် ။ မင်းကို မီတာ ၃၀၀ အကြောပေးမယ်။ သွား"

ကျန်းဟန်ပြောလိုက်ပြီး ရှောင်ပေးသည် သူ၏စကားကို နားလည်မလည် စမ်းသပ်ရန် စောင့်ကြည့်နေလိုက်သည်။

သို့သော် သူ၏စကားကို ကြားသည်နှင့် ရှောင်ပေးသည် ချက်ချင်းလှည့်ပြေးတော့သည်။ ရှောင်ပေး၏တုံ့ပြန်မှုက ကျန်းဟန်ကို အနည်းငယ် မှင်သက်သွားစေသည်။

“ကြည့်ရတာ ... သူ့ရဲ့ဦးနှောက်ဆင့်ကဲဖြစ်စဉ်က တော်တော်ကောင်းတယ်ထင်တယ်”

ကျန်းဟန် အနည်းငယ် မျှော်လင့်ချက်မဲ့သလိုခံစားလိုက်ရသည်။

ခွေးအမျိုးအစားများ အမျိုးမျိုးရှိကြပြီး တစ်မျိုးစီသည် ဉာဏ်ရည်မတူညီကြပေ။ ဥပမာအားဖြင့် ဉာဏ်ရည် အဆင့် ၄ ရှိသည့် Golden Retriver ဆိုပါစို့။ အရွယ်ရောက်ပြီးသော ဂိုးဒင်းရီထရီဗာ တစ်ကောင်၏ ဉာဏ်ရည်ဉာဏ်သွေးသည် အသက် ၇ နှစ် ၈ နှစ် အရွယ် ကလေးတစ်ဦးနှင့် ညီမျှသည်။

ကျေးလက်ခွေးတစ်ကောင်၏ ဉာဏ်ရည်သည် ထိုမျှမသန်မာသော်လည်း ယန်မိုးကြီးသစ်ပင်နှင့်

သန့်စင်သောယန်ရေစင်၏ အကူအညီဖြင့် ရှောင်ဟေး၏ ဉာဏ်ရည်ဉာဏ်သွေးသည် အဆင့်များစွာ မြင့်တက်လာဖွယ်ရှိသည်။

ယန်မိုးကြိုးသစ်ပင်ဆီသို့ ပြန်ပြေးသွားပြီးနောက် ကျန်းဟန်သည် ရှောင်ဟေး၏ခေါင်းကို ဦးစွာပုတ်လိုက်ပြီး သူ၏လက်နှစ်ဖက်အား ယန်မိုးကြိုးသစ်ပင်ပေါ်သို့ ဖိလိုက်သည်။ ကျန်းဟန်၏ခန္ဓာကိုယ်ထဲမှ စိတ်ဝိညာဉ်စွမ်းအားသည် စိမ့်ဝင်သွားပြီး ယန်မိုးကြိုးသစ်ပင်အား ၎င်း၏အောက်ရှိ ဂူအတွင်းမှ သန့်စင်သောယန်ရေစင်ကို စုပ်ယူရန် ညွှန်ကြားလိုက်သည်။

ပထမအကြိမ်အသွင်ပြောင်းပြီးနောက် အဝိုင်းပုံစံ လိုဏ်ဂူအတွင်းရှိ စိတ်ဝိညာဉ်ရေသည် ပြည့်လျှံလာပြီး မွေးမြူရေးဇရိယာနှင့် အိမ်မွေးတိရစ္ဆာန်ဇရိယာရှိ ရေကန်များသည်ပင် စိတ်ဝိညာဉ်ရေများဖြင့် ပြည့်နေသည်။

စိတ်ဝိညာဉ်ရေမှာ အများအပြားရှိသော်လည်း သန့်စင်သောယန်ရေမှာ အလွန်နည်းပါးသည်။

ရရှိနိုင်သည့် သန့်စင်သောယန်ရေပမာဏမှာ ၉ လီတာမှ ၁၀ လီတာခန့်သာ ရှိသည်။ ရှောင်ဟေးအတွက်သုံးခဲ့သည့် ပမာဏမှာပင် တစ်လီတာဖြစ်နေပြီဖြစ်သည်။

ယခု သန့်စင်သောယန်ရေ ၉ လီတာ ကျန်သေးသည်။ ကျန်းဟန်သည် သန့်စင်သောယန်ရေကို ၆၀၀ မီလီလီတာကို ထည့်သွင်းရန် ရေသန့်ဘူးခွံကို အသုံးပြုခဲ့သည်။ ၎င်းကို မုန့်မုန့် သောက်ရန်အတွက် ပြင်ဆင်ထားသည်။

သန့်စင်သောယန်ရေသည် လူတစ်ဦး၏ကိုယ်ခန္ဓာကို မြှင့်တင်ပေးနိုင်သည်။ သို့သော် တစ်ကြိမ် လုံလောက်အောင် သောက်သုံးပြီးနောက် သန့်စင်သောယန်ရေကို ဆက်လက်သောက်သုံးခြင်းသည် ဖြုန်းတီးခြင်းဖြစ်သည်။ လူတစ်ယောက်၏ခန္ဓာကိုယ်က စုပ်ယူနိုင်သည့် စွမ်းအင်ပမာဏမှာ အကန့်အသတ်ရှိသည်။ သန့်စင်သောယန်ရေတစ်ဘူးက မုန့်မုန့်တစ်ယောက်တည်း သောက်ရန်အတွက် များလွန်းသဖြင့် ကျန်းဟန်သည်

ဇီယန်ကိုပါ သန့်စင်သောယန်ရေကို တိုက်ရန် ရည်ရွယ်ထားသည်။

ဘာပဲဖြစ်ဖြစ် ဇီယန်သည် မုန့်မုန့်ကို မွေးဖို့အတွက် ကိုယ်ဝန်ကို ၁၀ လ လွယ်ကာ ဖြတ်သန်းခဲ့ရပေသည်။

ရေဘူးကို သန့်စင်သောယန်ရေဖြည့်ပြီးနောက် ကျန်းဟန်သည် တောင်ပေါ်မှဆင်းသွားခဲ့သည်။ တောစပ်မှနေ၍ ရှောင်ဟေးဘက်သို့ လက်ဝှေ့ယမ်းပြလိုက်ပြီး ကိုယ်ပိုင်နယ်မြေကို စောင့်ရှောက်ရန် မှာကြားကာ ကားကိုမောင်းထွက်ခဲ့သည်။

ယခုအချိန်တွင် ကောင်းကင်သည် တဖြည်းဖြည်း မှောင်လာပြီဖြစ်သည်။ ကျန်းဟန်သည် စားသောက်ဆိုင်သို့ ဦးစွာမောင်းသွားခဲ့သည်။

စားသောက်ဆိုင်ထဲတွင် ပြင်ဆင်မွမ်းမံမှုများသည် တောမီးကဲ့သို့ပင် ဆက်လက်တည်ရှိနေသေးသည်။ တစ်ရက်အတွင်း ပထမထပ်သည် ကြွေပြားတစ်ဝက်ခင်းပြီးသွားပြီး မီးဖိုချောင်ရှိ

အုတ်နံရံများလည်း အနည်းအကျဉ်းခင်းထားသည်။ ဒုတိယထပ်တွင် ကြမ်းခင်းကြွေပြားများခင်းထားပြီး အလုပ်သမားများသည် နံရံများနှင့် အခြားအရာများအား အလှဆင် မွမ်းမံလျက်ရှိသည်။

ပထမထပ်သို့ပြန်လာပြီးနောက် ကျန်းဟန်သည် သူ၏နှာခေါင်းဆီသို့ စိတ်ဝိညာဉ်စွမ်းအားကို လှည့်ပတ်ကာ သူ၏ရတနာအနံ့ခံနှာခေါင်းကို အသုံးပြုလိုက်သည်။

ကြမ်းခင်းကြွေပြားများ၊ အုတ်နံရံများ၊ တီဗွီကပ်နံရံကျောက်စိမ်းများအထိ အရာအားလုံးသည် အစစ်ဖြစ်ကြောင်း ခံစားလိုက်ရသောကြောင့် ကျန်းဟန်စိတ်ချသွားခဲ့သည်။

ကျောက်ခိုင်သည် ရိုးသားသောကုန်သည်တစ်ယောက်ဖြစ်ပုံရသည်။

စကားအနည်းငယ်ပြောပြီးနောက် ကျန်းဟန်သည် စားသောက်ဆိုင်မှ ထွက်လာခဲ့ပြီး တည်းခိုရန် အနီးအနားရှိ ဟိုတယ်တစ်ခုကို ရှာဖွေလိုက်သည်။

ထိုညတွင် ဇီယန်ထံမှ ဖုန်းဝင်လာခဲ့သည်။ စကားများက ရိုးရှင်းပြီး မနက်ဖြန် မနက် ၁၀ နာရီတွင် သမုဒ္ဒရာပန်းခြံဝင်ပေါက်၌တွေ့ရန် ကျန်းဟန်ကိုပြောခြင်းဖြစ်သည်။

ညသည်ကား စကားလုံးများကင်းမဲ့ကာ တိတ်တဆိတ်ပင်ကုန်ဆုံးသွားခဲ့သည်။

နောက်တစ်နေ့ မနက်ခင်း ၉ နာရီတွင်။

"ဖေးဖေး ငါ့ပုံစံက တကယ်အဆင်ပြေရဲ့လား၊ တစ်ယောက်ယောက်က ငါ့ကိုမှတ်မိသွားရင် ဘယ်လိုလုပ်မလဲ" ဇီယန်သည် မှန်ကိုကြည့်ကာ အနည်းငယ်စိတ်လှုပ်ရှားနေသည့် လေသံဖြင့် ပြောလိုက်သည်။

နာမည်ကြီးတစ်ယောက်အနေဖြင့် ပေါ့ပေါ့ပါးပါးအပြင်ထွက်ရန် မဖြစ်နိုင်ပေ။ ဇီယန်သည် သူမအလွန်နာမည်ကြီးခဲ့သည့်အချိန်က အဖြစ်အပျက်ကို သတိရမိတုန်းပင်။ ရှော့ပင်းမောလ်တစ်ခုတွင် သူမကို

မှတ်မိသွားကြပြီး တစ်နာရီကျော်ကြာအောင် ပိတ်မိနေခဲ့ဖူးသည်။

သို့သော် ယနေ့တွင်တော့ အတိတ်ကနှင့်မတူတော့သော်လည်း ဇီယန်သည် မသိစိတ်တွင် စိုးရိမ်ပူပန်နေသေးသည်။

"အစ်မယန် နင်ငါ့မိတ်ကပ်စကေးကို မယုံဘူးလား" ကျိုးဖေးကူကယ်ရာမဲ့စွာပြောသည်။

"နင့်ကို ဘယ်သူမှ မမှတ်မိနိုင်ဘူးလို့ ငါအာမခံပါတယ်။ ငါတို့လမ်းမှာတွေ့လို့ နင့်ရဲ့ဒီပုံစံနဲ့တွေ့ရင် တခြားသူမပြောနဲ့ ငါတောင်နင့်ကို မှတ်မိမှာမဟုတ်ဘူး"

"တကယ်လား" ဇီယန် မှန်ထဲမှတဆင့် သူမကိုယ်သူမ ကြည့်လိုက်သည်။

ရွှေအိုရောင်ဆံပင်တိုတို၊ ဆံပင်ဂုတ်ဝဲပုံစံ။ ၎င်းက သူမဝတ်ထားသည့် ဆံပင်အတုပင်။ သူမ၏တောက်ပြောင်သော အနက်ရောင်ဆံနွယ်ရှည်များကို

အပေါ်သို့ ထုံးထားပြီး သေချာအနီးကပ်မကြည့်ပါက ရှာတွေ့နိုင်မည်မဟုတ်ပေ။

ခန္ဓာကိုယ်အပေါ်ပိုင်းမှာတော့ ရိုးရိုးလက်တို အင်္ကျီအဖြူကို ဝတ်ဆင်ထားပြီး အောက်ပိုင်းမှာတော့ ဖြူဖွေးသွယ်လျသောသူမ၏ခြေတံလေးများကို ထုတ်ဖော်ထားသည့် ဘောင်းဘီတိုကို ဝတ်ဆင်ထားသည်။ သူမ၏ခြေထောက်များက ခြေကျင်းဝတ်နားတွင် ပန်းရောင်ခြေအိတ်လေးများကို ပေါ်လွင်သော စနီကာဖိနပ်တစ်ရံကို ဝတ်ဆင်ထားသည်။

ဤကဲ့သို့ ဝတ်စားဆင်ယင်ပုံမျိုးသည် မြင်တွေ့နေကျပုံစံမျိုးဖြင့်ကွဲထွက်နေသော်လည်း သူမစင်ပေါ်တွင်ရှိစဉ် မရနိုင်သည့် ခံစားချက်မျိုးဖြစ်သည်။ ဤဝတ်စားဆင်ယင်မှုပုံစံသည် အရိုင်းဆန်ပြီး တက်ကြွသည့်အရိပ်အယောင်များရှိသည်။

သူမ၏မျက်နှာကို ကြည့်လိုက်ရာ ဖြူဖွေးသောပါးပြင်ပေါ်တွင် ကျိုးဖေးဆွဲထားသော

မှဲ့နှစ်ပေါက်ရှိနေသည်။ မှဲ့နှစ်ခုသည် ပါးပြင်နှစ်ခုလုံး၏အလယ်တွင် တစ်ခုစီရှိနေသည်။ သူမ၏မျက်တောင်များက အလွန်ရှည်နေသည်။ သူမ၏မျက်လုံးအပြင်ဘက်ထောင့်နှစ်ဖက်ပေါ်တွင် အနည်းငယ်မြှင့်ထားသည့် မျဉ်းတစ်ကြောင်းကိုဆွဲထားသည်။

အပြာရင့်ရောင် မျက်ကပ်မှန်ကို သူမ၏မျက်လုံးများတွင် ဝတ်ဆင်ထားပြီး မိုးမခမျက်ခုံးများကိုလည်း မျဉ်းတစ်ကြောင်းကဲ့သို့ ပုံဖော်ထားသည်။

"ဖေးဖေး ဒီမှဲ့နှစ်ကောင်က အရမ်းရုပ်ဆိုးနေတယ်။ မှဲ့တွေကို ဘယ်လိုဖယ်ရမလဲ" ဇီယန် အလွန်နေရခက်သည့်ဟန်ဖြင့် ပြောသည်။

ကျိုးဖေးက မျက်လုံးကလယ်ကလယ်လုပ်ကာ ရယ်မောရ၍ပြောလိုက်သည်။

"ဘယ်သူမှ မင်းကို မမှတ်မိစေချင်ဘူးဆိုရင် ဒီတိုင်းပဲထားတာ အကောင်းဆုံးပဲ"

"ဒါပေမဲ့…" ဇီယန် တုံ့ဆိုင်းသွားသည်။ ဤမိတ်ကပ်ပုံစံမှာ သူမကို ခံစားမှုတစ်မျိုးပေးသော်လည်း နည်းနည်းတော့ ရုပ်ဆိုးစေသည်။

မိန်းကလေးများသည် သဘာဝကျကျပင် လှလှပပဝတ်စားကာ သူတို့ကိုယ်သူတို့ လှလှလေး ပြင်ဆင်လိုကြသည်။

"ဒါပေမဲ့လုပ်မနေနဲ့။ ဒီတိုင်းပဲထားလိုက်တော့။ မြန်မြန်သွားကြရအောင်"

ကျိုးဖေးသည် အိပ်ခန်းဆီသို့ လှမ်းကြည့်ကာ အော်ခေါ်လိုက်သည်။

"မုန့်မုန့် မြန်မြန်လာ၊ ငါတို့သွားတော့မယ်"

"လာပြီ လာပြီ" မုန့်မုန့်သည် ဝမ်းသာအားရမျက်နှာလေးဖြင့် ပြေးထွက်လာသည်။

သူမလေးသည် စောစောက အိပ်ခန်းထဲတွင် နှာနှိုသောက်နေခြင်းဖြစ်သည်။ လောလောဆည်တွင် သူမ၏ပါးစပ်ထောင့်တွင် နို့ရည်များ စီးကျနေသေးသည်။

မင်းသမီးလေး၏ ဝတ်စားဆင်ယင်ပုံမှာ အလွန်ဖက်ရှင်ကျသည်။ အဖြူရောင် ကပ်(ပ်)ရှိ ဘောင်းဘီနှင့် အပြာနုရောင်ရှပ်အင်္ကျီလက်တိုကို ဝတ်ဆင်ထားပြီး စနီကာသေးသေးလေးကို စီးထားသည်။ သူမလေးသည် ပြေးသွားကာ ဇီယန်၏ခြေတံရှည်ရှည်လေးများကို ပွေ့ဖက်ပြီး အော်လိုက်သည်။

"မေမေ ချီပေးပါ ချီပေးပါ"

ဇီယန် အောက်ကိုငုံ့ကာ မုန့်မုန့်ကို ပွေ့ချီလိုက်သည်။ မင်းသမီးလေး၏ကိုယ်မှာ ၁၅ ကီလိုဂရမ် လေး၏။ ဇီယန်၏ သေးသေးသွယ်သွယ် ခန္ဓာကိုယ်ဖြင့် မုန့်မုန့်ကို ခဏလောက် ပွေ့ချီထားရသည်မှာ အဆင်ပြေသည်။ သို့သော် သူမ မုန့်မုန့်ကို အချိန်အတော်ကြာ ချီထားရပါက ပင်ပန်းလာလိမ့်မည်။

အောက်ထပ်သို့ဆင်းလာပြီးနောက် ကျိုးဖေးသည် ကားကို သမုဒ္ဒရာပန်းခြံသို့မောင်းလာခဲ့သည်။ သားအမိနှစ်ယောက်ကို ပို့ပေးပြီးနောက် ကုမ္ပဏီသို့ အလုပ်သွားလုပ်ရန် ရည်ရွယ်ထားသည်။

"ဖေဖေ ဘယ်မှာလဲ"

လူများသည် သမုဒ္ဒရာပန်းခြံဝင်ပေါက်တွင် ဝင်ထွက်သွားလာနေကြသည်။ မုန့်မုန့်၏အကြည့်များသည် လူအုပ်ကြားတွင် သူမဖေဖေကို ရှာတွေ့ချင်နေသည်။

-C 21 End

wunzinnosp

## အပိုင်း(၂၂) မိသားစုသုံးယောက်၏ခရီးစဉ်

"မေမေ ဖေဖေ့ကိုဖုန်းခေါ်ပေးပါ"

ဇီယန်၏ညာလက်သည် မုန့်မုန့်ကို ခက်ခက်ခဲခဲပွေ့ချီထားပြီး သူမ၏ဘယ်ခက်က အိတ်ထဲမှ ဖုန်းကိုရှာနေသည်။

"အာ ဖေဖေ၊ ဖေဖေက ဒီမှာ၊ ဖေဖေကဒီမှာ"

မင်းသမီးလေး၏မျက်လုံးများသည် အလွန်စူးရှသည်။ ကျန်းဟန်သည် အခြားတစ်ဖက်ဆီမှ သူတို့ဆီသို့လျှောက်သွားသောအခါ မင်းသမီးလေးသည်

နေ့ရောညပါ တောင့်တနေသော သူမ၏ဖေဖေကို ချက်ချင်းတွေ့လိုက်သည်။

ထို့ကြောင့် သူမလေးသည် သူမဖေဖေကို ပွေ့ဖက်ဖို့ တောင်းဆိုရန် သူမ၏လက်လေးများကို ဆန့်ထုတ်ရင်း ဇီယန်၏ရင်ခွင်ထဲတွင် လှုပ်ခါနေတော့သည်။

"ပူတူးတူးလေး ဖေဖေ့ကို လွမ်းနေပြီလား"

"လွမ်းတယ် လွမ်းတယ် လွမ်းတယ်" မုန့်မုန့်သည် ကျန်းဟန်၏ပါးကို ညင်သာစွာနမ်းလိုက်သည်။

"ဖေဖေ့ကို ဘယ်လောက်လွမ်းလဲ" ကျန်းဟန်ပြုံးလိုက်သည်။

"အရမ်း အရမ်း အရမ်း လွမ်းတယ်" မုန့်မုန့်သည် ကျန်းဟန်၏လည်ပင်းကိုဖက်ထားပြီး ကျန်းဟန်၏ပါးကို သူမ၏ပါးလေးဖြင့် ကပ်ထားသည်။

"ဟဟားဟား..." ကျန်းဟန် တောက်ပစွာရယ်မောလိုက်ပြီး ညာဘက်လက်မှ

လက်မှတ်သုံးစောင်ကို လှူပ်ခါပြကာ "လက်မှတ်ဝယ်ပြီးပြီ ဝင်ကြရအောင်" ဟု ပြောလိုက်သည်။

"ကောင်းပြီ ကောင်းပြီး သွားကစားကြမယ်။ အရမ်းအရမ်းမြင့်တဲ့ ချားရဟတ်ကစားမယ်" မုန့်မုန့်သည် သူမလေး၏ လက်ကလေးနှစ်ဖက်ကို ဝမ်းသာအားရမြှောက်လိုက်သည်။

ကျန်းဟန်က ဘေးနားတွင် တိတ်ဆိတ်စွာရပ်နေသော ဇီယန်ကို တစ်ချက်ကြည့်လိုက်သည်။ သူမသည် အရွယ်အစားကြီးမားသော နေကာမျက်မှန်ကို ဝတ်ဆင်ထားသဖြင့် သူမ၏မျက်နှာအမူအရာကို မမြင်နိုင်ပေ။

သို့သော် ကျန်းဟန် သူမနှင့်စကားပြောသည့် လေသံက မုန့်မုန့်နှင့်စကားပြောစဉ်က လေသံလောက် နူးညံ့မှုမရှိချေ။ သူ၏အသံမှာ အနည်းငယ်အေးစက်စက်ဖြစ်သွားပြီး

"ဝင်ကြရအောင်" ဟုပြောလိုက်သည်။

ပြောပြီးသည်နှင့် သူသည် မုန့်မုန့်ကို ချီကာ ဝင်ပေါက်ဆီသို့ လျှောက်သွားသည်။

ဇီယန် ခဏလောက် မှင်သက်သွားကာ သူမ၏နှလုံးသားထဲတွင် ဒေါသများခံစားလိုက်ရသည်။

အဲ့ဒါ ဘာအဓိပ္ပာယ်လဲ... ငါနဲ့စကားပြောရင် အဲ့လိုလျစ်လျူရှုတဲ့လေသံမျိုးပဲ သုံးနေတာလား...

သူမ၏ဝတ်ပုံစားပုံသည် ယခင်ကကဲ့သို့ မလှပသော်လည်း ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်နေဆဲပင်။

ရှင့် မျက်စိက ကန်းနေတာလား... ချီကျူးစကားလေး တစ်ခွန်းတောင် ပြောစရာမရှိဘူးလား...

"ဟမ့် မျက်စိကန်းပြီး ခေါင်းမာတဲ့အရူး" ဇီယန် မကျေမနပ်ရေရွတ်လိုက်ပြီး သူတို့နောက်သို့လိုက်သွားသည်။

ဟောင်ကောင် သမုဒ္ဒရာပန်းခြံသည် ပင်လယ်နှင်ကုန်းမြေပေါ်ရှိ တိရစ္ဆာန်များ၊ စက်တပ်ကစားနည်းများနှင့် အကြီးစားဖျော်ဖြေတင်ဆက်မှုများကို စုစည်းထားသည့် ကမ္ဘာ့အဆင့်မီ အပန်းဖြေဥယျာဉ်တစ်ခုဖြစ်သည်။ ၎င်းသည်

ကမ္ဘာပေါ်တွင် ရေပန်းအစားဆုံးဖြစ်ပြီး လာရောက်လည်ပတ်မှု အများဆုံးရှိသည့် အပန်းဖြေဥယျာဉ်များထဲမှ တစ်ခုဖြစ်သည်။

သမုဒ္ဒရာပန်းခြံနှင့် ဒစ္စနေးလန်းတို့သည် ဟောင်ကောင်ရှိ ထင်ရှားသော အပန်းဖြေနေရာနှစ်ခုဖြစ်သည်။

"ချားရဟတ် ချားရဟတ်သွားကစားရအောင်"

မင်းသမီးလေးသည် ချားရဟတ်သွားစီးရန် အော်ဟစ်လိုက်သည်။

အချိန်တိုင်း မုန့်မုန့်သည် တီဗီတွင် ရှည်လျားပြီးကြီးမားသော ချားရဟတ်ကို မကြာခဏ မြင်ရလေ့ရှိပြီး ချားရဟတ်ကို အမြဲလိုလို ဆော့ကစားချင်ခဲ့သော်လည်း သူမမေမေက တစ်ခါမှ ချားရဟတ်ဆော့ရန် ခေါ်မသွားပေ။

"ကောင်းပြီ ကောင်းပြီ ကောင်းပြီ ဖေဖေတို့ ချားရဟတ်သွားဆော့ကြမယ်" ကျန်းဟန် ပြုံး၍ ပြောလိုက်သည်။

ကျန်းဟန်သည် မုန့်မုန့်ကို ချီဆောင်ပြီး ချားရဟတ်ရှိရာသို့ တန်းတန်းမတ်မတ်လျှောက်သွားကာ နောက်တွင်ရှိနေသော ဇီယန် သူ့နောက်သို့လိုက်နိုင်မည်လားဆိုသည်ကို ဂရုမစိုက်ပဲ စစ်ဆေးရန်ပင် ခေါင်းတစ်ချက်ကလေးမျှ လှည့်မကြည့်ခဲ့ပေ။

ဤကဲ့သို့သော သဘောထားမျိုးသည် ဇီယန်၏နှလုံးသားထဲတွင် အနိုင်းမဲ့ ဒေါသထွက်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

"ကျေးဇူးကန်းတဲ့ဟာလေး"

ဇီယန်သည် မုန့်မုန့်ကို မျက်စောင်းထိုးကြည့်လိုက်သည်။ သူမ၏အဖေဖြစ်သူက သူမကို မေ့သွားသည်မှာ လက်ခံ၍ရသေးသည်။ သို့သော် ဘယ်လိုဖြစ်ပြီး အသေးလေးကပါ ဖေဖေရဲ့ရင်ခွင်ထဲရောက်တာနဲ့ မေမေကို မေ့သွားနိုင်ရသနည်း။

ဇီယန်အလွန်ဒေါသထွက်လွန်းသဖြင့် နောက်ဆက်တွဲရလဒ်မှာ အလွန်ဆိုးရွားခဲ့သည်။

သူမသည် ရုတ်တရက်သူမ၏အရှိန်ကို လျှော့ချလိုက်ပြီး နောက်ဆုံးတွင် သူတို့ သူမကို သတိပြုမိသွားစေဖို့ ကြံစည်လိုက်သည်။

သူတို့က ငါ့ကို သတိမထားမိရင် ငါဟာငါပဲ သွားကစားတော့မယ်။

ကံကောင်းစွာဖြင့် တန်းစီနေချိန်တွင် မုန့်မုန့်၏ကြည်လင်သော မျက်လုံးကြီးများသည် ဘယ်ညာလှည့်ပတ်ကြည့်ရှုနေခဲ့သည်။

"အာ မေမေ ဘယ်မှာလဲ.....ဖေဖေ မေမေ့ကို ပျောက်သွားပြီ" မုန့်မုန့်သည် စိုးရိမ်သောကရောက်နေသည့် မျက်နှာဖြင့်ပြောသည်။ သူမ၏လေသံထဲတွင် အလောတကြီးနှင့် စိုးရိမ်ထိတ်လန့်နေမှုများ ရှိနေသည်။

ကျန်းဟန်ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်တော့ ဇီယန်၏ပုံရိပ်ကို သူတို့နောက် ၁၀ မီတာအကွာတွင် တွေ့လိုက်ပြီးနောက် သူပြောလိုက်သည်။

"ဖေဖေတို့ သမီးမေမေကို မပျောက်ပါဘူး။ သူမက အဲဒီမှာရှိတယ်။ သမီးကြည့်ကြည့်"

စကားပြောနေရင်း ကျန်းဟန်သည် မုန့်မုန့်ကို သူ၏ခေါင်း အထက်သို့ မြှောက်လိုက်သည်။

မုန့်မုန့်သည် အပေါ်မြောက်သွားပြီးနောက် သူမတို့ နောက်မှာရှိနေသည့် ဇီယန်ကို ချက်ချင်းတွေ့လိုက်ပြီး အော်လိုက်သည်။

"မေမေ မေမေ သမီးဒီမှာ မြန်မြန်လာခဲ့"

"ဟမ့်"

ဇီယန်နှာခေါင်းရှုံ့လိုက်ပြီး လူအုပ်ကြားထဲတိုးဝင်ကာ ကျော်တက်သွားသည်။

"မေမေက သမီး မေမေ့ကို မေ့သွားပြီထင်နေတာ" ဇီယန် ရယ်မောကာပြောသည်။

"သမီးမေမေ့ကို မမေ့ပါဘူး။ သမီးကို ချီပါ ချီပါ" မုန့်မုန့် လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။

ဇီယန် မင်းသမီးလေးကို သူမရင်ခွင်ထဲ ပွေ့ချီလိုက်ကာ သူမနှလုံးသားထဲရှိ အံ့မှိုင်းမှုများ ပျောက်ကွယ်သွားသည်။

တန်းစီပြီးသည်နှင့် လှေကားကိုအသုံးပြုကာ ချားရဟတ်အောက်ခြေသို့ ရောက်လာကြသည်။ ဝန်ထမ်း၏ညွှန်ပြမှုဖြင့် သူတို့သုံးဦး အခန်းငယ်တစ်ခုထဲသို့ လျင်မြန်စွာ တင်ရောက်လာကြသည်။

“ကလန့်”

ဝန်ထမ်းသည် တံခါးပိတ်ပြီး ချားရဟတ်မှတ်တိုင် ဝင်ပေါက်မှ တဖြည်းဖြည်းထွက်သွားသည်။

ချားရဟတ်၏အမြန်နှုန်းမှာ မမြန်သလို ရပ်တန့်နေသည်လည်း မဟုတ်ပေ။ လူများသည် အခန်းအတွင်းသို့ ဝင်ထွက်နိုင်ရန် ၎င်း၏အရှိန်နှင့် လိုက်လျောညီထွေစွာ လိုက်ပါနိုင်ကြသည်။ သေးငယ်သောအခန်းအတွင်း၌ လခြမ်းပုံစံထိုင်နိုင်ကာ အလယ်တွင် ထောက်ထားသော ထောက်တိုင်တစ်ခုရှိသည်။ ဘေးပတ်ပတ်လည်ရှိ မှန်ချပ်များသည် အလွန်သန့်ရှင်းသည်။

ဖန်သားပြင်ကို လှမ်းကြည့်လိုက်တော့ ကြည်လင်ပြတ်သားမှုအလွန်မြင့်မားသည်။

ကျန်းဟန်နှင့်ဇီယန်တို့ မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး မုန့်မုန့်သည် မိခင်၏ရင်ခွင်ထဲတွင်ထိုင်ကာ သူမလေး၏မျက်နှာသည် အလွန်ပျော်ရွှင်နေသည့်အကြည့်များဖြင့် ပတ်ပတ်လည်ကို ကြည့်နေသည်။

သို့သော်လည်း အမြင့်သည်တဖြည်းဖြည်းမြင့်တက်လာပြီး ချားရဟတ်၏ အမြင့် အလယ်သို့ရောက်လာသည့်နှင့်အမျှ မုန့်မုန့်သည်အနည်းငယ် ကြောက်လန့်သွားကာ စိတ်လှုပ်ရှားမှုများရပ်တန့်သွားပြီး သနားစဖွယ်အော်ဟစ်တော့သည်။

"ဖေဖေ သမီးကြောက်တယ် ကြောက်တယ်"

"မုန့်မုန့် မကြောက်နဲ့ လာ ဖေဖေ ဖက်ထားပေးမယ်" ကျန်းဟန် မုန့်မုန့်ကို ပွေ့ဖက်ပြီး နှစ်သိမ့်သည့် လေသံဖြင့်ပြောသည်။

“မကြောက်ပါနဲ့ အားလုံးအဆင်ပြေပါတယ်။ ဒီမှာ အရမ်းလုံခြုံတယ်၊ ဟိုးက ရှုခင်းကိုကြည့်ကြည့်၊ ပင်လယ်ကြီးကိုရော အဲ့ဒီ ငှက်တွေကိုရော ကြည့်ကြည့်…”

ကျန်းဟန်သည် မုန့်မုန့်၏အာရုံကို အဆက်မပြတ်လွှဲနေခဲ့သည်။ အစပိုင်းတွင် အကျိုးသက်ရောက်မှုအတော်လေးကောင်းနေသေးသည်။ သို့သော် ချားရဟတ်သည် မြင့်တက်လာပြီး ထိပ်ဆုံးသို့ ရောက်ရှိတော့မည်ဖြစ်သည်။

အခန်းငယ်၏အပြင်ဘက်လေသည် ပိုမိုပြင်းထန်လာကာ အခန်းငယ်အတွင်းသို့ တိုက်ခတ်လာပြီး အခန်းငယ်လေးကို အနည်းငယ် ယိမ်းနွဲ့သွားစေသည်။ ၎င်းကြောင့် ချားရဟတ်နှင့် အခန်းငယ်ကို ချိတ်ဆက်ထားသည့် ဝင်ရိုးမှပင် တဖျောက်ဖျောက်အသံများထွက်လာသည်။

အခန်းငယ်အတွင်း ထိုင်နေသူများ အသံကို ရှင်းရှင်းလင်းလင်း ကြားနိုင်သဖြင့် စိတ္တဇဖြစ်ကာ အခန်းငယ်မှာ

ခိုင်ခံမှုမရှိပဲ မတော်တဆတစ်ခုဖြစ်လာမည်ဟု မသိစိတ်ကတွေးပြီး ပို၍ပင် ကြောက်လန့်သွားစေသည်။

မုန့်မုန့်ကိုမပြောနှင့် လူကြီးတော်တော်များများပင် ဤကဲ့သို့ စိတ္တဇကြောက်ရွံ့မှုများ ရှိကြမည်။

ဥပမာပြောရလျှင် ကျန်းဟန်နှင့်မျက်နှာချင်းဆိုင်ထိုင်နေသည့် အရွယ်ရောက်ပြီးသူတစ်ယောက်။

နေကာမျက်မှန်အောက်တွင် ဖုံးကွယ်ထားသော ဇီယန်၏မျက်လုံးများမှာ မှိတ်ထားသည်။ သူမ၏နှုတ်ခမ်းကို တင်းတင်းကြပ်ကြပ်စေ့ကာ ထိုင်ခုံကိုလက်ဖြင့် ဆုပ်ကိုင်ထားသည်။ သူမ၏နှလုံးသားထဲတွင် သေလောက်အောင်ကြောက်ရွံ့နေသော်လည်း ယခုအချိန်တွင် သူမအား နှစ်သိမ့်ရန် မည်သူမျှ လာမခေါ်ပေ။

ကျန်းဟန်သည် အလွန်စိတ်လှုပ်ရှားနေသော မုန့်မုန့်ကိုသာ အာရုံစိုက်နေခဲ့သည်။ ရွေးချယ်စရာမရှိတော့သဖြင့်

သူ၏အကျႌအဖြူရောင်လက်တိုကို မတင်လိုက်ပြီး မုန့်မုန့်၏ခေါင်းကို ဖုံးကာ သူမလေးနှင့် တူတူရေဝါး သာ ကစားနေတော့သည်။

ခဏလောက်ကစားပြီးနောက် မုန့်မုန့်စိတ်များတည်ငြိမ်လာပြီး နောက်တစ်ကြိမ်ရယ်ရယ်မောမောဖြစ်သွား၏။

ချားရဟတ်သည် ထိပ်ဆုံးပိုင်းကို ကျော်ဖြတ်ကာ မြေပေါ်သို့ပြန်ရောက်ခါနီးတွင် ကျန်းဟန် မင်းသမီးလေးကို သူ့အကျႌမှ ထုတ်လိုက်ကာ ပေါ့ပါ့ပါးပါးပြောလိုက်သည်။

"ကြည့် ဖေဖေတို့ ပြန်ဆင်းနေပြီ"

"ဝါး..ဖေဖေ အဲ့ဒီမှာ လူတွေအများကြီးပဲ"

"ဖေဖေ ဟိုမှာကြည့် မီးပုံးပျံတွေအများကြီးရှိတယ်"

"ဖေဖေ ကြည့် ကြည့်…"

မုန့်မုန့်သည် ကြောက်ရွံ့မှုကို မေ့လျော့သွားပြီး ကျန်းဟန်ကို ကြည့်ရန် ဦးတည်ချက်အမျိုးမျိုးသို့ ညွှန်ပြနေလေသည်။

"ဟူး......"

ဇီယန်လည်း မျက်လုံးဖွင့်လိုက်ပြီး သက်ပြင်းရှည်ကြီးကို ရှူထုတ်လိုက်သည်။ သူမ၏ စိတ်ထဲမှာ တင်းကျပ်မှုများသည်လည်း ပြေလျော့လာသည်။

မသိလိုက်ပါပဲ သူမ၏ကျောပြင်တွင် ချွေးများ စိုစွတ်နေပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကျန်းဟန်ဆီသို့ စိတ်ထဲတွင် မကျေနပ်သည့် အရိပ်အယောင်များဖြင့် လှမ်းကြည့်လိုက်ရသည်။

ဘာလို့ သူက မုန့်မုန့်ကိုပဲ နှစ်သိမ့်ပေးဖို့ အာရုံစိုက်နေပြီး ငါ့ကိုကျ တစ်ခါလေးတောင် လာပြီး နှေသိမ့်မပေးတာလဲ။

ချားရဟတ်ပေါ်မှဆင်းပြီးနောက် ကျန်းဟန်သည် မင်းသမီးလေးကို သယ်ဆောင်ကာ နောက်တစ်နေရာဖြစ်သော ငါးပြတိုက် သို့သွားခဲ့သည်။

ငါးပြတိုက်တွင် မင်းသမီးလေးသည် သူမအလွန်ကြိုက်နှစ်သက်ခဲ့သော

အပြာရောင်အိပ်မက်နန်းတော်မှ သမုဒ္ဒရာနက်နက်ထဲသို့ လျှောက်သွားနေရသည့် ခံစားချက်မျိုး ခံစားနေရသည်။

ကျန်းဟန်နှင့်ဇီယန်သည် မုန့်မုန့်နှင့်ဓာတ်ပုံရိုက်ရန် တစ်ယောက်တစ်လှည့်စီ အပြန်အလှန်ကူညီပေးလိုက်ကြသည်။ ဓာတ်ပုံရိုက်နေစဉ် ရုတ်တရက် အသက်နှစ်ဆယ်ကျော် ကောင်မလေးတစ်ယောက် သူတို့ဘေးသို့ရောက်လာပြီး ပြုံးပြုံးလေးပြောသည်။

“ရှင်တို့မိသားစုသုံးယောက် အတူတူတွဲရိုက်ဖို့ ကျွန်မ ကူညီပေးမယ်လေ။ အတူတူလျှောက်လည်ပြီး ဓာတ်ပုံအတူမရိုက်နိုင်ရင် ဘယ်လောက်ဝမ်းနည်းဖို့ကောင်းလဲ”

“အင်း” ကင်မရာကိုင်ထားသော ဇီယန်သည် အနည်းငယ်ကြောင်စီစီဖြင့် ကင်မရာကို မိန်းကလေးထံ ပေးလိုက်သည်။

“လာ ပြုံးပြုံးလေးနေပါ။ ရှင်တို့အားလုံး နည်းနည်းနီးနီးကပ်ကပ်လေးနေလို့ရပါတယ်။

မင်းသမီးလေးက အရမ်းချစ်စရာကောင်းတာပဲ။ ဟုတ်ပြီ အဲ့အတိုင်းလေးနေပါ ကောင်းပါတယ်"

မိန်ကလေးသည် ခေတ်ပုံသုံးပုံကို အလွန်စိတ်အားထက်သန်စွာ ကူညီရိုက်ပေးခဲ့သည်။

ဤသည်မှာ သည့်မိသားစုလေး၏ ပထမဆုံးခေတ်ပုံတွဲရိုက်ခြင်းဖြစ်ပုံရသည်။

ဇီယန်၏နှလုံးသားသည် အနည်းငယ်ရှုပ်ထွေးသလို ခံစားနေရသည်။

ကျေးဇူးတင်စကားပြောပြီးနောက် စိတ်အားထက်သန်သော မိန်းကလေးသည်လည်း ထွက်ခွာသွားခဲ့သည်။

ရှေ့ကိုဆက်သွားကြပြီး ငါးပြတိုက်တွင် မုန့်မုန့်ကို အံ့သြသွားစေသည်နေရာမှာ လှည့်ပတ်နေသောရေကန်ဖြစ်သည်။ ငွေရောင်နှို့နှစ်ငါးများ အဆက်မပြတ်ကူးခတ်ကျက်စားနေသည်မှာ

စိတ်ကူးယဉ်ကမ္ဘာထဲတွင်
ငွေရောင်မြူခိုးများလှည့်ပတ်နေသကဲ့သို့ ခံစားရစေသည်။

ငါးပြတိုက်ကို ဆုံးအောင် လျှောက်သွားကြပြီးနောက် အချိန်သည် နေ့လည် ၁ နာရီသို့ရောက်လာသည်။

ဇီယန်သည် ပင်လယ်နဂါးဘုရင် စားသောက်ဆိုင်သို့သွားပြီး အနားယူစားသောက်ကြရန် အကြံပြုလိုက်သည်။

ပင်လယ်နဂါးဘုရင်စားသောက်ဆိုင်တွင် ငါးပြတိုက်အတွင်းတွင်ရှိပြီး စားသုံးသူများသည် ဟင်းလျာများကို အရသာခံရင်း ငါးပြတိုက်ရှုခင်းများကို ခံစားနိုင်သည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်း ကျန်းဟန်သည် မုန့်မုန့် ကစားရန်အတွက် တကယ့် သမုဒ္ဒရာပန်းခြံအစစ်တစ်ခုကို ဆောက်သင့်သလား တွေးလိုက်သည်။

ထမင်းစားချိန်ရောက်သည့်အခါ ကျန်းဟန်သည် သန့်စင်သောယန်ရေဖြင့်ပြည့်နေသော ရေသန့်ဘူးကို နောက်ကျောမှ ထုတ်ယူလိုက်သည်။

"မုန့်မုန့် ဒီရေဘူးကိုသောက်လိုက်" ကျန်းဟန် အဖုံးကိုဖွင့်လိုက်ပြီး မုန့်မုန့်ကို တိုက်လိုက်သည်။

မုန့်မုန့်သည်လည်း ဘာလဲဆိုသည်ကိုပင် ဂရုမစိုက်ပဲ သောက်ရန် သူမ၏ပါးစပ်ကို ဟလိုက်သည်။

၎င်းကိုမြင်တော့ ဇီယန် ထိတ်လန့်သွားပြီး

"ဟေး... အဲဒီဘူးထဲက ဘာတွေလဲ။ ရှင် မုန့်မုန့်ကို ဒီတိုင်းပဲတိုက်လိုက်တာလား"

"ဒါက ပစ္စည်းကောင်းလေးပါ" ကျန်းဟန် ပေါ့ပေါ့ပါးပါးပြုံးလိုက်သည်။

ဂလွတ် ဂလွတ် ဂလွတ်...

မုန့်မုန့်သည် ၃ ပုံ ၁ ပုံ သောက်လိုက်ပြီး ဘူးကို သူမပါးစပ်မှ ထုတ်လိုက်သည်။ သူမ၏ ဗိုက်လေးကို ပွတ်လိုက်ပြီး ချစ်စရာအသံလေးဖြင့်ပြောလိုက်သည်။

"သမီးသောက်လို့ဝသွားပြီ"

"ကျန်တာတွေကို မင်းသောက်လိုက်ပါ" ကျန်းဟန် ဇီယန်ကို ရေဘူးကမ်းပေးရင်း ပြောလိုက်သည်။

"ဘယ်သူက ရှင့်ရဲ့ ညစ်ပတ်တဲ့ရေကိုသောက်ချင်နေလို့လဲ"

ဇီယန်၏စကားလုံးများက ပြင်းဆန်လိုက်သော်လည်း ခန္ဓာကိုယ်သည်တော့ အလွန်ရိုးသားစွာဖြင့် သူမ၏လက်ကို ချက်ချင်းဆန့်ထုတ်ကာ ဘူးကိုယူလိုက်သည်။

သူမ ရေကို ပါးစပ်ထဲ ပထမဆုံးသောက်လိုက်သည့်အခါ ချိုမြိန်သင်းပျံ့သော အရသာကို ခံစားလိုက်ရသည်။

ဒါက နို့မဟုတ်ဘူးလား

ဇီယန် အနည်းငယ် မှင်တက်သွားသည်။ ဤမွှေးရနံ့လေးက ဘူးထဲရှိကျန်ရှိသောရေများကို အကုန်မသောက်ပဲ မနေနိုင်လောက်အောင်ဖြစ်သွားစေသည်။ အကုန်သောက်လိုက်ပြီးနောက် နောက်ထပ်မျှော်လင့်နေသေးသည့်ဟန်ဖြင့် ပြောလိုက်သည်။

"အဲ့ဒါ ဘာရေတွေလဲ"

"ခန္ဓာကိုယ်အတွက် အကျိုးရှိစေတဲ့ ရေတစ်မျိုးပါ" ကျန်းဟန် ဂရုမစိုက်ဟန်ဖြင့်ဖြေလိုက်ပြီး မတ်တပ်ရပ်လိုက်ပြီး မင်းသမီးလေးကို ပွေ့ချီကာ နောက်ဘက်သို့ လျှောက်သွားလိုက်သည်။

"ရှင်ဘယ်သွားနေတာလဲ" ဇီယန်မေးလိုက်သည်။

"သန့်စင်ခန်း"

ဇီယန်သည် ကျန်းဟန်ကို သန့်စင်ခန်းသွားမည်ဆိုပါက အဘယ်ကြောင့် မုန့်မုန့်ကိုပါခေါ်သွားရလဲဆိုသည်ကို မေးချင်သော်လည်း နောက်အခိုက်အတန့်တွင် သူမ၏ဝမ်းဗိုက်ထဲမှ ခံစားချက်က သူမကို အကြောင်းအရင်းအား သိရှိသွားစေသည်။

"ဒီအကောင်ကတော့။...ဝမ်းနုတ်ဆေးတွေများ ဖြစ်မလား"

ဇီယန် မတ်တပ်ထရပ်ကာ သန့်စင်ခန်းဆီသို့ ပြေးသွားလိုက်သည်။

သန့်စင်သောယန်ရေသည် လူတစ်ဦး၏ရုပ်ခန္ဓာပိုင်းဆိုင်ရာကို တိုးတက်စေနိုင်သည်။ လူတိုင်းသိကြသည့်အတိုင်း လူတစ်ယောက်၏ခန္ဓာကိုယ်ထဲတွင် ကျန်းမာရေးနှင့် မညီညွတ်သောနေရာများ ဥပမာ သွေးသိပ်သည်းခြင်း၊ ကျောက်ကပ်အားနည်းခြင်း၊ အားအင်ယုတ်လျော့ခြင်း စသည်ဖြင့် အချို့သောနေရာများတွင်ရှိနိုင်သည်။

သန့်စင်သောယန်ရေကို သောက်လိုက်ပြီးပါက ထိုကျန်းမားရေးနှင့် မညီညွတ်သော နေရာများကို အသစ်တစ်ခုကဲ့သို့ ပြောင်းလဲသွားနိုင်ပေသည်။ ခန္ဓာကိုယ်ထဲတွင် မသန့်စင်သည့် အညစ်အကြေးများရှိသောကြောင့် ထိုအညစ်အကြေးများကို ဖယ်ရှားရန်နည်းလမ်းမှာ ဝမ်းသွားခြင်းဖြစ်သည်။

သန့်စင်ခန်းထဲတွင် ဇီယန်သည် ကျန်းဟန်ကို အဆက်မပြတ်ကျိန်ဆဲနေသည်။ သူမ တစ်ကိုယ်လုံးထုံကျင်နေပြီး အရေပြားများ ယားယံနေသကဲ့သို့ ခံစားနေရသည်။ သန့်စင်ခန်းထဲတွင် မိနစ် ၂၀ ခန့်နေပြီးနောက်မှ ထွက်လာသည်။ လက်ဆေးပြီးနောက် မှန်ထဲရှိ သူမပုံကို မြင်လိုက်ချိန်တွင် သူမ၏မျက်နှာအမူအရာမှာ အနည်းငယ်ပြောင်းလဲသွားသည်။

သူမ၏ပါးပြင်က အလွန် နူးညံ့ချောမွေ့နေပြီး သည်မနက်က လိမ်းလာခဲ့သည့် မျက်နှာပေါ်ရှိမိတ်ကပ်များက လုံးဝမလိမ်းထားသကဲ့သို့ မှဲ့များပါ ပျောက်ကွယ်ကုန်သည်။ သူမ၏ အသားအရေမှာ ရေညှစ်ထုတ်ထားသကဲ့သို့ နူးညံ့ပျော့ပျောင်းနေသည်။ ထို့ပြင် သူမသည် လုံးဝလန်းဆန်းတက်ကြွနေကာ သုံးနာရီကြာ လမ်းလျှောက်ထားခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုများအားလုံး ပြေပျောက်သွားခဲ့သည်။

"အဲဒီရေက တကယ်ပဲ ပစ္စည်းကောင်းလေးလား"

ဇီယန် အလွန်သိချင်နေခဲ့သည်။ သန့်စင်ခန်းမှ ထွက်လာသည့်အခါ ကျန်းဟန်နှင့်မုန့်မုန့်သည် ယခုလေးတင် လာချသွားသည့် ဟင်းပွဲများအား အရသာမြည်းစမ်းနေသည်ကို တွေ့လိုက်ရသည်။

"ကျန်းဟန် ရှင်ကျွန်မတို့ကို တိုက်တာ ဘာတွေလဲ"

ထိုင်လိုက်ပြီးနောက် ဇီယန်မေးလိုက်သည်။

"ဒါကို အားဆေးလို့ သတ်မှတ်လို့ရတယ်" ကျန်းဟန်ပြန်ဖြေလိုက်သည်။

"မင်းကိုယ်မင်းကြည့်ကြည့် ၊ မင်းရဲ့ အသားအရေက ပိုကောင်းလာတယ်မလား"

"ဒါဆို မုန့်မုန့်က ဘာလို့ ဘာမှမပြောင်းလဲတာလဲ"

ဇီယန် စိတ်ရှုပ်ထွေးစွာမေးလိုက်သည်။

"သမီးလည်း ပြောင်းလဲလာပါတယ်၊ မုန့်မုန့်က တော်တော်လေးလှလာပြီ"

မုန့်မုန့်သည် ထမင်းစားရင်း တိုးညှင်းစွာပြောလိုက်သည်။

"မုန့်မုန့်က ငယ်သေးတယ်။ သူ့အသားအရေက အစကတည်းကကောင်းနေပြီးသား။ မင်းကတော့ အသက်ကဘယ်လောက်တောင်ကြီးနေပြီလဲ အလှကုန်တွေလည်းသုံးနေသေးတယ်။ မင်းလိမ်းထားတဲ့ ဖောင်ဒေးရှင်းတွေက မင်းရဲ့အသားအရေကို အန္တရာယ်ဖြစ်စေတယ်"

အလှကုန်အကြောင်းပြောသည့်အခါ ကျန်းဟန်သည် မနှစ်သက်သည့် လေသံဖြစ်နေသည်။

-C 22 End

wunzinnosp

## အခန်း(၂၃) လခြမ်းတောင်ပေါ်သို့ ညပိုင်းခရီးစဉ်

မြို့တစ်မြို့လုံးကို ကျရှုံးသွားအောင် စွမ်းဆောင်နိုင်တဲ့ အလှတရားရှိသည့် မိန်းမချောလေးတစ်ယောက်သည် မိတ်ကပ်လိမ်းရန် မလိုအပ်ပေ။ လှပရန်အတွက်

မိတ်ကပ်လိမ်းရန် လိုအပ်သည့်သူကိုလည်း စစ်မှန်သည့် မိန်းမလှလေးဟု မခေါ်ဆိုနိုင်ပေ။

မိတ်ကပ်အကြောင်းကြားသည့်ခါ ဇီယန်ချက်ချင်းဒေါသထွက်သွားပြီး "ရှင် ကျွန်မပါးပေါ်က မိတ်ကပ်အကြောင်းပြောရဲသေးတးယ်ပေါ့။ ပုံမှန်ဆိုရင် ကျွန်မက မိတ်ကပ်ပါးပါးပဲလိမ်းတာ ပြီးတော့ သုံးတဲ့အလှကုန်တွေကလည်း အဆင့်မြင့် နိုင်ငံတကာအမှတ်တံဆိပ်တွေပါ၊ ကျွန်မမိတ်ကပ်လိမ်းထားလို့ ကျွန်မကို မနမ်းဖို့ မှန့်မှန့် ကို ပြောထားတယ်မလား။ အဲ့ဒါဘာအဓိပ္ပာယ်လဲ"

ဇီယန်သည် သူကိုအပြစ်ရှာရန် ရည်ရွယ်နေသည်ကို မြင်သောအခါ ကျန်းဟန် ခေါင်းခါလိုက်သည်။ မိန်းကလေးတစ်ယောက်နှင့်ငြင်းခုန်ရန်ပျင်းလွန်းသဖြင့် သူသည် မထူးမခြားလေသံဖြင့်ပြောလိုက်သည်။

"စားရအောင်၊ စားပြီးရင် တောင်ပေါ်ပန်းခြံကို သွားကြမယ်"

"ဟမ့်"

ဇီယန် အနည်းငယ်နှာခေါင်းရှုံ့လိုက်ပြီး သူ့မရှေ့ရှိ အရသာရှိသော စားသောက်ဖွယ်ရာများကို စတင် စားသောက်လိုက်သည်။

သမုဒ္ဒရာပန်းခြံတွင် ပန်းခြံကြီးနှစ်ခုရှိပြီး တောင်အောက်ခြေရှိ ပင်လယ်ကမ်းစပ်ပန်းခြံနှင့် တောင်ထိပ်ပေါ်ရှိ တောင်ပေါ်ပန်းခြံဖြစ်သည်။

စားသောက်ပြီးသောအခါ မိသားစုသုံးယောက်သည် တောင်ထိပ်သို့သွားရန် ကေဘယ်ကားပေါ်တွင်ထိုင်လိုက်ကြ၏။ တောင်ထွတ်ပန်းခြံတွင် တစ်နေ့လည်ခင်းလုံး ကစားကြသည်။

ကြည်ပြာသော မိုးကောင်းကင်ကြီးသည် တဖြည်းဖြည်းမှောင်မိုက်လာသည့်အခါ မိသားစုသုံးယောက်တို့သည် သမုဒ္ဒရာပန်းခြံမှ ပြန်လာခဲ့ကြသည်။

ခြုံငုံပြောရလျှင် ယနေ့အပြင်ထွက်ခြင်းသည် အပြည့်အဝပျော်ရွှင်ခဲ့ရပြီး ဇီယန်၏ အလုပ်ကြောင့် ပင်ပန်းနွမ်းနယ်မှုများနှင့် တောင့်တင်းနေသောအာရုံကြောများ ပြေလျော့သွားခဲ့သည်။

"ရှင် ဟောင်ကောင်ကို အခုမှရောက်တာ ရှင့်မှာ ကားတောင်ရှိနေပြီ။ ရှင့်အခြေအနေက ကျွန်မထင်ထားသလောက် မဆိုးဘူးထင်တယ်"

ကားနောက်ခန်းတွင် ပင်ပန်းနေသောမင်းသမီးလေးကို ပွေ့ချီထားသော ဇီယန်သည် မနေနိုင်ပဲ ရေရွတ်လိုက်သည်။

"ကားက ငှားထားတာ" ကျန်းဟန် စကားတစ်ခွန်းပြန်ပြောလိုက်ပြီး စဉ်းစားကာ ထပ်ပြောလိုက်သည်။

"ငါမင်းကို အိမ်ပြန်ပို့ပေးမယ်"

"အဓိပ္ပာယ်မရှိတာ။ မဟုတ်ရင် ရှင်က ကျွန်မနဲ့မုန့်မုန့်ကို တက္ကစီတစ်စီးငှားပေးလိုက်ဖို့ မျှော်လင့်ထားတာလား" ဇီယန် ကြွပ်ဆတ်ဆတ်ပြောလိုက်သည်။

"ငါက မင်းကို အိမ်ပြန်ပို့ပေးဖို့ပြောတာ။ မုန့်မုန့်က ငါနဲ့လိုက်လာမှာ" ကျန်းဟန်ဆက်ပြောသည်။

ထိုစကားကိုကြားသည့်အခါ ဗီယန်၏မျက်ခုံးများ တွန့်သွားကာ သူမ၏လေသံက အေးစက်လာသည်။

"အဲဒါ ဘာကိုဆိုလိုတာလဲ"

"မင်းမှာ အလုပ်တွေရှုပ်နေပြီး မုန့်မုန့်ကို ဂရုစိုက်ဖို့ အချိန်မရှိဘူး" ကျန်းဟန် အနည်းငယ်စဉ်းစားပြီး ဆက်ပြောသည်။

"ငါပြောချင်တာက မုန့်မုန့်ကို ငါဂရုစိုက်ပေးပါရစေ။ မင်းအချိန်ရရင် သူ့ဆီလာလည်လို့ရပါတယ်"

"ဟုတ်တယ် ဟုတ်တယ် မုန့်မုန့်က ဖေဖေနဲ့ တူတူနေချင်တယ်"

ထိုအကြောင်းပြောနေစဉ် မုန့်မုန့်သည် ပင်ပန်းနေသော်လည်း သူမ၏လက်ကိုမြှောက်ကာ ပျော်ရွှင်နေသည်။ ဝမ်ကျွမ့်က သူမကို

ပြုစုစောက်ရှောက်ပေးသည်ထက် သူမဖေဖေနှင့် အတူတူရှိနေရသည်ကို ပိုသဘောကျသည်။

“မရဘူး”

ဇီယန်သည် လုံးဝပင်စဉ်းစားမနေပဲ တင်းမာသောလေသံဖြင့် ငြင်းလိုက်သည်။

“ဘာလို့ မရတာလဲ”

ကျန်းဟန်၏မျက်ခုံးများ တွန့်ကွေးသွားသည်။

“မုန့်မုန့်က ကျွန်မအပိုင်ပဲ”

ဇီယန်သည် ကျန်းဟန်ကို စိုက်ကြည့်ကာ အနည်းငယ်ပင် လက်လျှော့ရန်ရည်ရွယ်ချက်မရှိပဲပြောလိုက်သည်။

ကျန်းဟန်သည် သူမ၏ကလေးကို အပြင်းအထန်ကာကွယ်နေသည့် ဇီယန်ကို ကြည့်ကာ မပြုံးဘဲမနေနိုင်ပေ။ သူ၏လေသံမှာ နူးညံ့သိမ်မွေ့လာပြီး

“မုန့်မုန့်ကို မင်းဆီကနေ ဆွဲထုတ်သွားဖို့ မဟုတ်ပါဘူး။ မုန့်မုန့်က အမြဲတမ်း မင်းရဲ့သမီးပဲလေ။ ကိုယ်က သူမကို ကျန်းမာပျော်ရွှင်စွာကြီးပြင်းလာဖို့ အာဟာရပြည့်ဝတဲ့

အစားအသောက်တွေ ပြင်ဆင်ပေးချင်လို့ပါ။ နောက်ပြီး အားလုံးကို အနည်းနဲ့အများတော့ ပြင်ဆင်ထားပြီးသွားပြီ”

“မေမေ ကျေးဇူးပြုပြီး ဖေဖေနဲ့အတူတူနေလို့ရမလား”

အရွယ်ငယ်သေးသော်လည်း ဉာဏ်ကောင်းသည့်မုန့်မုန့်သည် အခွင့်အရေးရသည်ကိုမြင်သည်နှင့် ဇီယန်၏ရင်ခွင်ထဲမှာ အဆက်မပြတ်တောင်းဆိုနေတော့သည်။

“ရှင်သူ့အတွက် စားစရာတွေ လုပ်နေတာလား” ဇီယန်မေးလိုက်သည်။

လောလောဆယ်တွင် သူမ၏လေသံထဲတွင် တုံ့ဆိုင်းနေပြီဖြစ်သည်။ မုန့်မုန့်၏ အကြည့်ကို မြင်တော့ သူမ ငြင်းဆန်ရန် မတတ်နိုင်တော့ပေ။

သူမတွင်လည်း အမှန်တကယ်အချိန်မရှိသဖြင့် မုန့်မုန့်နှင့် အချိန်အများကြီး အတူရှိပေးနိုင်မည်မဟုတ်ပေ။ အထူးသဖြင့် သူမ၏ သီချင်းဗီဒီယိုများ ရိုက်ကူးရန်အတွက်

ဟောင်ကောင်အပြင် အခြားနေရာများကိုပါ သွားရောက်ရမည့် ကာလဖြစ်သည်။

"အင်း" ကျန်းဟန်ပြန်ဖြေလိုက်သည်။

"မဟုတ်ပါဘူး" ဇီယန် ကျန်းဟန် စိုက်ကြည့်ပြီး

"ရှင် သူများကို နောက်တစ်ခါ လိမ်နေပြန်ပြီ။ ဘယ်သူမဆို အာဟာရရှိတဲ့ အစားအသောက်တွေ လုပ်နိုင်တာပဲ" ဟု ပြောလိုက်သည်။

"ငါ ဘယ်တုန်းက သူများကို လိမ်လို့လဲ" ကျန်းဟန် အနည်းငယ်ကြောင်သွားသည်။

ငယ်ငယ်ကတည်းက သူသည် မည်သူ့ကိုမှ မလိမ်ညာဖူးပေ။ သူ ပြောသည့်အတိုင်း အမြဲတမ်း သူလုပ်သည်။ လိမ်ညာပြောခဲ့ခြင်း မရှိချေ။

သို့သော် ဇီယန်၏ အဖြေကြောင့် ကျန်းဟန် ရယ်ရမည်လား ငိုရမည်လား မသိတော့။

"ရှင်နောက်ဆုံးပြောခဲ့တဲ့ သုခဘုံ ဆိုတာကရော ရှင်လိမ်နေတာမဟုတ်ဘူးလား။ အခု မုန့်မုန့်အတွက်

အာဟာရပြည့်တဲ့ အစားအသောက်တွေ ပြင်ဆင်ပေးချင်လို့ဆိုပြီး ပြောပြန်ပြီ။ အန်တီဝမ်က မုန့်မုန့်အတွက် အာဟာရရှိတဲ့ အစားအသောက်တွေ မချက်ပြုတ်နိုင်လို့လား” ဇီယန် နှာခေါင်းရှုံ့ရင်း ပြောလိုက်သည်။

“ဖေဖေက သူများကိုလိမ်နေတာလား... သုခဘုံ ဆိုတာမရှိဘူးလား”

မုန့်မုန့်လေးသည် မျက်လုံးများကို မှိတ်ထားကာ အနည်းငယ်ကြေကွဲသွားသကဲ့သို့ခံစားလိုက်ရပြီး သူမလေးကို ကြည့်ရသည့်မှာ ငိုတော့မည့်ပုံပေါ်လာသည်။

“သုခဘုံဆိုတာ ရှိပါတယ်။ ဖေဖေ သမီးကို ဘယ်တုန်းက လိမ်ညာဖူးလို့လဲ။ သမီးမယုံရင် ဖေဖေ အဲဒါကိုသွားကြည့်ဖို့ ခေါ်သွားပေးမယ်” ကျွန်းဟန်က ကမန်းကတန်းပြောပြီး ဇီယန်ကို အပြစ်တင်သည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

“အမ်??” မုန့်မုန့်၏အမူအရာမှာ အံ့မှိုင်းနေရာမှ လျှင်မြန်စွာပြောင်းလဲသွားပြီး ပြောလိုက်သည်။

"တကယ်လား"

"တကယ်ပေါ့ ဖေဖေမင်းကို အခုသွားကြည့်ဖို့ ခေါ်သွားပေးမယ် ဟုတ်ပြီလား" ကျန်းဟန် ပြုံးပြုံးလေးပြောလိုက်သည်။

"ကောင်းပြီ" ခဏအကြာတွင် မုန့်မုန့်သည် ပျော်ရွှင်သွားပြန်သည်။

၎င်းကိုကြည့်ပြီး ဇီယန်အနည်းငယ်မှင်သက်သွားပြီး သူမ၏စိတ်ထဲတွင် ပဟေဠိဖြစ်သွားသည်။

ကျန်းဟန်သည် လခြမ်းပင်လယ်ကွေ့ဆီသို့ ဦးတည်မောင်းနှင်လာသည်ကို ကြည့်ရင်း ဇီယန်သည် သူ တကယ် တစ်ခုခုဖန်တီးထားသည် ဟုခံစားလိုက်ရသည်။

"ရှင် ကျွန်မတို့ကို ဘယ်ကိုခေါ်လာတာလဲ"

နောက်ဆုံးတွင် ဇီယန် သူမစိတ်ထဲမှ သိချင်စိတ်ကို သည်းမခံနိုင်တော့ပဲ မေးရန် ပါးစပ်ဟလိုက်သည်။

"သွားမှာ သုခဘုံ ကိုသွားမယ်" မုန့်မုန့်သည် အရင်ဆုံးလုကာ ပြန်ဖြေလိုက်သည်။

"ဟဟားဟား" ကျန်းဟန် ခေါင်းယမ်းကာ ရယ်မောလိုက်ပြီး "ငါတို့ရောက်တဲ့အခါ မင်းသိပါလိမ့်မယ်"

"ဟွန့် လျှို့ဝှက်ဆန်းကြယ်သလို ဟန်ဆောင်နေသေးတယ်" ဇီယန်နှုတ်ခမ်းစူလိုက်ပြီး ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ဝါးခရိုင်သည် လခြမ်းပင်လယ်ကွေ့နှင့် သိပ်မဝေးလှပဲ ကားဖြင့် မိနစ် ၂၀ ခန့်သာ မောင်းရသည်။

ကားသည် လခြမ်းပင်လယ်ကွေ့မှ ဖြတ်သန်းသွားကာ လခြမ်းတောင်ဆီသို့ ဦးတည်သွားသည့်အခါ ဇီယန်သည် ထပ်မေးချင်သော်လည်း နှုတ်ခမ်းနှစ်ကြိမ်လှုပ်ပြီးမှ အဆုံးတွင် မမေးခဲ့ပေ။

မေးခဲ့လျှင်လည်း မမေးပဲနေသည်နှင့် ကွဲပြားမည်မဟုတ်။ ထိုခေါင်းမာသည့်ကောင်က ဘာမှပြောမှာမဟုတ်ဘူးဆိုတာကို သူမသိသည်။

လခြမ်းတောင်အောက်ခြေသို့ရောက်သည့်အခါ ကားသည် ရပ်တန့်သွားသည်။

"ငါတို့ရောက်ပြီ ကားပေါ်က ဆင်းရအောင်"

ကျန်းဟန် လက်ခုပ်တီးကာ ပြောလိုက်သည်။

"ရှင်တကယ်ပြောနေတာလား... နောက်ဆုံးတော့ ရှင်က ကျွန်မတို့ကို ဒီလူသူကင်းမဲ့နေတဲ့ နေရာကို ခေါ်လာတာလား"

ဇီယန်၏မျက်လုံး ပြူးကျယ်သွားသည်။

"မင်းအောက်ဆင်းလာပြီးရင် မင်းသိပါလိမ့်မယ်"

ကျန်းဟန် လျှို့ဝှက်ဆန်းကြယ်စွာပြုံးလိုက်ပြီး ကားပေါ်မှ အရင်ဆင်းလိုက်သည်။

ဇီယန် မုန့်မုန့်ကို ချီကာ ကားပေါ်မှဆင်းလိုက်သည်။ ရှေ့သို့ နှစ်မိနစ်ခန့်လမ်းလျှောက်ပြီးနောက် လခြမ်းတောင် နယ်နိမိတ်မျဉ်း သို့ရောက်လာသည်။

ကောင်းကင်သည် မှောင်မိုက်နေပြီဖြစ်ကာ တောက်ပသော လရောင်သည် မြေပြင်ပေါ်သို့ ဖျန်းပက်ထားရာ ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်းမြင်နိုင်သည်။ သို့သော် အရှေ့ရှိတောအုပ်သည် လုံးဝမှောင်မိုက်နေသည်။

သစ်ပင်များသည် အရေအတွက်များလွန်းလှပြီး ကြပ်ပိတ်နေသဖြင့် လရောင်ကို ပိတ်ဆို့ထားသည်။ အနက်ရောင်ပုံရိပ်တစ်ခုက ဇီယန်၏ စိတ်ထဲတွင် အနည်းငယ်ထိတ်လန့်သွားစေသည်။

"ကျွန်မတို့ ဘယ်ကိုသွားနေကြတာလဲ"

ဇီယန်သည် အနည်းငယ်စိုးရိမ်စိတ်ဖြင့် မေးသည်။

"တောင်ပေါ်ကို" ကျန်းဟန်သည် တိုတိုနှင့်လိုရင်း ပြန်ဖြေသည်။

"တောင်ပေါ်လား" မုန့်မုန့်သည် စိတ်လှုပ်ရှားစွာ အော်လိုက်သည်။ သူမသည် အမှောင်ကို အနည်းငယ်ကြောက်သည်။

သူမရှေ့က တောအုပ်ကိုကြည့်လိုက်ပြီး သူမ၏ချစ်စရာအသံလေးဖြင့် "ဖေဖေ ရှေ့မှာ အရမ်းမှောင်နေတယ်။ မုန့်မုန့် ကြောက်တယ်"

"လာ ဖေဖေသမီးကို ချီသွားပေးမယ်။ သမီးကြောက်မှာမဟုတ်တော့ဘူး" ကျန်းဟန်သည်

ဇီယန်၏ရင်ခွင်ထဲမှာ သူမ၏လက်လေးများကို ဆန့်ထုတ်နေသော မုန့်မုန့်ကို ပွေ့ချီလိုက်သည်။

မုန့်မုန့်ကို မိနစ်အနည်းငယ်ကြာချီလာပြီးနောက် ဇီယန်သည် အနည်းငယ်ပင်ပန်းနေသဖြင့် သူမသည် မုန့်မုန့်ကို ကျန်းဟန်၏ရင်ခွင်ထဲသို့ ဖြောင့်ဖြောင့်တန်းတန်း ထည့်ပေးလိုက်သည်။

"ဖေဖေ သမီးအတွက် ကစားဖော်ခေါ်ပေးရမလား" ကျန်းဟန်သည် မင်းသမီးလေးကို ချီရင်း မေးလိုက်သည်။

"ကောင်းပြီ ဘယ်ကစားဖော်လဲ" မုန့်မုန့်က ချစ်စဖွယ်အမူအရာဖြင့် ပြောသည်။

လက်ရှိတွင် ဇီယန်ပင် ကျန်းဟန် ဘာလုပ်ဖို့ကြိုးစားနေမှန်းမသိပဲ အနည်းငယ်သိချင်နေသေးသည်။

ကျန်းဟန် ရှေ့သို့နှစ်လှမ်းခန့်တိုးပြီး အော်ခေါ်လိုက်သည်။

"ရှောင်ပေး"

"ဝုတ်…ဝုတ်…"

ခွေးဟောင်သံသည် လခြမ်းတောင်ထိပ်ပေါ်မှ ထွက်ပေါ်လာသည်။

"ခွေးလား"

ဇီယန် အနည်းငယ်မှင်သက်သွားသည်။

နှစ်မိနစ်မပြည့်ခင်မှာပင် သူတို့ရှေ့ရှိ ချုံပုတ်များဆီမှ ထွက်ပေါ်လာသော တရှမ်းရှမ်းမြည်သံကို ကြားလိုက်ရသည်။

ရုတ်တရက် အနက်ရောင်ပုံရိပ်တစ်ခုသည် ချုံပုတ်အတွင်းမှ အရှိန်ပြင်းပြင်းဖြင့် ခုန်ထွက်လာသည်။

ရှောင်ဟေး၏ခန္ဓာကိုယ်အရွယ်အစားသည် ကြီးထွားပြီး တိဗက်မက်စ်တစ် ခွေးအရွယ်အစားရှိသည်။ ခဏအကြာတွင် ဇီယန်သည် အနက်ရောင်ပုံရိပ်ကို ရှင်းရှင်းလင်းလင်းမမြင်ရဘဲ ကြောက်လန့်တကြားအော်လိုက်သည်။

"အား"

"အား"

သူမမေမေ၏အော်သံကိုကြားတော့ မုန့်မုန့်လည်း လန့်ပြီး အော်လိုက်သည်။

"ဝုတ်...ဝုတ်..."

အော်သံနှစ်ခုသည် ရှောင်ပေးကိုကြောက်လန့်ကာ တုန်ယင်သွားစေသည်။

သူ၏အရှိန်သည်ချက်ချင်းရပ်တန့်သွားကာ သူ့ခန္ဓာကိုယ်ကို မြေပြင်ပေါ်သို့လဲချပြီး တွားသွားလိုက်သည်။ သူ၏မျက်နှာတွင် အနည်းငယ်နစ်နာသွားသည့် အရိပ်အယောင်ပင်မြင်နိုင်သည်။

အကယ်၍သူသာ ပါးစပ်ဟပြီး စကားပြောင်နိုင်ပါက "မင်းတို့အားလုံး ဘာလုပ်နေကြတာလဲ။ ငါက အားလုံးကို ကြိုဆိုဖို့ ရည်ရွယ်ချက်ကောင်းနဲ့ လာခဲ့တာကို မင်းတို့က ကြောက်စရာအသံကြီးနဲ့အော်လိုက်တယ်" ဟု သေချာပေါက်ပြောပေလိမ့်မည်။

"ဒါက ဘယ်လိုခွေးအမျိုးအစားလဲ"

ဇီယန်သည် ကျန်းဟန်၏အင်္ကျီလက်ကို သူမ၏လက်နှစ်ဖက်လုံးဖြင့် ဆုပ်ကိုင်ပြီး မေးလိုက်သည်။

"တရုတ်ကျေးလက်အင်ပါယာခွေး"

ကျန်းဟန်ပေါ့ပါးစွာဖြေလိုက်သည်။

"အင်ပါယာခွေးလား" ဇီယန် ကြောင်သွားသည်။

"ဝိုး...ခွေးလေးက အရမ်းလှတာပဲ"

မုန့်မုန့်သည် ကြင်နာမှုများပြည့်နေသည့် မျက်လုံးများဖြင့် ပြောလိုက်သည်။

"ဖေဖေ သမီးသူ့ကိုကိုင်ကြည့်လို့ရမလား"

"ရတာပေါ့ သွားကိုင်ကြည့်သွား" ကျန်းဟန်သည် မင်းသမီးလေးကို ရှောင်ဟေးနားသို့ရောက်ရန် သူ့ကိုယ်ကို နှိမ့်ချလိုက်သည်။

၎င်းကိုမြင်သည့်အခါ ရှောင်ဟေးသည် ပျော်ရွှင်စွာအမြီးကို ယမ်းလိုက်ပြီး ခြေထောက်များဖြင့် မတ်တပ်ရပ်ကာ မုန့်မုန့်နှင့် နီးကပ်လာသည်နှင့် သူ၏ခေါင်းကို အနည်းငယ်ငုံ့ထားလိုက်သည်။

"မုန့်မုန့် သမီးသူ့ကို ကိုင်လို့မရဘူး" ဇီယန်ပြောလိုက်သည်။

"ကိုက်လား မကိုက်လားလဲ မသိဘူး။ ပြီးတော့ ခွေးတွေရဲ့ ခန္ဓာကိုယ်မှာ ပိုးမွှားတွေအများကြီးရှိတာကြောင့် သူ့တို့ကိုကိုင်လို့မရဘူး"

ဇီယန်သည် အမွေးထူသည့်ခွေးများကို အလွန်နှစ်သက်သော်လည်း ခွေးများတွင် ပိုးမွှားများစွာရှိနေသည့်အတွက်ကြောင့် ကလေးများကို ခွေးများနှင့် ရင်းရင်းနှီးနှီးနေခွင့်မပေးနိုင်ပေ။

"ရပါတယ်" ကျန်းဟန်ပေါ့ပေါ့ပါးပါးပြုံးပြီး ပြောလိုက်သည်။

"သူ့နာမည်က ရှောင်ဟေး ပါ။ ခုဏက မင်းတို့သောက်ခဲ့တဲ့ ရေကို သူလည်းသောက်ခဲ့တယ်။ လက်ရှိမှာတော့ သူ့ခန္ဓာကိုယ်မှာ ပိုးမွှားတွေမရှိတော့ပဲ ပုံမှန်လို အမွေးတွေကျွတ်မှာမဟုတ်တော့ဘူး။ သူ့ခန္ဓာကိုယ်မှာ အနံ့အသက်တွေလည်းမရှိသလို ခံတွင်းနံ့လည်းမနံဘူး။ ဒါကြောင့် အားလုံး သူနဲ့အဆင်ပြေပြေကစားနိုင်ပါတယ်။ ဇီယန် မင်းသူ့ကို စမ်းကိုင်ကြည့်လို့ရတယ်"

စကားပြောနေစဉ် ကျန်းဟန်၏ ရင်ခွင်ထဲရှိ မုန့်မုန့်သည် ရှောင်ပေး၏ခေါင်းကို အကြိမ်အနည်းငယ်ကိုင်ကြည့်နေပြီဖြစ်သည်။

"ရှင် သူများကိုလိမ်နေပြန်ပြီ။ အဲ့လိုခွေးမျိုး ဒီကမ္ဘာပေါ်မှာ ဘယ်လိုရှိမှာလဲ" ဇီယန် နှာခေါင်းရှုံ့ရင်းပြောလိုက်သည်။

သူမ၏လေသံတွင် သူမကိုယ်တိုင်ပင် သတိမထားမိသည့် အမျိုးသမီးတစ်ဦး၏ညို့ဓာတ်အရိပ်အယောင်အနည်းငယ်ရှိနေသည်။

"ငါကမင်းကိုဘာအတွက်လိမ်ရမှာလဲ" ကျန်းဟန်အနည်းငယ်ပြောစရာစကားမရှိသကဲ့သို့ ပြောလိုက်သည်။

"ဒါဆို ကျွန်မရှင့်ကို နောက်တစ်ကြိမ်ယုံလိုက်မယ်" ဇီယန်သည် အလွန်ရှားရှားပါးပါး ကျန်းဟန်ကို ပြုံးပြလိုက်သည်။ သူမ၏လက်ကို ဆန့်ထုတ်ကာ ရှောင်ပေး၏ခေါင်းကို အကြိမ်အနည်းငယ်ထိကိုင်လိုက်ရာ

ရှောင်ဟေး၏အမွေးများသည် အလွန်နူးညံ့ချောမွေ့နေပြီး ထိတွေ့ရသည်မှာ အလွန်သက်သောင့်သက်သာ ခံစားရသည်။

“ကောင်းပြီ ငါတို့တောင်ပေါ်တက်ရအောင်။ ရှောင်ဟေး လမ်းပြပါ” ကျန်းဟန် ပါးစပ်ဟကာပြောလိုက်သည်။

သူ့သခင်၏အမိန့်ကိုကြားသောအခါ ရှောင်ဟေးသည် သူ့ရင်ဘတ်ကို တည့်တည့်မတ်မတ်ထားပြီး အမြီးနှင့်တင်ပါးကို ခါယမ်းကာ ဂုဏ်ယူစွာဖြင့် ရှေ့သို့လျှောက်သွားသည်။

ရှောင်ဟေးသည် ရှေ့သို့ဖြည်းညှင်းစွာလျှောက်လာကာ နောက်မှ မိသားစုသုံးယောက်ကို ဦးဆောင်သွားခဲ့သည်။

ကျန်းဟန်သည် မုန့်မုန့်ကို ချီဆောင်ပြီး ဇီယန်သည် ကျန်းဟန်၏အင်္ကျီလက်ကို ဆွဲကိုင်ကာ အနက်ရောင်တောအုပ်ထဲသို့ဝင်သွားသည်။

အပြင်မှကြည့်လျှင် မှောင်နေသည်ဟုခံစားရသော်လည်း အတွင်းထဲမှာတော့ လုံးဝမှောင်မဲနေခြင်းမဟုတ်သည်ကို သိနိုင်သည်။ လရောင်၏အကူအညီဖြင့်

ပတ်ဝန်းကျင်ရှိသစ်ပင်များကို ကြည်လင်ပြတ်သားစွာ မြင်နိုင်သည်။

ငါးမိနစ်ခန့် လမ်းလျှောက်ပြီးနောက် အရှေ့ရှိမြင်ကွင်းက ရုတ်တရက်ကျယ်ပြောသွားသည်။

ဇီယန်နှင့်မုန့်မုန့်သည် လခြမ်းတောင်သို့ လာရောက်လည်ပတ်သည့် ပထမဆုံးသော ဧည့်သည်များဖြစ်လာခဲ့ပေသည်။

"ဝိုး…ဘယ်လောက်လှလိုက်တဲ့နေရာလဲ"

ဇီယန် အနည်းငယ်အားအားသင့်စွာပြောသည်။

ဤနေရာမှနေ၍ တောင်၏ရှေ့ဘက်ရှုခင်းကို မြင်နိုင်သည်။ စိမ်းလန်းသောမြက်ခင်းများနှင့် ကြည်လင်သော လေထုသည် ဇီယန်၏နှလုံးသားထဲတွင် ဤကျေးလက်နေထိုင်မှုပုံစံကို အမှန်တကယ်တောင့်တမိသွားစေသည်။

သို့သော် ကောင်းကင်သည် အနည်းငယ်မှောင်နေပြီး တစ်ဖက်တွင်ရှိသည့် ပန်းပင်များကို

ရှင်းရှင်းလင်းလင်းမမြင်နိုင်ပေ။ သူမ သာ ရှင်းရှင်းလင်းလင်းမြင်နိုင်လျှင် ဇီယန်၏စိတ်ခံစားမှုသည် အဆအနည်းငယ် ပို၍စိတ်လှုပ်ရှားလာမည်ဖြစ်သည်။ တကယ်တော့ မိန်းကလေးတိုင်းသည် လတ်ဆတ်သည့် ပန်းကလေးများကဲ့သို့ လှပသည့် အရာများကို အလွန်နှစ်သက်ကြပေသည်။

"ဝိုး...ဝိုး...ဝိုး... ဘယ်လောက်လှတဲ့နေရာလဲ" မုန့်မုန့်သည် ဇီယန်၏လေသံကို အတုခိုးကာ အမူအရာပိုကာပြောလိုက်သည်။ ရုတ်တရက် မင်းသမီးလေး၏မြင်ကွင်းများသည် တောင်ထိပ်ရှိ အလွန်အေးမြပြီး ပြိုးပြိုးပြက်ပြက်ဖြစ်နေသည့် ယန်မိုးကြိုးသစ်ပင်ကို မြင်လိုက်သည်။

"ဖေဖေ ဖေဖေ ဟိုမှာကြည့်ကြည့် ဘယ်လောက်ကြီးတဲ့ သစ်ပင်ကြီးလဲ"

မုန့်မုန့်သည် သူမ၏လက်ကလေးကို ဆန့်တန်းကာ ယန်မိုးကြိုးသစ်ပင်ဆီသို့ ညွှန်ပြလိုက်သည်။

"အာ" ဇီယန်၏အကြည့်သည် မုန့်မုန့်ညွှန်ပြသည့် ဦးတည်ရာသို့ရွေ့သွားပြီးနောက် အံ့ဩသည့်အသံထွက်လာပြီး ပြောလိုက်သည်။

"အဲဒါ ဘာပင်ကြီးလဲ။ အရမ်းထူးဆန်းတာပဲ"

-C 23 End

wunzinnosp

## အခန်း(၂၄) ဇီယန် သဘောထားပြောင်းပြီ

"အဲဒါ ယန်-မိုးကြိုးသစ်ပင်လို့ခေါ်တယ်" ကျန်းဟန်ရိုးရှင်းစွာပင် မိတ်ဆက်ပေးလိုက်သည်။

"ယန်-မိုးကြိုးသစ်ပင်... အရင်ကဘာလို့ အဲ့နာမည်ကို မကြားဘူးတာလဲ" ဇီယန် စိတ်ရှုပ်စွာမေးလိုက်သည်။

"တစ်ချက်လောက် သွားကြည့်ကြရအောင်"

ကျန်းဟန်က ပြန်မဖြေတော့ပဲ မုန့်မုန့်ကို ထမ်းပြီး ရှေ့ကိုလျှောက်သွားလိုက်သည်။

ယန်မိုးကြိုးသစ်ပင်အောက်သို့ရောက်သည့်အခါ ဤနေရာရှိမြင်ကွင်းသည် အလွန်ကျယ်ပြန့်လာသည်။

ဤနေရာမှနေ၍ ပင်လယ်ရှုခင်းကို အဝေးမှမြင်နိုင်သည်။ လခြမ်းပင်လယ်ကွေ့ရှိ ကမ်းခြေကိုပင် ကြည်လင်ပြတ်သားစွာမြင်တွေ့နိုင်ပြီး ည၏အလင်းရောင်အောက်တွင် လခြမ်းပင်လယ်ကွေ့ မြို့တစ်ဝိုက်ကိုလည်း လှပစွာတွေ့နိုင်သည်။

အနီးအနားမှ ယန်မိုးကြိုးသစ်ပင်ဧရိယာ၏အလှအပကို မြင်တွေ့နိုင်သည်။ စိမ်းလန်းသော မြက်ခင်းများဖြင့် ပြည့်နှက်နေသည့် စက်ဝိုင်းပုံသဏ္ဍာန်ရှိသော နေရာလွတ်တစ်ခုဖြစ်ပြီး နောက်ဘက်တွင် တောက်ပသော လရောင်ကို ရောင်ပြန်ဟပ်နေသည့် အရွယ်အစားအမျိုးမျိုးရှိသော ရေကန်အချို့ရှိသည်။

“ဒီနေရာက အရမ်းလှတာပဲ”

ဇီယန် ရိုးသားစွာပင် ရေရွတ်လိုက်သည်။

ကျန်းဟန် အနည်းငယ်ပြုံးလိုက်ပြီး မည်သို့မျှ ပြန်မပြောပေ။ ဤသည်မှာ လခြမ်းတောင်၏ ညဘက်အချိန်သာရှိသေးသည်။ အကယ်၍ နေခင်းဘက်သာဆိုလျှင် ဤနေရာ၏ရှုခင်းများမှာ ပို၍ပို၍ကောင်းမွန်ပေမည်။

“ဖေဖေ မေမေ ဟိုမှာကြည့် အိမ်သေးသေးလေးတွေအများကြီးပဲ”

မုန့်မုန့်သည် တောင်နောက်ဘက်ကို ညွှန်ပြပြီးပြောလိုက်သည်။

“အယ် အိမ်သေးသေးလေးတွေရဲ့ အပေါ်မှာ သစ်ရွက်တွေမိုးထားတာထင်တယ်”

ဇီယန် အိမ်ငယ်လေးများကို ခဏလောက်စိုက်ကြည့်လိုက်သည်။ အမှန်တော့ လက်ရှိအချိန်သည် ညဘက်ဖြစ်နေ၍ ဇီယန် အဝေးမှ ရှင်းရှင်းလင်းလင်းမြင်နိုင်မမြင်ရချေ။

“အဲဒီကို သွားကြည့်ရအောင်” ကျန်းဟန်ပြုံးလိုက်ပြီး ဂုဏ်ယူသည့်ဟန်ဖြင့်ပြောလိုက်သည်။

“မုန့်မုန့် ဘယ်လိုလဲ... ဖေဖေ သမီးအတွက်ဆောက်ထားတဲ့ သုခဘုံ က ကောင်းရဲ့လား”

“ကောင်းတယ် ကောင်းတယ် အရမ်းကောင်းတယ်။ မုန့်မုန့် ဒါကိုကြိုက်တယ်။ ဖေဖေက အရမ်းကောင်းတာပဲ”

မုန့်မုန့် ဝမ်းသာအားရ လက်ခုပ်တီးကာ နှုတ်ခမ်းလေးကိုစူပြီး ကျန်းဟန်၏ပါးပြင်ကို နမ်းလိုက်သည်။

“ဟားဟဟား...” ကျန်းဟန် ဝမ်းသာအားရရယ်မောလိုက်ပြီး ထပ်ပြောလိုက်သည်။

“ဒါက အပြီးမသတ်ရသေးဘူး။ နောက်ကျရင် ပိုပြီးတော့ လှလာဦးမှာ။ အချိန်ကျရင် စစ်မှန်တဲ့ သုခဘုံဖြစ်လာမှာပါ။ တောင်ထိပ်ပေါ်မှာ ဖေဖေက အိမ်အသစ် အကြီးကြီးဆောက်မယ်။ တောင်နောက်ဘက်မှာ သမီးနဲ့ဆော့ကစားဖို့ တိရစ္ဆာန်လေးတွေ မွေးမြူမယ်”

နောက်တွင်ရှိနေသော ဇီယန်သည် သူမရှေ့မှ မြင်ကွင်းကိုကြည့်ကာ သူမ၏အကြည့်များက အနည်းငယ် ဗလာကျင်းနေသည်။

ကျန်းဟန်က ပြောင်းလဲသွားပြီပဲ...

ဇီယန် သူမစိတ်ထဲတွင် ရေရွတ်လိုက်သည်။ ထိုင်ငါးနှစ်အတွင်း ယခင်က သူမသည် ကျန်းဟန်၏ သတင်းကို အာရုံစိုက်ခဲ့သည်။ ကျန်းဟန်၏ သတင်းအချို့ကို သူမကြားပေသည်။ မုန့်မုန့်ကို ခေါ်လာပြီးနောက် ကျန်းဟန် အမှန်တကယ်ပြောင်းလဲသွားလိမ့်မည်ဟု သူမ မထင်ထားခဲ့ပေ။

သူသည် ပေကျင်းက ထွက်လာရုံတင်မက မုန့်မုန့်အတွက် သုခဘုံတစ်ခုကိုတောင် အမှန်တကယ်တည်ဆောက်ခဲ့သည်။ ထို့အပြင် ယခုမှ သူဟောင်ကောင်ကိုရောက်သည်မှာ မည်မျှကြာသေးသနည်း။

မုန့်မုန့်လည်း အရင်ကထက် ပိုပျော်လာတယ်...

မုန့်မုန့်၏အပြုံးမှတဆင့် သူမလေးပို၍ ပျော်ရွှင်လာသည်ကို မြင်နိုင်ပေသည်။ ထို့ပြင် ဇီယန် ဝန်ခံချင်ဘူးဆိုရင်တောင်မှ ကလေးများသည် ဖခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာကို အမှန်တကယ်လိုအပ်ပေသည်။ ငယ်စဉ်ကတည်းက မိဘတစ်ယောက်တည်းရှိသည့်မိသားစုတွင် ကြီးပြင်းလာရသည့် ကလေးများသည် အမှန်တကယ်သနားစရာကောင်းလှသည်။ ဖခင်မေတ္တာဖြစ်စေ မိခင်မေတ္တာဖြစ်စေ တစ်ခုခုဆုံးရှုံးလိုက်ရခြင်းသည် နောင်တရစရာတစ်ခုပင်ဖြစ်သည်။ ပြီးပြည့်စုံပြီး ပျော်ရွှင်သည့်မိသားစုမှ သာလျှင် ကလေးများသည် ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ အကောင်းဆုံးသောကြီးပြင်းမှုကို ပေးနိုင်မည်ဖြစ်သည်။

"ဝိုး ဒါက တကယ်သစ်ရွက်အစစ်တွေပဲ။ မေမေ မြန်မြန်လာ မြန်မြန်လာ ဒါကို လာကိုင်ကြည့်"

မုန့်မုန့်၏အော်သံက ဇီယန်ကို သူမ၏အတွေးများမှ ပြန်ဆွဲခေါ်လိုက်သည်။

"အဲ့ဒါ သစ်ရွက်အစစ်တွေလား"

ဇီယန် အနည်းငယ်မင်သက်သွားသည်။ ရှေ့သို့ လျှောက်လာရင်း ခမ်းနားထည်ဝါသည့် အိမ်ငယ်လေးများ၏ထိပ်က သစ်ရွက်များကို ကိုင်လိုက်သည်။

"ဒါတွေကို ရှင်ဘယ်လိုလုပ်ထားတာလဲ"

ဇီယန်သည် ကျန်းဟန်ဆီသို့ စိတ်ရှုပ်ထွေးစွာကြည့်လိုက်သည်။

"အိမ်လေးတွေပေါ်မှာ သစ်ရွက်တွေ ဖုံးလိုက်ရုံပါပဲ"

ဖုံးလိုက်ရုံပဲ...

ဇီယန် နောက်တစ်ကြိမ် ကြောင်သွားပြန်သည်။ ဒီလိုသပ်သပ်ရပ်ရပ်စုစည်းထားတဲ့ အရွက်တွေလုပ်ဖို့ ဘယ်လောက်တောင်ကြာမှာလဲ...

"မုန့်မုန့် ဒီဧရိယာမှာရှိတဲ့ အိမ်သေးသေးလေးတွေက ခွေးလေးတွေ ကြောင်လေးတွေ နဲ့

တခြားအိမ်မွေးတိရစ္ဆာန်တွေအတွက်ပေါ့။ တခြားတစ်ဖက်မှာရှိတဲ့ အိမ်လေးတွေက ဘဲတွေ ကြက်တွေ ငန်းတွေ အတွက်ပဲ။ ပိုပြီးကြီးတဲ့အိမ်တွေက ဝက်တွေ သိုးတွေ အတွက်။ အဲ့ထက်ပိုကြီးတာတွေက နို့စားနွားတွေအတွက်။ ဒီရေကန်လေးတွေက တိရစ္ဆာန်တွေ ရေသောက်ဖို့ ရေကူးဖို့ ပဲ။ ဟိုမှာက ရေကန်အကြီး...”

ကျန်းဟန်သည် မုန့်မုန့်အား နေရာနှင့် စတင်မိတ်ဆက်ပေးလိုက်သည်။

၎င်းကိုကြားလိုက်ပြီးနောက် မုန့်မုန့်သည် အလွန်ပျော်ရွှင်သွားပြီး တိရစ္ဆာန်ငယ်လေးများရှိမည့် မြင်ကွင်းကို စောင့်မျှော်မြင်ယောင်ကြည့်နေသည်။

ဓိယန်သည်တော့ ကျန်းဟန်၏ဘေးတွင် တိတ်ဆိတ်နေခဲ့သည်။

ကျန်းဟန် လုပ်ထားသမျှသည် တကယ်ကိုစေ့စပ်သေချာလှသည်။ သည်ဘက်တွင် စပါးနှင့်

ဂျုံကို ကိုယ်တိုင်စိုက်ပျိုးရန်ရည်ရွယ်ထားသည့် စိုက်ပျိုးရေးဧရိယာပင် ရှိသည်။

သူသည် အမှန်တိုင်းပြောနေခဲ့ခြင်းဖြစ်ပြီး သူ မုန့်မုန့်အတွက် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရ ဖြစ်စေသည့် အစားအသောက်များကို တကယ်လုပ်ပေးချင်ခဲ့ခြင်းဖြစ်သည်။ သူသည် မုန့်မုန့်ကို ကောင်းကောင်း ဂရုစိုက်ချင်ခဲ့သည်။

မုန့်မုန့်၏ ခန္ဓာကိုယ် ကျန်းမာကြီးထွားမှုနှင့် ပက်သက်၍ ဧယန်သည်လည်း အလွန်ဂရုစိုက်ပေသည်။ ထို့ကြောင့် ယခုအချိန်တွင် သူမ၏နှလုံးသားထဲ၌ ကျန်းဟန် မုန့်မုန့်ကို ယာယီစောင့်ရှောက် ပေးရန် သဘောတူနေပြီဖြစ်သည်။

ဒါကြောင့် နည်းနည်းစဉ်းစားပြီးမှ မေးလိုက်သည်။

"ရှင့်မှာ နေစရာနေရာမရှိဘူး။ ရှင်နဲ့လိုက်နေရင် မုန့်မုန့်က ဘယ်မှာနေရမှာလဲ"

"ငါ့မှာ နေစရာရှိပါတယ်"

ကျန်းဟန်သည် မုန့်မုန့်ကို သူနှင့်အတူနေစေချင်ပါက ဧယန်ကို အရင်စည်းရုံးရမည်ကို သိသည်။ ထို့ကြောင့် သူသည်

အလွန် ညင်သာသောလေသံဖြင့် “ မင်းကို နေရာတစ်ချက်လိုက်ကြည့်ဖို့ ခေါ်သွားပေးမယ်။ မုန့်မုန့် အခုအရမ်းနောက်ကျနေပြီ ဖေဖေတို့ပြန်ရတော့မယ်။ ဒီနေရာကို အပြီးဆောက်ပြီးမှ ဖေဖေတို့ဒီကို ပြောင်းရွှေ့ပြီး ဒီမှာနေနိုင်မှာ”

“အင်း”

မုန့်မုန့် ပါးစပ်ဟလိုက်ပြီး ခေါင်းညိတ်သည်။ သူမဘေးတွင် လှည့်ပတ်သွားနေသော ရှောင်ဟေးကို ကြည့်လိုက်ပြီး ချစ်စရာအသံလေးဖြင့် ပြောလိုက်သည်။

“ရှောင်ဟေး ရှောင်ဟေး ဘိုင့်ဘိုင်”

“ဝုတ်…ဝုတ်…”

ရှောင်ဟေးသည် ကြိမ်အနည်းငယ် အံ့မှိုင်းစွာဟောင်လိုက်သည်။ သူ၏အမြီးကြီးကို လှုပ်ယမ်းရင်း တောစပ်သို့ မိသားစုသုံးယောက်ကို လိုက်ပို့ပေးပြီး နောက်သို့လှည့်ကာ ပြန်ပြေးသွားသည်။

ဇီယန်နှင့် မုန့်မုန့်သည် နောက်ခုံတွင် ထိုင်လိုက်သည်။ မုန့်မုန့်သည် အနည်းငယ်ပင်ပန်းနေပြီဖြစ်သဖြင့် နောက်ထိုင်ခုံပေါ်တွင် လှဲလျောင်းကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။

ကျန်းဟန်သည် လခြမ်းပင်လယ်ကွေ့ရှိ စားသောက်ဆိုင်သို့ ကားမောင်းလာခဲ့သည်။

"အာ... မဟုတ်သေးပါဘူး"

ရုတ်တရက် ဇီယန်သည် မျက်စောင်းထိုးက ပြောလိုက်သည်။

"ကျန်းဟန် ရှင် သူများကို လိမ်နေပြန်ပြီ"

"ဘယ်တုန်းက ငါသူများကို လိမ်လိုက်လို့လဲ"

ကျန်းဟန်၏အမူအရာမှာ အေးခဲသွားသည်။

ဒီမိန်းမက ပါးစပ်ပိတ်ထားရင် အားလုံးတည်ငြိမ်နေပေမဲ့ သူမ ပါးစပ်ဖွင့်လိုက်တာနဲ့ ချက်ချင်း လူတွေကို ထိတ်လန့်သွားစေတယ်...

"အဲဒီ လခြမ်းတောင်က အခုမှလုပ်ထားတာ မဟုတ်ဘူးမလား။ တောင်ပေါ်က အရာတွေ အများကြီးကို ဘယ်လိုလုပ်နိုင်ခဲ့တာလဲ။ ဟွန့် ရက်နည်းနည်းလေးနဲ့ လုပ်လို့ရလို့လား။ ကျွန်မပြောချင်တာ ရှင် ကျွန်မကို လှည့်စားဖို့ ကြံစုရာနေရာတစ်ခုပဲဖြစ်ရမယ်။ ရှင် ကျွန်မဆီက မုန့်မုန့်ကို ခေါ်သွားချင်လို့ လှည့်စားနေတာမဟုတ်လား"

ဇီယန် ဆိုးရွားသောလေသံဖြင့်ပြောလိုက်သည်။

"မင်းရဲ့ဦးနှောက်ကိုတော့ ငါတကယ်လေးစားတယ်"

ကျန်းဟန် နောက်ကြည့်မှန်မှတဆင့် ဇီယန်ကို တစ်ချက်ကြည့်ပြီး ရှေ့ခရီးသည်ထိုင်ခုံရှိ လက်အိတ်ဘောက်ထဲမှ စာရွက်စာတမ်းများကို ယူကာ ဇီယန်ဆီသို့ ကမ်းပေးလိုက်ပြီး "မင်းပါသာမင်းကြည့်ကြည့် လခြမ်းတောင်ကို ငါငှားထားတာ" ဟု ဘုဆတ်ဆတ်ပြန်ပြောလိုက်သည်။

ဇီယန် စာရွက်စာတမ်းများကို ယူပြီး ကြည့်လိုက်သည့်အခါ သူတကယ်ငှားထားသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် သူမသည် ကျန်းဟန်ကို တစ်ချက်မျက်စောင်းထိုးကြည့်လိုက်သည်။

အဲ့ဒါကို ငှားထားတာဆိုရင်တောင် ရှင်က ဘာလို့ ဒီလောက် တင်းတင်းမာမာပြောရတာလဲ ခေါင်းမာတဲ့အရူး...

ဗီယန်၏ နှလုံးသားသည် ကျန်းဟန်အပေါ် အနည်းငယ်မကျေမနပ်ဖြစ်နေသည်။ သူသည် အဘယ်ကြောင့် မုန့်မုန့်နှင့်စကားပြောသည့်အခါ နူးညံ့သိမ်မွေ့နေပြီး သူမနှင့် စကားပြောသည့်အခါ အမြဲလိုလို အေးစက်စက်ဖြစ်နေရသနည်း။

နှိုင်းယှဉ်မှု မရှိလျှင် နာကျင်မှုမရှိမည်မှာ အမှန်ပင်ဖြစ်သည်။

စားသောက်ဆိုင်အပြင်ဘက်သို့ ရောက်သောအခါ ကျန်းဟန်သည် စားသောက်ဆိုင်ဆီသို့မေးငေါ့ပြပြီး ပြောလိုက်သည်။

“ဒီနေရာကို ငါငှားထားတာ။ တစ်ပတ်အတွင်း ပြင်ဆင်မွမ်းမံမှုပြီးလိမ့်မယ်။ ပစ္စည်းတွေအကုန်လုံးကို

ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိအောင် မှာထားတာမလို့ ပြင်ဆင်ပြီးတာနဲ့ ချက်ချင်းနေထိုင်လို့ရတယ်။ အထဲမှာက ဖုန်တွေအရမ်းထူနေတော့ အခု ဝင်ကြည့်မနေတော့ဘူး”

“အရောင်းဆိုင်အိမ်လား”

ဇီယန်မေးလိုက်သည်။

“ရှင် စားသောက်ဆိုင်ဖွင့်ဖို့ စိတ်ကူးနေတာလား”

“အနည်းနဲ့အများပေါ့”

“တောင်ကိုရော အရောင်းအိမ်ကိုရော ရှင်ငှားထားတာ။ ရှင်ပိုက်ဆံတွေ ဘယ်ကရလို့လဲ”

ဇီယန် မျက်ခုံးများက အနည်းငယ်မျက်မှောင်ကြုတ်သွားသည်။

လခြမ်းတောင် အငှားစာချုပ်ကို သူမတွေ့လိုက်သည်။ တောင်ငှားခသည် ယွမ် ၁၀ သန်းရှိပြီး ဤအရောင်းဆိုင်အိမ်၏ငှားရမ်းခက ယွမ် ၃ သန်းဝန်းကျင်ခန့်ရှိမည်ဟု ထင်သည်။ တောင်နှင့်အိမ် ငှားရမ်းခ စုစုပေါင်း ယွမ် ၁၀ သန်းကျော်ရှိသည်။

“ဝါးခရိုင်မှာရှိတဲ့ ငါ့ရဲ့အိမ်ကို ရောင်းလိုက်တာ” ကျန်းဟန် ပေါ့ပေါ့ပါးပါးပင်ပြောလိုက်သည်။

“အိမ်ရောင်းလိုက်တာလား”

ဇီယန်အနည်းငယ် မှင်သက်သွားကာ သူမ မမျှော်လင့်ထားသလိုခံစားလိုက်ရသည်။

“အင်း” ကျန်းဟန်ခေါင်းညိတ်လိုက်ပြီး မေးလိုက်သည်။

“မင်းဘယ်မှာနေတာလဲ”

“အရှေ့ပိုင်းခရိုင် မင်ကွမ်းလမ်းက ယွင်ရင်ဥယျာဉ်”

ဇီယန် ပြန်ဖြေလိုက်သည်။

ကျန်းဟန် ချက်ချင်းလှည့်လိုက်ပြီး အရှေ့ပိုင်းခရိုင်ဆီသို့ မောင်းသွားလိုက်သည်။ လမ်းတစ်လျှောက်လုံး စကားတစ်ခွန်းမှ မပြောကြချေ။ အရှေ့ပိုင်းခရိုင်သို့ရောက်သည့်အခါ ကျန်းဟန် လမ်းကြောင်းပြမြေပုံကိုဖွင့်လိုက်ပြီး ယွင်ရင်ဥယျာဉ်သို့ မောင်းသွားသည်။

အောက်ထပ်သို့ရောက်သည့်အခါ ဇီယန်သည် မုန့်မုန့်ကို ချီလိုက်သည်။

နေရာရွှေ့သွားသဖြင့် မုန့်မုန့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဖေဖေ ဘယ်မှာလဲ" မုန့်မုန့်သည် ခေါင်းကိုလှည့်ကာ အလန့်တကြား ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

ဇီယန်ကို တံခါးဖွင့်ပေးရန် ကားထဲကထွက်လာသည့် ကျန်းဟန်ကို မုန့်မုန့်တွေ့လိုက်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းကာ "ဖေဖေ ချီပါ ချီပါ" ဟု တိုးလျှစွာပြောလိုက်သည်။

ကျန်းဟန် သူ့လက်များကို ဆန့်ထုတ်လိုက်ပြီး မုန့်မုန့်ကို ပွေ့ချီကာ ခတ်လေ့ခါးဆီသို့ ဇီယန်နောက်မှ လိုက်သွားသည်။

"ကောင်းပြီ ဖေဖေ သမီးကို ဒီထိပဲ လိုက်ပို့ပေးမယ်။ စားသောက်ဆိုင်ကို ပြင်ဆင်ပြီးရင် ဖေဖေလာခေါ်ပေးမယ်"

ကျန်းဟန်သည် မုန့်မုန့်၏ ချစ်စရာကောင်းသော ပါးပြင်ပေါ်သို့ အသာအယာနမ်းလိုက်ပြီး ဇီယန်ဆီသို့ ကမ်းပေးလိုက်သည်။

"အမ်" မုန့်မုန့် မငိသက်သွားသည်။ အခုမှ သူမဖေဖေက သူတို့ကို လိုက်ပို့ပေးပြီး သူတို့နဲ့ လိုက်မတက်ဘူးဆိုတာကို သိလိုက်သည်။

"အူးဝါး...အူးဝါး...ဖေဖေ မသွားပါနဲ့..."

မုန့်မုန့်သည် သူမ၏ပါးစပ်လေးကိုဖွင့်ကာ ငိုပါတော့သည်။

"ဟုတ်ပါပြီ မုန့်မုန့် သမီးဖေဖေပြောတာ မကြားဘူးလား။ ဒီရက်ပိုင်းအတွင်း ဖေဖေဆီကိုသွားကြမယ် ဟုတ်ပြီလား။ နားထောင်လိုက်ပါ" ဇီယန် ချော့လိုက်သည်။

သို့သော် ဇီယန်မည်သို့ ချော့စေကာမူ မုန့်မုန့်သည် အငိုမတိတ်ဘဲ ဇီယန်၏ရင်ခွင်ထဲတွင် အပြင်းအထန် ရုန်းကန်နေသည်။

မင်းသမီးလေးသည် ရုန်းကန်ရင်း နှစ်မိနစ်ခန့်ငိုပြီးနောက် ဇီယန်သည် သူမ၏လက်မောင်းများ အလွန်ပင်ပန်းလာသည်ဟုခံစားလိုက်ရသည်။ ထို့ကြောင့် သူမ

မုန့်မုန့်ကို ကျန်းဟန်ရင်ခွင်ထဲသို့ ထည့်ပေးလိုက်ပြီး ရယ်မောစွာပြောသည်။

"ကောင်းပြီ ကောင်းပြီ ကောင်းပြီ သမီးဖေဖေက မေမေတို့နဲ့လိုက်လာလိမ့်မယ်။ မုန့်မုန့် မငိုနဲ့တော့နော် မေမေကတိပေးတယ် ဟုတ်ပြီလား"

မုန့်မုန့်သည် ကျန်းဟန်၏လည်ပင်းကို ပွေ့ဖက်လိုက်ပြီး ခေါင်းကို သူ၏ပုခုံးပေါ်မှီလိုက်သည်။ ဇီယန်၏စကားကို ကြားပြီးနောက် သူမလေး၏ငိုသံမှာ တဖြည်းဖြည်း ရပ်တန့်သွားကာ "ဖေဖေ ဖေဖေသွားလို့မရဘူး ဖေဖေမုန့်မုန့်နဲ့ လိုက်ခဲ့ရမယ်" ဟု သနားစဖွယ်ပြောသည်။

ကျန်းဟန် စိတ်ထဲတွင် သက်ပြင်းချလိုက်သည်။

အကယ်၍သာမန်အချိန်များတွင်ဆိုပါက ပုရိသဝါဒဆန်သည့် ကျန်းဟန်သည် ဇီယန်၏ အိမ်တွင် နေမည်မဟုတ်ပေ။ ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်၏အိမ်တွင် ခိုကပ်နေသည်မှာ မဖြစ်သင့်ပေ။ သို့သော် မုန့်မုန့်၏ သနားစရာကောင်းသော

အကြည့်ကိုမြင်လိုက်တော့ ကျန်းဟန် သူမလေးအား ငြင်းပယ်နိုင်စွမ်းမရှိခဲ့ပေ။

“ဖေဖေ သမီးနဲ့လိုက်ခဲ့ပါ့မယ်။ ဖေဖေ မသွားတော့ဘူးနော်”

ကျန်းဟန် ပြုံးပြီး မုန့်မုန့်၏ ကျောကို အသာအယာပုတ်လိုက်သည်။

ဇီယန်နောက်သို့လိုက်ကာ ဓာတ်လှေကားထဲသို့ သွားလိုက်ပြီးနောက် ဇီယန်သည် သူမ၏ ဓာတ်လှေကားကတ်ကို ပွတ်ဆွဲလိုက်ပြီး ၁၂ ထပ်၏ ခလုတ်သည် မီးလင်းလာသည်။

အဆောက်အဦးသည် အထပ် ၁၇ ထပ်သာရှိသည်လည်း ၎င်းသည် နှစ်ထပ်တိုက်ခန်းဖြစ်ကာ အထပ်တစ်ခုစီ၏အမြင့်မှာ မနိမ့်လှသောကြောင့် သာမန် ၃၅ ထပ် အဆောက်အဦးထပ်ပင် ပိုမြင့်သည်။

အထပ်တစ်ခုစီတွင် ဓာတ်လှေကားနှစ်စင်း၊ လှေကားနှစ်စင်းနှင့် အိမ်ထောင်စုနှစ်ခုသာ ပါရှိသောကြောင့်

အတက်အဆင်းမှာ အလွန်အဆင်ပြေပြီး အများအားဖြင့် ခါတ်လှေကားကို အကြာကြီးစောင့်စရာမလိုပေ။

၁၂ ထပ်သို့ ရောက်ပြီးနောက် သူတို့သည် အခန်း၂၁ သို့ရောက်လာပြီး ဇီယန် တံခါးဖွင့်လိုက်ကာ ကျန်းဟန်ကို တစ်ခါသုံးဖိနပ်တစ်ရံပေးလိုက်သည်။

သာမန်အားဖြင့် ဧည့်သည်များလာသည့်အခါ ဖိနပ်တစ်ရံကိုအသုံးပြုပြီးပါက စွန့်ပစ်သွားနိုင်သည့် ဖိနပ်မျိုးကို ပေးလေ့ရှိပြီး ဧည့်သည်များလည်း တစ်ကိုယ်ရေသန့်ရှင်းမှုရှိသည်ဟု ခံစားရစေမည် ဖြစ်သည်။ ကျန်းဟန်ကို ဧည့်သည်တစ်ဝက်အဖြစ် ထည့်တွက်နိုင်ပြီး ကျန်တစ်ဝက်မှာ မုန့်မုန့်၏ ဖခင်ဆိုသည့် အထောက်အထားပင်ဖြစ်သည်။

ယခုအချိန်တွင် ဇီယန်၏ နှလုံးသားမှာ အနည်းငယ်ရှုပ်ထွေးနေသည်။ ကျန်းဟန်ကို သူမအိမ်ထဲ ခေါ်လာရသည်မှာ အနည်းငယ် ကသိကအောက်နိုင်သလို ခံစားရသည်။

“ပြန်လာပြီလား မစ္စ” ဝမ်ကျွမ့် သည် လျှောက်လာကာ ပြုံးပြုံးလေးပြောလိုက်သည်။

“အင်း” ဇီယန် ခေါင်းညိတ်လိုက်သည်။

“ဒီ မစ္စတာက…” ဝမ်ကျွမ့် တုံ့ဆိုင်းစွာမေးသည်။

“သူက…”

ခဏအကြာတွင် ဇီယန်သည် အနည်းငယ်ရှက်သွားပြီး ကျန်းဟန်၏ကိုယ်ပိုင်အမှတ်လက္ခဏာကို မိတ်ဆက်ပေးရန် ရှက်ရွံ့သလို ခံစားလိုက်ရသည်။

ဇီယန်သည် ရှက်နေသော်လည်း မရှက်နေသည့် မင်းသမီးလေးတစ်ယောက်ရှိပေသည်။

မုန့်မုန့်သည် ဝမ်းသာအားရဖြင့် “သူက သမီးရဲ့ ဖေဖေ” ဟုပြောလိုက်သည်။

“သူက ကျန်းဟန် လို့ခေါ်တယ်” ဇီယန် တိုးညှင်းသောအသံဖြင့် မိတ်ဆက်ပေးလိုက်သည်။

“အာ” ဝမ်ကျွမ့် ကြောင်သွား၏။ ထိုနောက် ပြုံးလိုက်ပြီးနောက် ကမန်းကတန်းနှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ မစ္စတာကျန်း"

"အင်း"

ကျန်းဟန်ခေါင်းညိတ်ပြလိုက်ပြီးနောက် မုန့်မုန့်ကို ချီကာ ဧည့်ခန်းထဲသို့လျှောက်သွားလိုက်ရင်း လှည့်ပတ်ကြည့်လိုက်သည်။

အလှဆင်မှုပုံစံသည် အလွန်ထူးခြားသည်။ အကျိုးဆောင်ကုမ္ပဏီတွင် ကျန်းဟန်စိတ်ကျေနပ်ခဲ့သည့် ဗီလာနှင့် ဆင်တူသည်။

"အိုး"

ရုတ်တရက် ထိတ်လန့်သွားသည့်အသံတစ်ခုထွက်ပေါ်လာသည်။

ကျိုးဖေး ဒုတိယထပ်မှ ဖြည်းညှင်းစွာဆင်းလာသည်ကို တွေ့လိုက်ရသည်။ ကျန်းဟန်ကို တွေ့လိုက်ပြီးနောက် သူမသည် ကျယ်လောင်စွာပြောလိုက်သည်။

“အိုး ဘုရားဘုရား။ ရှားရှားပါးပါးညှော်သည်ပဲ။ ကြီးမြတ်လှတဲ့ အထည်ကြီးပျက် သခင်လေးက ဒီနိမ့်ကျတဲ့အိမ်ကို ဂုဏ်ပြုပေးဖို့လာခဲ့တာလား”

ကျိုးဖေးသည် ထိုအချိန်က ဇီယန်သည် ကျန်းဟန်ကြောင့် ဒေါသထွက်နေခဲ့သည်ကို စောင့်ကြည့်နေခဲ့သောကြောင့် ကျန်းဟန်ကို သူမှတ်မိသည်။ သူ့ကျူတွေ့လိုက်သည်နှင့် သူမသည် သူ့အား အနည်းငယ်မလျောင်ပြောင်ပဲ မနေနိုင်ခဲ့ပေ။

-C 24 End

wunzinnosp

## အခန်း(၂၅) ဇီယန်၏အိမ်တွင်နေထိုင်ခြင်း

“လူဆိုးမကြီးအန်တီဖေးဖေး သမီးဖေဖေကို ဆိုးဆိုးရွားရွားတွေ ပြောလို့မရဘူး”

ကျန်းဟန်သည့် မည်သည့်အမူအရာမှမရှိသော်လည်း မုန့်မုန့်ကိုယ်တိုင်သည်တော့ မပျော်ရွှင်တော့ပဲ ကျိုးဖေးအား ဒေါသတကြီးမျက်နှာဖြင့် ပြောလိုက်သည်။

"မင်းက သစ္စာဖောက်လေးပဲ" ကျိုးဖေး စိတ်တိုတိုနဲ့ မျက်လုံးလှန်ကြည့်လိုက်ပြီး ကျန်းဟန်ကို ဆက်လက်လှောင်ပြောင်ရန် စကားလုံးများကို ပြင်လိုက်သည်။

"ကောင်းပြီ ရှောင်ဖေး မနောက်နဲ့တော့"

ဇီယန် ကျိုးဖေးကို မျက်လုံးလှန်ကြည့်လိုက်သည်။ ဆံပင်တုနှင့် နေကာမျက်မှန်တို့ကို ချွတ်ပြီး ဆံနွယ်ရှည်များကို ဖြန့်ချကာ ဆံပင်များကို ခါလိုက်သည်။

ရှည်လျားသော ဆံနွယ်များနှင့် သူမ၏စွဲမက်ဖွယ်ကောင်းသော ခန္ဓာကိုယ်ကို ပေါင်းထည့်လိုက်ရာ ကျန်းဟန် မျက်ခုံးများပင် မြင့်တက်သွားသည်။

တကယ်ကို အရမ်းလှတယ်...

ကျန်းဟန် မနေနိုင်ဘဲ စိတ်ထဲတွင် ရေရွတ်လိုက်မိသည်။

"ဝိုး မေမေ အရမ်းလှတာပဲ" မင်းသမီးလေးသည် သူမ၏ ဆံပင်များ ခါယမ်းလိုက်ချိန်က မသိလိုက်ဘဲ သူမ၏ အသံလေးဖြင့် ချီးမွမ်းလိုက်သည်။

"မုန့်မုန့်လည်း အရမ်းလှတယ်"

ဇီယန် ပြုံးပြီး မုန့်မုန့်၏ခေါင်းကို ပုတ်လိုက်သည်။ ထိုနောက် ကျန်းဟန်ကိုကြည့်ကာ ပြောလိုက်သည်။

"အပေါ်ထပ်တက်ရအောင်။ အပေါ်ထပ်မှာ ကျွန်မ၊ မုန့်မုန့် နဲ့ ရှောင်ဖေးတို့ အိပ်တယ်။ ပထမထပ်မှာ အန်တီဝမ်အိပ်တဲ့အခန်းအပြင် အခန်း နှစ်ခန်း ကျန်သေးတယ်။ ရှင်ဒီနေ့ အဲ့နှစ်ခန်းထဲကတစ်ခန်းမှာ အိပ်လို့ရတယ်"

"အင်း"

ကျန်းဟန် ခေါင်းညိတ်ပြလိုက်ပြီး ဇီယန်နောက်မှာ အပေါ်ထပ်သို့လိုက်လာသည်။

ဒုတိယထပ်ရှိနေရာသည် မကျဉ်းလှပဲ ညှော်ခန်းကြီးတစ်ခုရှိသည်။ လှေကားထစ်ပေါ်တွင်

ကော်ဇောခင်းထားပြီး လှေကားလက်ရန်းအောက်တွင် ပိုက်ကွန်သဏ္ဍာန်ခတ်ထားသည်။

"ဖေဖေ မုန့်မုန့်ကို အောက်ချပေးပါ"

အပေါ်ထပ်သို့တက်လာသောအခါ မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲတွင် လှုပ်ခါနေတော့သည်။

မုန့်မုန့်သည် ကြမ်းပြင်ပေါ်တွင် မတ်တပ်ရပ်ပြီးနောက် သူမ၏အမူအရာမှာ အလွန်ပျော်ရွှင်သွားပြီး စိတ်လှုပ်ရှားစွာ ရှေ့သို့ပြေးသွားသည်။ ဆိုဖာပေါ်တွင် အမွေးပွအရုပ်များရှိပြီး ဆိုဖာရှေ့ကော်ဖီစားပွဲတွင်လည်း အရုပ်များစွာရှိနေသည်။

"ဖေဖေ မြန်မြန်လာ"

မုန့်မုန့်သည် သူမ၏အရုပ်တစ်ရုပ်ချင်းအား ကျန်းဟန်ကိုပေးနေသည်။

"ဝိုး ဒီတစ်ခုက တော်တော်လှတယ်။ ဝိုး ဒီကျားကြီးကလည်း တကယ်ကြောက်စရာကြီးပဲ။ ဒါကဘာလဲ။ မစ်ကီမောက်စ်လား ဝိုး"

အနည်းငယ်အိုဗာဖြစ်သည့် လေသံဖြင့် ကျန်းဟန်သည် မုန့်မုန့်နှင့် လိုက်၍ ဆော့ကစားပေးသည်။

မုန့်မုန့်က မရပ်မနား တခစ်ခစ်ရယ်နေပြီး "လှတယ်မလား။ မုန့်မုန့်နဲ့တူတယ်မလားဟင်... ဖေဖေ သမီးပြောပြမယ် ဒီကျားက လူတွေကို မကိုက်ဘူး။ ဖေဖေကြည့် ဒါက မစ်ကီမောက်စ်မဟုတ်ဘူး ဒါက ဒေါ်နယ်ဒက်(Donald Duck)။ ဖေဖေက အရမ်းအတာပဲ..."

"ဟမ့် သူက ကလေးကို ဘယ်လိုချော့မြှူရမလဲ သေချာသိတာပဲ"

နောက်ဘက်ထောင့်ရှိ အခန်းတံခါးဝတွင် ကျိုးဖေး နှုတ်ခမ်းတွန့်ကာ တိုးတိုးလေးပြောလိုက်သည်။

"နောက်ဆိုရင် နင် မုန့်မုန့်ရှေ့မှာ သူ့ကို မကောင်းပြောလို့မရတော့ဘူး။ အခုချိန်မှာ မုန့်မုန့်က သူ့ကို အရမ်းချစ်နေပြီ"

အခန်းထဲတွင် အဝတ်အစားလဲနေသော ဇီယန်က သူမ၏ပါးစပ်ဟကာ ပြောလိုက်သည်။

"အစ်မယန်"

ကျိုးဖေး အခန်းထဲသို့ဝင်လာပြီး တံခါးပိတ်ကာ လေသံတိုးတိုးဖြင့်မေးလိုက်သည်။

"အဲ့ကောင်ကို ဘာလို့ ဒီကိုလာခွင့်ပေးတာလဲ"

"မုန့်မုန့်က အရမ်းငိုနေလို့လေ။ အဲ့ကြောင့် သူ့ကို လာခွင့်ပေးလိုက်တာ"

ဇီယန် အနည်းငယ် ကြောင်သွားပြီးမှ ပြန်ဖြေလိုက်သည်။

မုန့်မုန့် ငိုခြင်းသည် ကျန်းဟန်ကို သူမအိမ်သို့ လာခွင့်ပြုရသည့် အကြောင်းအရင်း၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကြီးမားသောအကြောင်းအရင်းမှာ ကျန်းဟန် မုန့်မုန့်အတွက် လုပ်ပေးခဲ့သည့်အရာများကို ဇီယန်မြင်တွေ့ခဲ့ရပြီး သူ၏ပြောင်းလဲမှုကိုလည်းမြင်တွေ့ခဲ့ရကာ သူ့တွင်ရှိသော ဖခင်မေတ္တာကြွယ်ဝမှုကြောင့် ဖြစ်သည်။

မုန့်မုန့်အတွက် သူအမှန်တကယ် အစွမ်းကုန်ကြိုးစားခဲ့သည်။

ရက်အနည်းငယ်သာ တစ်ယောက်နဲ့တစ်ယောက်တွေ့ပြီး ကျန်းဟန်က မုန့်မုန့်ကို လှည့်စားလိမ့်မည်ဟု သူမကိုယ်တိုင်တွေးခဲ့ဖူးသည်။ သွေးသည် ရေထက် အမြဲတမ်းပို၍ပျစ်သည်ဆိုသော မိသားစု၏ ချစ်ခြင်းမေတ္တာဟုပြောနိုင်သည်။

“အစ်မယန် အဲ့လိုလုပ်လို့မဖြစ်ဘူး”

ကျိုးဖေးက တုန်လှုပ်နေသာလေသံဖြင့်ပြောလိုက်သည်။

“နင် အဲ့ကောင်ကို မုန့်မုန့်နဲ့အကြာကြီးနေခွင့်ပေးလိုက်ရင် မုန့်မုန့်ကို မင်းဆီက ဆွဲထုတ်သွားရင် ဘယ်လိုလုပ်မလဲ။ နင့်ရဲ့အလုပ်ကြောင့် မုန့်မုန့်နဲ့လိုက်နေဖို့လဲ အချိန်သိပ်ရှိတာမဟုတ်ဘူး။ အဲ့ကောင်က မုန့်မုန့်ကို နင့်ဆီက လုယူဖို့ အခွင့်အရေးယူသွားရင် မကောင်းဘူး။ အစ်မယန် နင်စဉ်းစားကြည့်။ သူ အနာဂတ်မှာ မုန့်မုန့်အတွက် မိထွေးတစ်ယောက်ရှာတွေ့သွားရင် ဘယ်လိုလုပ်မလဲ။ သူ့ကလေးမဟုတ်တဲ့သူအတွက်နဲ့ ဒီမိထွေးက မုန့်မုန့်ကို ကောင်းကောင်းဆက်ဆံမှာ မဟုတ်တာ သေချာတယ်”

ကျိုးဖေးပြောလိုက်သည်နှင့် ဇီယန်၏အကြည့်များ မှုန်ကုပ်သွားသည်။

ဇီယန်၏ အတွေးများမှာ ဆိုးရွားလာတော့သည်။ မိထွေး၏ရိုက်နှက်ခြင်းကို ခံနေရသည့် မုန့်မုန့်၏ပုံရိပ်သည် သူမ၏စိတ်ထဲတွင် ပေါ်လာသောအခါ သူမ၏ကိုယ်သည် မနေနိုင်ဘဲ တုန်လှုပ်သွားသည်။

ပြတ်ပြတ်သားသားလေသံဖြင့် သူမပြောလိုက်သည်။

"မဟုတ်ဘူး။ ဒီလိုအခြေအနေမျိုးဖြစ်ဖို့ ငါလုံးဝခွင့်မပြုဘူး"

"မှန်တယ်" ကျိုးဖေးက သူမ၏မျက်လုံးကို လှန်လိုက်ပြီး ပြောလိုက်သည်။

"ဖြစ်နိုင်ချေရှိတဲ့ နည်းလမ်းတစ်ခုတော့ ရှိတယ်"

"ဘာနည်းလမ်းလဲ" ဇီယန်မေးလိုက်သည်။

"အဆိုးတကာ့အဆိုးဆုံးဖြစ်လာခဲ့ရင် အစ်မယန်နင်ကိုယ့်ကိုယ်ကိုယ် နည်းနည်းစတေးပြီး အဲ့ကောင်နဲ့ ပေါင်းဖက်လိုက်ရလိမ့်မယ်။ ဒီနည်းနဲ့ဆိုရင်

နင်တို့နှစ်ယောက်လုံးက မုန့်မုန့်ရဲ့ မိဘအရင်းတွေမို့ စိတ်ပူစရာမရှိတော့ဘူး” ကျိုးဖေး ရယ်မောရင်း ပြောလိုက်သည်။

“နင်ဘာတွေလျှောက်ပြောနေတာလဲ”

ဇီယန် ကျိုးဖေးကို မကျေနပ်သည့်မျက်လုံးများဖြင့်ကြည့်လိုက်ပြီး ပြောလိုက်သည်။

“ကျန်းဟန်လို ခေါင်းမာတဲ့သူမျိုးကို ငါမကြိုက်ပါဘူး”

သူမ၏စိတ်ထဲရှိ စွဲမက်ဖွယ်မင်းသားသည် နူးညံ့သိမ်မွေ့ပြီး ချောမောကာ အရည်အချင်းများစွာရှိသည့် ဖြူစင်ကြင်နာတတ်သူဖြစ်ရမည်။

ကျန်းဟန်သည် သူမ၏စိတ်ထဲရှိ မင်းသားလေးမျိုးနှင့် ဝေးကွာလွန်းသည်။

“ငါလည်းထင်ပါတယ်။ သူက ဟိုမင်းသားလီနဲ့တောင် မယှဉ်နိုင်ဘူး”

ကျိုးဖေးခေါင်းညိတ်လိုက်ပြီး ဇီယန်ကို လေးလေးနက်နက်သဘောတူလိုက်သည်။

"ဘယ်လိုမှ ထပ်မပြောနဲ့တော့"

ဇီယန်၏မျက်ခုံးများ အနည်းငယ်တွန့်သွားသည်။ သူမ၏စိတ်အတွင်းနက်နက်ထဲတွင် မင်းသားလီကဲ့သို့ အိုင်တွေ့တိုင်းခြေဆေးတတ်သည့်သူမျိုးကို လုံးဝမနှစ်သက်ပေ။

ပေါ့ပေါ့ပါးပါး ညဝတ်အင်္ကျီများကိုလဲပြီးနောက် ဇီယန် အခန်းထဲမှာထွက်လာသည့်အခါ မုန့်မုန့်သည် ကျန်းဟန်နှင့် ပျော်ရွှင်စွာကစားနေသည်ကို တွေ့လိုက်ရသည်။

မုန့်မုန့်ကို အတင်းဆွဲခေါ်ပြီး မင်းသမီးလေး၏ညဝတ်အင်္ကျီများကိုလဲပေးပြီးနောက် သူမလက်ကို လွှတ်လိုက်သည်နှင့် မုန့်မုန့်သည် ကျန်းဟန်နှင် ဆက်ကစားရန် ချက်ချင်း အိပ်ခန်းထဲမှ အမြန်ထွက်သွားသည်။

ပုံမှန်အချိန်ဆိုလျှင် ဤအိမ်ကြီးသည် အရမ်းဆူညံနေမည်မဟုတ်သလို ဒီအချိန်မျိုးတွင်

မင်းသမီးလေးသည် အိပ်ပျော်နေပြီဖြစ်သည်။ သို့သော် ကျန်းဟန်ရောက်ရှိလာသောကြောင့် ဤအိမ်သည် ချက်ချင်းအသက်ဝင်လာခဲ့သည်။

ညှော်ခန်းထဲတွင် မုန့်မုန့်၏ ဆဲလည်းသံလေးများကဲ့သို့ ရယ်မောသံများနှင့် ကျန်းဟန်၏ တောက်ပသော ရယ်သံများက ရုံဖန်ရံခါ ပြည့်နက်နေသည်။ ပထမထပ် အိပ်ခန်းထဲရှိ အန်တီဝမ်ပင်လျှင် သူတို့၏ရယ်မောသံကို ကြားရသည်။

ည ၁၁ နာရီခွဲအထိ မင်းသမီးလေးသည် ပျော်ရွှင်စွာကစားနေသေးသော်လည်း ဧယန်မှ လေးနက်စွာဖြင့် အိပ်ရန် အမိန့်ပေးခဲ့သည်။

"ဟွန့် မေမေ မကောင်းဘူး။ မုန့်မုန့် ကစားလို့မဝသေးဘူး"

မင်းသမီးလေးသည် စိတ်ကောက်စွာဖြင့်ပြောလိုက်သည်။

ဧယန်သည် မုန့်မုန့်အား အကူအညီကင်းမဲ့နေသည်ဖြစ်သောကြောင့် ကျန်းဟန်ကို စိုက်ကြည့်လိုက်မိသည်။ ကျန်းဟန်၏

ဖျားယောင်းသွေးဆောင်မှုအောက်တွင် မင်းသမီးလေးသည် အိပ်ရန် သဘောတူခဲ့သော်လည်း သူမဖေဖေက သူမကို အိပ်ရာဝင်ပုံပြင်ကို အရင်ပြောပြရပေမည်။

ထို့ကြောင့် ကျန်းဟန်သည် ဇီယန်နှင့်မုန့်မုန့်တို့၏ အိပ်ခန်းထဲသို့ လျှောက်သွားသည်။

မုန့်မုန့်၏ အိပ်ယာသည် ကုတင်သေးသေးလေးဖြစ်ပြီး ဇီယန်၏အိပ်ယာသည် ပုံမှန်ကုတင်ဖြစ်သည်။ ကုတင်သေးတစ်ခုနှင့် အကြီးတစ်ခုရှိသော်လည်း ကုတင်နှစ်ခုလုံးတွင် တူညီသောလက္ခဏာရှိသည်။ ၎င်းမှာ ကုတင်နှစ်ခုလုံးပေါ်တွင် အမွေးပွရုပ်များ အနည်းငယ်စီ ရှိနေခြင်းဖြစ်သည်။

ဇီယန်၏စိတ်သည် မိန်းမပျိုလေးတစ်ယောက်ကဲ့သို့သာ ရှိသေးသည်ထင်သည်။

ကျန်းဟန် အနည်းငယ်ပြုံးလိုက်သည်။

မုန့်မုန့်ကို ခဏလောက်ပုံပြင်ပြောပြပြီးနောက် မုန့်မုန့်သည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။

မုန့်မုန့်ကို သူမ၏စောင်သေးသေးလေးဖြင့် ညင်သာစွာခြုံပြီးနောက် ကျန်းဟန် အိပ်ခန်းထဲမှ တိတ်တဆိတ်ထွက်လာခဲ့သည်။

တံခါးဖွင့်လိုက်သည်နှင့် ဧည့်ခန်းထဲမှာ ကျိုးဖေး၏ဒေါသထွက်နေသံ စကားသံများကို ကြားလိုက်ရသည်။

"ငါသီချင်းတွေရွေးပြီးသွားပြီဆိုတော့ ထုတ်လုပ်ရေးဌာနကိုသွားခဲ့ပေမဲ့ နောက်ဆုံး ထုတ်လုပ်ရေးဌာနကလူတွေက သီချင်းတွေက ကွာလတီမကောင်းလို့ ရိုက်ကူးရေးအတွက် အရင်းမြစ်အများကြီး မသုံးရဘူးလို့ပြောလိုက်တယ်။ ရိုးရိုးရှင်းရှင်း လေးပဲရိုက်ကူးလို့ရမယ်တဲ့။ အဲဒါနဲ့ စုန်းမကြီးကို သွားတွေ့တာ သူဘာပြောလိုက်လဲသိလား။ သူက လုံးဝကို ဂရုမစိုက်ပဲ မြူးဇစ်ဗီဒီယို ကွာလတီကို မကျေနပ်ရင် အဖွဲ့ကောင်းတစ်ဖွဲ့ငှားပြီး ကိုယ့်ငွေနဲ့ကိုယ် ရိုက်နိုင်တယ်

လို့ပြောလိုက်တယ်လေ။ နင်က ကုမ္ပဏီရဲ့ အနုပညာရှင်တစ်ယောက်မဟုတ်လို့လား”

ဇီယန်၏ မျက်ခုံးများ အနည်းငယ် တွန့်သွားသည်။

“မနက်ဖြန် အစ်မမိန်ကို အဲ့အကြောင်းပြောဖို့ သွားရှာလိုက်မယ်”

“အစ်မယန် နင်သွားရင်တောင် အသုံးဝင်မှာမဟုတ်ဘူး။ အဲဒီစုန်းမကြီးက နင့်ကိုမျက်နှာသာမပေးတော့ဘူး။ ပြီးတော့ ထုတ်လုပ်ရေးဌာနက လူတွေလည်း မှန်တာပဲ။ သီချင်းတွေက တကယ်ကို ကွာလတီမကောင်းဘူး။ အယ်လ်ဘမ်နဲ့ပက်သက်ပြီး ဘယ်လိုပြန်စဉ်းစားမလဲ”

“အယ်လ်ဘမ်ကို ငါတို့ မထုတ်သေးပဲ ဆက်ဆွဲထားရင်လည်း ငါတို့အခွင့်အရေးရှိလာမှာမဟုတ်ဘူး”

ဇီယန် ခေါင်းခါလိုက်သည်။

သူမသည် အချို့အရာများကို အနည်းငယ်နားလည်လာခဲ့သည်။ ကုမ္ပဏီသည် သူမအတွက် အရင်းအနှီးများကို ယာယီအားဖြင့် သုံးစွဲရန်

ရည်ရွယ်ချက်ရှိမည်မဟုတ်ပေ။ တကျော့ပြန်ဆယ်လီတစ်ယောက်သည် ပြန်လည်ကျော်ကြားလာရန် ခက်ခဲသောကြောင့် ဖြစ်နိုင်သကဲ့သို့ မင်းသားလီ၏ စွက်ဖက်မှုကြောင့်လည်း ဖြစ်နိုင်သည်။ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်ပါစေ နောက်ဆုံးရလဒ်မှာ ဇီယန် မကြာမီအချိန်တိုအတွင်း အရင်းအနှီးများ ရရှိမည်မဟုတ်ပေ။

အချိန်ဆက်ဆွဲနေမည့်အစား အယ်လ်ဘမ်ကို အရင်ထုတ်လိုက်ရုံသာရှိသည်။

သီချင်း၏ကွာလတီမှာ အနည်းငယ်ဆိုးသော်လည်း အနည်းဆုံးတော့ အယ်လ်ဘမ်ထုတ်လိုက်ခြင်းဖြင့် ပရိသတ်များ၏ မှတ်ဉာဏ်များကို နှိုးဆွပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ဇီယန်သည် ယခင်က သူမ၏များပြားလှသော ပရိသတ်များက သူမကို ချစ်နေသေးကြောင်း သူမနှလုံးသားထဲတွင် ယုံကြည်သည်။

“အယ်လ်ဘမ်ထုတ်မှာလား”

ကျန်းဟန် ဆိုဖာထောင့်မှာဝင်ထိုင်ပြီး ပြောလိုက်သည်။

"မင်းအဆိုတော်ကနေ သရုပ်ဆောင်အဖြစ်ပြောင်းလာခဲ့တာမဟုတ်လား။ ဘာလို့ အယ်လ်ဘမ်ထုတ်ဖို့ လိုသေးတာလဲ"

"ကျွန်မက လူရှေ့မထွက်တာ ငါးနှစ်ရှိပြီ။ အရင်ကလို လူကြိုက်များတာမဟုတ်တော့ဘူး။ အဲ့ဒါတွေအားလုံး ရှင့်ကြောင့်ပဲမဟုတ်ဘူးလား"

ဇီယန် ကျန်းဟန်ကို မျက်စောင်းထိုးပြီးပြောလိုက်သည်။

"အမ်...."

ကျန်းဟန် ပြောစရာစကားမဲ့သွားသည်။

ဤအမျိုးသမီးသည် သူနှင့်စကားပြောသည့်အခါ ယမ်းမှုန့်စားပြီးပြောသလား ထင်ရသည်။

"မင်းရဲ့အယ်လ်ဘမ်က သီချင်းတွေမကောင်းဘူးပေါ့။ ဒီလိုဆိုရင်..."

ကျန်းဟန် စကားဆုံးအောင် မပြောလိုက်ရသေးခင်မှာပင် ဇီယန်၏ မျက်နှာက ချက်ချင်းအေးစက်လာပြီး ပြောလိုက်သည်။

"ရှင် ကျွန်မကိစ္စတွေကို ဂရုစိုက်စရာမလိုပါဘူး"

ဇီယန် ပြောပြီးသည်နှင့် သူမ၏အိပ်ခန်းဆီသို့ လျှောက်သွားသည်။

ဇီယန်၏အမူအရာအရ သူမဒေါသထွက်နေပုံရသည်။

"ဟွန့် ဘယ်သူက ရှင့်ကို စကားပြောဖို့ပြောလိုတယ်ပြောလို့လဲ။ ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး"

ကျိုးဖေး နှုန်ခမ်းတွန့်ကာ ပြောလိုက်ပြီး သူမအိပ်ခန်းဆီသို့ လျှောက်သွားသည်။

ကျန်းဟန် မျက်ခုံးများအနည်းငယ်တွန့်သွားပြီး မတ်တပ်ထရပ်ကာ အောက်ထပ်သို့ဆင်းလာသည်။

အောက်ထပ်သို့ဆင်းလာရင်း သူ ရေရွတ်လိုက်သည်။

“တကယ်ကို ကောင်းကောင်းဆက်ဆံဖို့မသင့်တာပဲ။ မင်းသာ မုန့်မုန့်ရဲ့အမေမဟုတ်ရင် ငါမင်းကို ဘာမှသောက်ဂရုစိုက်နေမှာမဟုတ်ဘူး”

ကျန်းဟန် ဧီယန်ကို သူမ၏အယ်လ်ဘမ်အကြောင်း မေးစဉ်က ရည်ရွယ်ချက်ကောင်းရှိခဲ့ပါသည်။ ယခုလက်ရှိသူ၏ဘဝဖြစ်စဉ်မှာ အရင်ဘဝနှင့် အနည်းငယ် ကွဲပြားသည်။ အချို့သော ဆယ်လီများသည် ယခုဘဝတွင် လုံးဝ ထွက်ပေါ်လာခဲ့ခြင်းမရှိပေ။ သို့သော် ကျန်းဟန် နာမည်ကြီးအချို့၏ လက်ရာများကို အနည်းငယ်ရင်းနှီးသည်။ ထို့အပြင် သူသည်လည်း ဂီတနှင့်ပက်သက်ပြီး အသိပညာရှိသည်။ ထို့ကြောင့် ဤဘဝတွင် ပေါ်ပေါက်လာခဲ့ခြင်းမရှိသော သူ၏ယခင်ဘဝမှ သီချင်းများကို ပြန်ထုတ်ရန်မှာ အလွန်ခက်ခဲမည်မဟုတ်ပေ။

မူလက သူသည် ဧီယန်ကို အကူအညီအနည်းငယ်ပေးလိုသော်လည်း ထိုအမျိုးသမီးက လုံးဝစိတ်ဝင်စားသည့်ပုံမပေါ်။ ထို့ကြောင့် ကျန်းဟန်သည်

သူမ၏အေးစက်မှုအတွက်
သူ၏မျက်နှာတွင်လည်းနွေးထွေးနေစရာမလိုဟု ခံစားရသည်။
သို့သော် ဇီယန်သည် ကျန်းဟန်၏အတွေးများကို မည်သို့ သိနိုင်ပါမည်နည်း။

ဇီယန်သည် နောက်ဆုံးအကြိမ် ကျန်းဟန်နှင့် စကားများစဉ်က သူပြောခဲ့သော စကားများကို ရှင်းရှင်းလင်းလင်းမှတ်မိနေသေးသည်။ ကျန်ဟန်ဆက်ပြောမည့်စကားများက “ဒီလိုဆိုရင် မင်းချက်ချင်းအနုပညာအလုပ်ကအနားယူလိုက်ပြီးတော့ အဲ့ဒါတွေကို မေ့ပစ်လိုက်တော့။ တီဗီဖန်သားပြင်ပေါ်က သရုပ်ဆောင်တစ်ယောက်က ဘာတွေကောင်းနေလို့လဲ” ဟုပြောလိမ့်မည်ထင်ခဲ့သည်။

ဇီယန်သည် ဤအကြောင်းအရာနှင့်ပက်သက်၍ ကျန်းဟန်နှင့်စကားမများချင်ပဲ ကျန်းဟန်နှင့်လည်း ထိုအကြောင်းမပြောချင်သောကြောင့် ချက်ချင်း သူကို အေးစက်စွာနှောင့်ယှက်ခဲ့ခြင်းဖြစ်သည်။

ထိုထက်ပင်မက ဇီယန်သည် သူမ၏အိပ်ခန်းသို့ပြန်လာကာ အိပ်ယာပေါ်တွင် လှဲလျောင်းရင်း စိတ်ဆိုးနေသည့်လေသံလေးဖြင့် တိုးတိုးလေးပြောနေဆဲပင်ဖြစ်သည်။

ထိုစကားလုံးများသည် ရှိရှင်းစွာပင် "လူလိမ်လူညစ်ကောင်" "ခေါင်းမာတဲ့အကောင်" "စိတ်တိုဖို့ကောင်းတဲ့ကောင်" စသည်ဖြင့် စကားလုံးများပင်ဖြစ်သည်။

ကျန်းဟန်သည် အောက်ထပ်ရှိ အခန်းလွတ်ထဲသို့ ဝင်သွားသည်။ အိပ်ခန်းဖွဲ့စည်းပုံသည် ဟိုတယ်တစ်ခုနှင့် ဆင်တူသည်။ ရေချိုးခန်းပါရှိပြီး အိပ်ယာနှင့် အခြားပစ္စည်းများမှာ အသစ်စက်စက်ဖြစ်သည်။ ကျန်းဟန် သူ၏အဝတ်အစားများကို ချွတ်လိုက်ပြီး ကုတင်ပေါ်တွင် လှဲရင်း ဖုန်းပွတ်နေလိုက်သည်။ ခဏအကြာတွင် သူလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

မူလက သူ့အတွေးနှင့်သူ ဒီမှာနေရန် ဆန္ဒမရှိပေ။ သူ၏ အထောက်အထားက အတော်လေးအဆင်မပြေလှချေ။ သူသည် ဇီယန်၏ခင်ပွန်းမဟုတ်သော်လည်း ဇီယန်နှင့် ကလေးယူထားသည်။ ဤကဲ့သို့သောအခြေအနေမျိုး၌ ဇီယန်၏အိမ်တွင် ညအိပ်ရသည်မျာ ကို့ယို့ကားယားနိုင်သလိုခံစားရသည်။

သို့သော် နောက်တစ်နေ့တွင် မုန့်မုန့်အား ကစားရန်ခေါ်သွားလိုသောကြောင့် ကသိကအောက်အခြေအနေကို သည်းခံပြီး ဤနေရာတွင် တစ်ညနေထိုင်ခဲ့သည်။

နောက်တစ်နေ့ မနက် ၈ နာရီ။

ဝမ်ကျူမ့် မနက်စာပြင်ဆင်ပြီးပြီဖြစ်သည်။ မနက်စာက အတော်လေးရိုးရှင်းပေသည်။ မုန့်မုန့်နှင့် ဇီယန်အကြိုက် ကန်စွန်းဆန်ပြုတ်၊ ကြက်ဥပြုတ် ၇ လုံး၊ စူပါမားကတ်မှ ဝယ်ထားသော မုန့်များနှင့် ဆားရည်စိမ်အသီးအရွက်များ ပါဝင်သည်။

ကျန်းဟန် ပထမထပ်ရှိညွှေ့ခန်းတွင် ထိုင်ကာ တီဗီကို ပေါ့ပေါ့ပါးပါးကြည့်နေသည်။ မနက် ၆ နာရီကျော်တွင် သူနိုးနေပြီဖြစ်သော်လည်း အပေါ်ထပ်တွင် လှုပ်ရှားမှုမရှိချေ။ မနက် ၈ နာရီထိုးမှသာ အူကြောင်ကြောင်နှစ်ယောက်နှင့် မုန့်မုန့်တို့ အောက်ထပ်ကို ဆင်းလာကြသည်။

"ဖေဖေ"

မုန့်မုန့်သည် ရှေ့သို့ခုန်ပေါက်ပြေးသွားကာ သူမ၏မျက်နှာတွင် ပျော်ရွှင်မှုအရိပ်အယောင်များဖြင့် ကျန်းဟန်၏ရင်ခွင်ထဲသို့ တိုးဝင်သွားသည်။

၎င်းသည် သူမ အိပ်ယာကနိုးလာသည်နှင့် အဖေရော အမေရော နှစ်ယောက်လုံး အတူတူတွေ့ခွင့်ရသည့် ပထမဆုံးအတွေ့အကြုံဖြစ်သည်။

"အာ့ရိုး...သစ္စာဖောက်လေးပါလား။ အဲ့အကောင်နဲ့တွေ့ပြီးကတည်းက အန်တီဖေးဖေးကို နမ်းခွင့်တောင်မပေးတော့ဘူး"

ကျိုးဖေး မနာလိုသည့် မျက်နှာဖြင့်ပြောလိုက်သည်။

-C 25 End

wunzinnosp

## အခန်း (၂၆) လွှမ်းမိုးချုပ်ကိုင်နိုင်သော ချီ

"ဖေဖေ ဖေဖေ မုန့်မုန့်က စကားနားထောင်တယ်။ အန်တီဖေးဖေးကို မနမ်းဘူး။ မေမေ့ကိုလည်း ရေကောင်းကောင်းချိုးပြီးမှ မုန့်မုန့်က နမ်းမှာ"

ကျိုးဖေး၏စကားကိုကြားလိုက်မှ မုန့်မုန့်သတိရသွားသည်။ ပြီးသည်နှင့် သူမသည် မျှော်လင့်ချက်အပြည့်ဖြင့် သူမဖေဖေ၏ချီးကျူးမှုကို စောင့်ဆိုင်းနေခဲ့သည်။

ထိုသို့သောအခြေအနေမျိုးတွင် ကျန်းဟန်သည် မင်းသမီးလေး စိတ်ပျက်အောင် တစ်ခါမျှမလုပ်ခဲ့ဖူးပေ။

ကျန်းဟန် အပြုံးလေးဖြင့် ပြောလိုက်သည်။

"မုန့်မုန့်က အရမ်းလိမ္မာတာပဲ။ ဖေဖေ နောက်မှ ရေခဲမုန့် ဆုချမယ် ဟုတ်ပြီလား"

"ဟုတ်ပြီ ဟုတ်ပြီ ဖေဖေက အကောင်းဆုံးပဲ"

မုန့်မုန့်သည် ပျော်ရွှင်နေသည့်မျက်နှာဖြင့် တခစ်ခစ်ရယ်မောနေသည်။

"ကျန်းဟန် အဲ့ဒါဘာအဓိပ္ပာယ်လဲ။ ဒါက တကယ် သေလောက်အောင်ကို ဒေါသထွက်စေတာပဲ" ကျိုးဖေး ကျန်းဟန်ကိုစိုက်ကြည့်ရင်းပြောလိုက်သည်။

"ဘယ်သူကများ သူတို့ရဲ့ကလေးကို ဒီလိုတွေသင်ပေးလို့လဲ။ မုန့်မုန့် ငယ်ငယ်လေးကတည်းက ငါ့မျက်စိရှေ့တင် ကြီးပြင်းလာတာ။ ရှင်ရောက်လာပြီး ရက်နည်းနည်းလေးပဲရှိသေးတယ် ကလေးကို မဟုတ်တာတွေသင်ပေးနေပြီ"

"ကောင်းပြီ ရှောင်ဖေး စားရအောင်။ စားပြီးသွားရင် ကုမ္ပဏီကို သွားရမှာ" ဇီယန် နှုတ်ခမ်းဖွဖွဟကာ ပြောလိုက်သည်။

“ပြီးတော့ ကျန်းဟန်ပြောတာတွေလည်း မှန်တယ်လို့ခံစားရတယ်။ မိတ်ကပ်ဖောင်ဒေးရှင်းကို နမ်းတာက တကယ် မကောင်းဘူး”

“အာ”

ထိုစကားကိုကြားသည့်အခါ ကျိုးဖေး အနည်းငယ်မင်သက်သွားပြီး မျက်လုံးများပြူးကာ “ကောင်းပြီ ကောင်းပြီ ကောင်းပြီ နင်တို့မိသားစုက အတူတူပေါင်းပြီး ငါ့ကို အနိုင်ကျင့်နေကြတာပဲ။ အစ်မယန် ငါတကယ်ကို အထင်မှားခဲ့တာပဲ။ ကျန်းဟန်လာတာ နှစ်ရက်ပဲရှိသေးတယ် နင်က ခင်ပွန်းနောက်ကိုလိုက်တဲ့ ဇနီးလိုဖြစ်နေပြီ”

“နင်ဘာတွေလျှောက်ပြောနေတာလဲ”

ဇီယန် ကျိုးဖေးကို မျက်စောင်းထိုးလိုက်သည်။

“ဟီးဟီး စားရအောင် စားရအောင်”

ကျိုးဖေးရယ်လိုက်ပြီး ထမင်းစားစားပွဲရှေ့သို့ ပြေးသွားသည်။

“သွားစားကြရအောင်” ကျန်းဟန် မုန့်မုန့်ကို ချီကာ ထမင်းစားစားပွဲသို့သွားလိုက်သည်။

“ဖေဖေ အဲဒီရှည်ရှည်ခုံက သမီးဟာ”

မုန့်မုန့်သည် အရှည်ဆုံးထိုင်ခုံကို ညွှန်ပြကာပြောသည်။

ကျန်းဟန် မုန့်မုန့်ကို ထိုခုံပေါ်တင်လိုက်ပြီး မုန့်မုန့်အား ကျွေးရန် သူမ၏ညာဘက်တွင် ဝင်ထိုင်လိုက်သည်။ မူလက မုန့်မုန့်အား ကျွေးမွေးရန်မှာ ဝမ်ကျွမ့်၏နေ့စဉ်အလုပ်ဖြစ်သော်လည်း ကျန်းဟန်သည် မုန့်မုန့်အား ကိုယ်တိုင်ကိုယ်ကျ ကျွေးရန်ရည်ရွယ်ထားသည်ကို မြင်သည့်အခါ ဝမ်ကျွမ့်အနည်းငယ် ပြုံးလိုက်ပြီး သန့်ရှင်းရေးလုပ်ရန် မီးဖိုချောင်သို့ ပြန်သွားခဲ့သည်။

“မေမေ ဒီမှာလာထိုင်”

ဇီယန်သည် သူမရှေ့တွင်ဝင်ထိုင်သည်ကိုတွေ့သည်နှင့် မုန့်မုန့်သည် အနည်းငယ်မကျေမနပ်ဖြစ်ကာ သူမဘယ်ဘက်ရှိထိုင်ခုံကိုညွှန်ပြကာ အမိန့်ပေးလိုက်သည်။

"ကောင်းပြီ ကောင်းပြီ ကောင်းပြီ သမီးပြောတာနားထောင်ပါ့မယ်"

ဇီယန်ပြုံးလိုက်ပြီး မုန့်မုန့်၏ ဘယ်ဘက်တွင် သွားထိုင်လိုက်သည်။

သူမ၏ဘယ်ဘက်တွင်အမေဖြစ်သူထိုင်နေပြီး ညာဘက်တွင်တော့ အဖေဖြစ်သူထိုင်နေသည်ကို မြင်သည့်အခါ မုန့်မုန့် ဝမ်းသာအားရမျက်နှာဖြင့် လက်နှစ်ဖက်ကိုမြှောက်လိုက်သည်။

"လာမုန့်မုန့် ဆန်ပြုတ်ကို စား၊ နွားနို့များများသောက်၊ ကြက်ဥအနှစ်ကိုများများစား ကြက်ဥအနှစ်က အာဟာရအများဆုံးပဲ။ ဆားနယ်ထားတဲ့ အသီးအရွက်တွေ မစားနဲ့။ ဆားနယ်ထားတဲ့ အသီးအရွက်တွေ များများစားရင် မကောင်းဘူး..."

ကျန်းဟန် ညာဘက်ခြမ်းတွင်ထိုင်ပြီး သူကိုယ်တိုင်အရင်မစားပဲ မုန့်မုန့်ကို တစ်လုတ်ပြီးတစ်လုတ် ခွံ့ကျွေးနေတော့သည်။ သူ၏အမူအရာတွင်ရှိသည့်

နူးညံ့မှုအရိပ်အယောင်များက ဇီယန်၏မျက်လုံးများကို ဖမ်းစားထားသည်။

သူမမိဘများနှင့် အတူရှိသဖြင့် မုန့်မုန့်အလွန်ပျော်ရွှင်ခဲ့ပါသည်။ ခါတိုင်းဆိုလျှင် သူမ စားလေ့မရှိ မနှစ်သက်သော ကြက်ဥအနှစ်ကိုပင် ယခု စိတ်အားထက်သန်စွာ စားလိုက်သည်။

ကျန်းဟန်နှင့် ထိတွေ့ပြီးနောက်ပိုင်း မုန့်မုန့် အလွန်ရွှင်လန်းလာသည်။ ဖခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာသည် တကယ်ကို အရေးပါပေသည်။

ဇီယန်သည် သူမစိတ်ထဲတွင် အနည်းငယ်သက်ပြင်းချရင်း ကိုယ့်ကိုယ်ကို ပြန်တွေးနေမိသည်။

သူမနှင့် ကျန်းဟန် နှစ်ယောက်လုံးတွင် ရှင်သန်နေထိုင်မှုနှင့် လူမှုအသိုင်းအဝိုင်း ကိုယ်စီရှိကြသည်။ အနာဂတ်တွင် သူတို့ အတူရှိနိုင်မလား ဆိုသည်မှာ မသေချာလှပေ။ ဤကဲ့သို့ ပျော်ရွှင်စရာကောင်းသည့်

အချိန်ကာလသည် မုန့်မုန့်အတွက် မည်မျှကြာကြာခံမည်ဆိုသည်ကို မည်သူသိနိုင်ပါမည်နည်း။

ဤအကြောင်းကို တွေးလိုက်ရုံနှင့် ဇီယန် ဆုံးရှုံးသွားသလိုခံစားလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ရောက်လျှင် မုန့်မုန့် အရမ်းကြေကွဲသွားမှာ သေချာပေသည်။

ငါ ကျန်းဟန်နဲ့တကယ်တွဲလိုက်ရမှာလား...

ဤမေးခွန်းသည် ဇီယန်၏ နှလုံးသားထဲတွင် မကြာသေးမီက တည်ရှိခဲ့သည်။ ကျန်းဟန်သည် တစ်ချိန်က ချမ်းသာသော ဒုတိယမျိုးဆက်သခင်လေးတစ်ယောက်ဖြစ်ခဲ့ပြီး လက်ရှိတွင် နိမ့်ပါးနေသူဖြစ်သည်။ ကျန်းဟန်၏နူးညံ့သိမ်မွေ့သည့်ဘက်ခြမ်းကို ဇီယန် မြင်ဖူးသော်လည်း သူမစိတ်ထဲရှိ ဇီယန်ရှာနေသည့် သူမျိုးမဟုတ်သေးပေ။

အချစ်က ပုံသေတွက်လို့မရဘူး...

ဇီယန် ခေါင်းတစ်ချက်ခါလိုက်ပြန်သည်။ ဤကဲ့သို့အခြေအနေမျိုးအတွက် ခြေတစ်လှမ်းပြီးတစ်လှမ်း လှမ်းပြီးတိုင်း နောက်ထပ်ဘယ်လိုသွားမလဲဆိုသည်ကို ကြည့်ရန်ကလွဲပြီး တခြားရွေးချယ်စရာမရှိပေ။ ထို့ပြင် လာမည့်နေ့ရက်များတွင် အလုပ်များလွန်းမည်ဖြစ်သောကြောင့် ကိုယ်ရေးကိုယ်တာ ကိစ္စများကို စဉ်းစားနေရန်အချိန်မရှိပေ။

ဇီယန် စိတ်ထဲတွေးလိုက်မိသည်။ အကယ်၍ ကျွန်းဟန်သာ သူမ၏အတွေးများကိုသိလျှင် သူ၏နှုတ်ခမ်းများကို တွန့်ကာ သေချာပေါက် ဤသို့ပြောလိမ့်မည်။

ငါက မင်းနဲ့ပေါင်းဖက်ဖို့ စိတ်ကူးရှိတယ်လို့ပြောတောင်မပြောဖူးဘူး။ ပြီးတော့ ငါလို ဟန်ယန်အင်မော်တယ်ကောရာဇ်နဲ့ အတူနေရတာကို မင်းကိုယ်မင်းစတေးတယ်လို့ ဘယ်လိုတောင်မှတ်ယူနိုင်တာလဲ...

သို့သော်လည်း ကျန်းဟန်သည် ဇီယန်၏အတွေးများကို မသိသလို ဇီယန်သည်လည်း သူမ၏လက်ရှိအတွေးများကို ထုတ်ပြောလိမ့်မည်မဟုတ်ပေ။ အနာဂတ်တွင် ဘာတွေဖြစ်လာနိုင်မည်ကို မည်သူကမျှ သေချာသိနိုင်ပါမည်နည်း။

စားပြီးသည်နှင့် ဇီယန်နှင့် ကျိုးဖေးသည် မတပ်ထရပ်ကာ ထွက်သွားကြသည်။ သူတို့ရွေးချယ်ထားသော သီချင်းများကို အနည်းငယ် ဂရုတစိုက် ပြုပြင်ရန် ရည်ရွယ်ထားပြီး ထိုသို့လုပ်ရန် အချိန်မှာလည်း မနည်းလှပေ။ ထို့ပြင် ဇီယန်သည် မြူးဇစ်ဗီဒီယို(MV) ရိုက်ကူးမှုနှင့် ပက်သက်ပြီး မိန်ချီကိုလည်း အနည်းငယ်မေးချင်သေးသည်။

သူတို့ထွက်သွားပြီးနောက် မင်းသမီးလေးသည် အနည်းနှင့်အများ စားသောက်ပြီးသွားသည်။ ကျန်းဟန်သည် အနည်းငယ်သာစားပြီး အနားယူရန် ပထမထပ်ရှိ ဆိုဖာပေါ်တွင် ထိုင်ရန် မုန့်မုန့်ကို ခေါ်သွားသည်။

ဝမ်ကျွမ့် ထမင်းစားခန်းကို သန့်ရှင်းရေးလုပ်ပြီးသည်နှင့် သူမလျှောက်လာပြီး အပြုံးလေးဖြင့် ပေးလိုက်သည်။

"မစ္စတာကျန်း မင်းကဘယ်ကလဲ"

"ပေကျင်း" ကျန်းဟန် ပြန်ပြောလိုက်သည်။

"မစ္စတာကျန်း အရင်က ဒီမှာနေဖူးလား"

ဝမ့်ကျွမ့်မေးသည်။ ဇီယန်သည် ယခင်က အလွန်နာမည်ကြီးသည့် ဆယ်လီတစ်ယောက်ဖြစ်ကြောင်း သူမသိသောကြောင့် သူမစိတ်ထဲတွင် ကျန်းဟန်အကြောင်းကို အနည်းငယ်သိချင်နေခဲ့သည်။ သို့သော် သူမသိချင်နေသော်လည်း သူမ၏ ကျန်းဟန်အပေါ် အကဲဖြတ်မှုက မမြင့်မားပေ။

မိန်းကလေးအိမ်သို့ လာနေသော ယောကျ်ားလေးများသည် ကြီးကြီးမားမားစွမ်းဆောင်နိုင်စွမ်းမရှိဟု သူမခံစားမိသည်။ ဇီယန်သည် ဤအိမ်ကြီးတွင်နေခဲ့ပြီး ဟောင်ကောင်တွင်ရှိသော အိမ်ဖြစ်သောကြောင့် သူမသည် သေချာပေါက်

ချမ်းသာသူဖြစ်သည်။ ဝမ်ကျွမ့်သည် ကျန်းဟန်မှာ ဇီယန်ကို ပိုက်ဆံလိုချင်၍ လာသည့် လူယုတ်မာမျိုးဖြစ်သောကြောင့် သူမ အနည်းငယ်စိတ်ပူသွားသည်။

နောက်တစ်ခုကား ဤကဲ့သို့သော အဖြစ်အပျက်များမှာ လူမှုအဖွဲ့အစည်းတွင် များစွာရှိခဲ့ပေသည်။ သို့သော်လည်း လက်ရှိအခြေအနေကိုကြည့်ခြင်းအားဖြင့် ကျန်းဟန်သည် လူမှုအဖွဲ့အစည်း၏ စံနှုန်းများနှင့် ကိုက်ညီနေပေသည်။ သို့သော် ၎င်းက ဝမ်ကျွမ့်၏ သတိထားမှုကို ချေပရန်အတွက် မလုံလောက်ပေ။ ထို့ကြောင့် သူမသည် ကျန်းဟန်၏အခြေအနေကို ရိုးရိုးရှင်းရှင်းမေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ကျန်းဟန်သည် ဝမ်ကျွမ့်နှင့် စကားပြောရန် ရည်ရွယ်ချက်မရှိဘဲ ဆိုဖာပေါ်တွင် တီဗီကြည့်နေသော မုန့်မုန့်ကို ပွေ့ချီသွားသည်။

“အားယား… အနံ့မကောင်းတဲ့ဖေဖေ မုန့်မုန့် တီဗီကြည့်နေတယ်လေ” မုန့်မုန့်သည် မကျေမနပ်မျက်နှာဖြင့် ပြောလိုက်သည်။

“မုန့်မုန့် ဖေဖေက သမီးကို အပြင်ထွက်ကစားဖို့ ခေါ်လာတာပါ”

ကျန်းဟန် မုန့်မုန့်၏ ပါးပြင်ကို နမ်းလိုက်ရင်း ပြောလိုက်သည်။

“အမ်”

မုန့်မုန့်၏မျက်လုံးများတောက်ပလာပြီး တီဗီကြည့်နေသည်ကို ရပ်တန့်ကာ ကျန်းဟန်ဘက်သို့ ခေါင်းလှည့်ပြီးမေးလိုက်သည်။

“တကယ်လား”

“ဖေဖေက မနေ့ကသွားခဲ့တဲ့ သုခဘုံကို လိုက်ပို့ပေးမယ် ဟုတ်ပြီလား” ကျန်းဟန် ညင်သာစွာပြောလိုက်သည်။

“ရေး…. ကောင်းတယ် ကောင်းတယ်။ အပြင်ထွက်ကစားကြမယ်”

ခဏအကြာတွင် မုန့်မုန့် အလွန်ပျော်ရွှင်လာသည်။

ပုံမှန်ဆိုလျှင် မေမေအိမ်တွင်မရှိသည့်အချိန် မုန့်မုန့်အပြင်ထွက်မကစားနိုင်ပဲ အိမ်မှာတွင်သာ နေနိုင်ခဲ့သည်။ ယခု ဖေဖေ ရှိသည့်အချိန်မှာပဲ မုန့်မုန့်အား အပြင်ထွက်ကစားရန်ခေါ်ပေးသည်။ ၎င်းက ရိုးရှင်းစွာပင် မုန့်မုန့်၏ နှလုံးသားထဲတွင် ကျန်းဟန်၏ပုံရိပ်ကို ပိုမိုမြင့်မားလာစေသည်။

"မွ မွ မွ"

မုန့်မုန့်သည် ကျန်းဟန်၏မျက်နှာကို အကြိမ်အနည်းငယ်နမ်းလိုက်သည်။

"ဖေဖေ သမီးကို အဝတ်အစားအရင်လဲဖို့ ခေါ်သွားပေးမယ်"

ကျန်းဟန်ပြုံးကာ မုန့်မုန့်အား ဒုတိယထပ်သို့ ခေါ်သွားသည်။

အပြင်ထွက်ကစားသည့်အခါ ညဝတ်အင်္ကျီမဝတ်ထားခြင်းက ပိုပြီး သဘာဝကျပေသည်။

ထိုအချိန်တွင် ဝမ်ကျွမ့်၏အမူအရာသည် ခဏတာ အေးခဲသွားသည်။ ပုံမှန် ဇီယန်မရှိသည့်အချိန်များတွင် တခြားသူများ မုန့်မုန့်အား အပြင်ခေါ်သွားပြီး ကစားခွင့်မပြုပေ။

ဝမ်ကျွမ့်ကိုယ်တိုင်က အပြင်လူတစ်ယောက်ဖြစ်ပြီး ကျန်းဟန်ကိုလည်း အပြင်လူတစ်ယောက်အဖြစ် သူမ မသိစိတ်က ခံယူထားသည်။ သူမအား ဇီယန်က အလုပ်ခန့်ပြီးနောက် ကိစ္စတစ်ခုခုရှိပါက သူမသည် သဘာဝအတိုင်းပင် ဇီယန်ကို မေးရမည်ဖြစ်သည်။ ထို့ကြောင့် သူမ မီးဖိုချောင်သို့လျှောက်သွားကာ ဇီယန်၏ဖုန်းကို ခေါ်လိုက်သည်။

"ဟဲလို မစ္စ။ မုန့်မုန့်အဖေက သူမကို အပြင်ထွက်ကစားဖို့ ခေါ်သွားချင်နေတယ်"

"ဘယ်ကိုသွားမှာလဲ"

ကျန်းဟန်သည် ဒီနေ့မနက်တွင် သူသွားရန်လိုအပ်သည့် တောင်နှင့်ပက်သက်သည့်ကိစ္စများရှိနေသဖြင့်

သူ့ဟာသူထွက်သွားလိမ့်မည်ဟု မူလက သူမထင်ခဲ့သည်။ ထို့ပြင် စားသောက်ဆိုင်သည်လည်း ပြင်ဆင်နေဆဲဖြစ်သည်။

အရေးကြီးသည်က ဇီယန်၏ စိတ်ထဲတွင် မုန့်မုန့်ကို ကျန်းဟန်နှင့် နေ့တိုင်း ထိတွေ့ခွင့်မပေးချင်ခဲ့ခြင်းပင်ဖြစ်သည်။ အနာဂတ်တွင် ကျန်းဟန်သည် မုန့်မုန့်အား သူမထံမှ ခေါ်ဆောင်သွားမည့်နေ့ ရောက်လာမည်ကို သူမ တကယ်ကြောက်နေမိသည်။

"မသိဘူး။ သူက မုန့်မုန့်ကို သုခဘုံဆိုလား တစ်ခုခုပြောနေတာကြားလိုက်တယ်။ လောလောဆယ် သူတို့ အဝတ်အစားလဲဖို့ ဒုတိယထပ်မှာရှိတယ်"

ဝမ်ကျူမ့် အသံတိုးတိုးဖြင့်ပြောသည်။

"အဲ့ဒီနေရာလား"

ဇီယန်၏မျက်ခုံးများတွန့်သွားကာ ပြောလိုက်သည်။

"ဘာလုပ်ဖို့ အဲ့နေရာကို သွားမှာလဲ။ နေ့ခင်းဘက်ဆို အဲဒီမှာ နေပူတယ်။ ကျန်းဟန်တစ်ယောက်တည်း

သူ့ဟာသူသွားပါစေ။ ကောင်းပြီ အန်တီဝမ် ကျွန်မ အလုပ်လုပ်ရဦးမယ်”

ပြောပြီးသည်နှင့် ဇီယန် ဖုန်းချကာ မိန်ချီ၏ ရုံးခန်းသို့ တန်းတန်းမတ်မတ်လျှောက်သွားသည်။

တစ်ဖက်တွင်

ကျန်းဟန်သည် မုန့်မုန့်အား အဝတ်အစားလဲပေးခဲ့သည်။ အတွင်းဘက်တွင် လက်တိုအကျႌပါသည့် ပါးလွှာသောဂျာကင်တစ်ထည်နှင့် ခန္ဓာကိုယ်အောက်ပိုင်းတွင် ခေတ်စားနေသော အပြာရောင်ဂျင်းဘောင်းဘီကို ဝတ်ဆင်ခဲ့သည်။

“သွားကြမယ်”

မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲတွင်ရှိနေစဉ် သူမ၏လက်ကလေးများကို ဆန့်တန်းကာ စိတ်အားထက်သန်စွာပြောသည်။

“သွားကြမယ်”

ကျန်းဟန် ပြုံးရင်း ခေါင်းယမ်းလိုက်သည်။ ပထမထပ်သို့ ဆင်းလာသည့်အခါ တံခါးဝတွင် ငြိမ်သက်စွာရပ်နေသော ဝမ်ကျွမ့်ကို တွေ့လိုက်သည်။

ကျန်းဟန် သူ၏ဖိနပ်လဲရန် ကြံနေချိန်တွင် ဝမ်ကျွမ့်က ကသိကအောက်ပြုံးပြီး ပြောလိုက်သည်။

"တောင်းပန်ပါတယ် မစ္စတာကျန်း။ ကျွန်မအခုပဲ မစ္စကို ဖုန်းဆက်ပြီးမေးတော့ အပြင်မှာရာသီဥတုက နည်းနည်းပူလို့ မုန့်မုန့်ကို အပြင်မထွက်စေချင်ဘူးလို့ ပြောပါတယ်။ ဒါကြောင့် မစ္စတာကျန်း အလုပ်များနေရင်...."

သူမ၏စကားများအရ ညွှန်သည်အား ပြန်စေချင်နေပြီဖြစ်ကြောင်း တွေ့နိုင်သည်။

"မဟုတ်ဘူး။ မုန့်မုန့် ဖေဖေနဲ့အပြင်ထွက်ကစားချင်တယ်"

ထိုစကားကိုကြားသည်နှင့် မုန့်မုန့်သည် အလွန်စိတ်ဆိုးတကြီး ပြောလိုက်သည်။

"သူမက မင်းကို အဲ့လိုပြောတာလား"

ကျန်းဟန် ဝမ်ကျွမ့်ကိုကြည့်လိုက်သည်။

“ဟုတ်ပါတယ်”

ဝမ်ကျွမ့် ခေါင်းညိတ်လိုက်သည်။

“ဒါဆို ငါသူ့မကို အဲ့အကြောင်းပြောလိုက်မယ်”

ကျန်းဟန် ဖုန်းထုတ်လိုက်ပြီး ဧီယန်ကို ထိုကိစ္စပြောရန်မေးရန် ဖုန်းဆက်လိုက်သည်။ ၃ ကြိမ်ခေါ်ဆိုပြီးသည်အထိ ဧီယန်ဖုန်းမကိုင်သေးချေ။

“ဘယ်တော့မှ မကိုင်ဘူး”

ကျန်းဟန် ဆက်ခေါ်မနေတော့ဘဲ ဖုန်းကို သိမ်းလိုက်သည်။

ဝမ်ကျွမ့်ကို ကြည့်လိုက်ပြီး ပြောလိုက်သည်။

“မင်း သူမကို နောက်မှပြောလိုက်တော့။ ငါက မုန့်မုန့်ကို ဘယ်ကိုပဲခေါ်သွားချင်ပါစေ သူမရဲ့ သဘောတူညီမှုရယူနေဖို့ မလိုအပ်ဘူး”

ဒါက ဘယ်လိုဟာသမျိုးလဲ။ ငါ့သမီးကို ကစားဖို့ခေါ်သွားတာကို သူ့ဆီက ခွင့်ပြုချက်အရင်တောင်းနေရမှာလား။

ကျန်းဟန်၏ ဂရုမစိုက်သော စိတ်သဘောထားနှင့်ပင် သူ့စိတ်ထဲ၌ မပျော်မရွှင်ဖြစ်နေသေးသည်။ အကယ်၍အခြေအနေတွင် ကျန်းဟန်သည် ကပျက်ကယက်သခင်လေးတစ်ဦးသာ ဖြစ်ပါက သူသည် အစကတည်းက ပေါက်ကွဲသွားလိမ့်မည် ဖြစ်သည်။

ယခုအချိန်တွင် ကျန်းဟန်သည် မည်သည့်အရာမျှ မနှောင့်ယှက်ချင်၊ ကျော်ကြားမှုနှင့် ကံကြမ္မာကို ဂရုမစိုက်ချင်၊ လောက၏အရာများကို အာရုံမစိုက်ချင်တော့ဘဲ အငြင်းပွားမှုများတွင် မပါဝင်လိုတော့ပေ။ သူသည် မုန့်မုန့်ကို ကောင်းကောင်းဂရုစိုက်ပြီး ပေါ့ပေါ့ပါးပါးဖြင့် ပူပန်မှုကင်းသည့် ကျေးလက်လူနေမှုပုံစံကိုသာ ခံစားချင်ခဲ့သည်။

"ဒါက..."

ဝမ်ကျွမ့်၏မျက်နှာသည် ခါးသီးလာသည်။

ကျန်းဟန်သည် သူမကို ဂရုမစိုက်ပေ။ မုန့်မုန့်အား အဖြူရောင် အားကစားဖိနပ်လေးတစ်ရံကို စီးပေးပြီး သူ၏ရှူးဖိနပ်ကိုစီးကာ အိမ်အပြင်ထွက်ရန်ပြင်လိုက်သည်။

ထိုအရာကိုမြင်သည့်အခါ ဝမ်ကျွမ့်သည် ကျန်းဟန်ကို ပိတ်ဆို့ရန် သူမ၏ခန္ဓာကိုယ်ကို အလျင်အမြန်ရွှေ့လိုက်ပြီး ခါးသီးသောအပြုံးဖြင့် ပြောလိုက်သည်။

"မစ္စတာကျန်း ကျေးဇူးပြုပြီး ကျွန်မကို ခက်ခဲအောင်မလုပ်ပါနဲ့။ မုန့်မုန့်ကို အပြင်ထွက်ခွင့်ပေးလိုက်ရင် ကျွန်မကို မစ္စကအပြစ်တင်လိမ့်မယ်"

"အိုး... ဒါဆိုမင်းက သူမအပြစ်တင်မှာကို ကြောက်ပြီး ငါအပြစ်တင်မှာကိုတော့ မကြောက်ဘူးပေါ့"

ကျန်းဟန်၏အကြည့်များက အေးစက်သွားသည်။

"မင်း တကယ် မုန့်မုန့်ကို အပြင်ခေါ်သွားလို့မရပါဘူး။ မစ္စတာကျန်း..."

ဝမ်ကျွမ့်သည် ကျန်းဟန်အား ဆက်ပြီးစည်းရုံးချင်သေးသော်လည်း မုန့်မုန့်သည် သူမအား ဒေါသတကြီး ဝင်ရောက်နှောင့်ယှက်လိုက်သည်။

"စုန်းမအိုကြီး မင်းမြန်မြန်ထွက်သွား။ မင်းက လမ်းကို ပိတ်နေတယ်။ ဖေဖေက မင်းကို ရိုက်လိုက်မယ် သတိထားနေ"

ကလေးတစ်ယောက်၏သင်ယူနိုင်စွမ်းသည် အလွန်ကောင်းမွန်ပေသည်။ ကျိုးဖေးသည် အိမ်ထဲတွင် ‘စုန်းမအိုကြီး’ ဟု ခဏခဏပြောနေသောကြောင့် ထိုစကားလုံးကို မုန့်မုန့်က မှတ်မိနေခဲ့သည်။

ဝမ်ကျွမ့်၏အမူအရာမှာ အေးခဲသွားသည်။ သူမသည် ကူကယ်ရာမဲ့စွာဖြစ်နေသည်။ သူမသည်လည်း လူဆိုးမကြီး မဖြစ်ချင်ပေ။ သို့သော် သူမတွင် ရွေးချယ်စရာမရှိပဲ သူမ သခင်မလေး၏ စကားကို လိုက်နာရပေမည်။

“အဆင်ပြေပါတယ်။ အေးအေးဆေးဆေးနေလို့ရတယ်၊ ဧယန်က မင်းကို အပြစ်တင်မှာမဟုတ်ဘူး”

ကျန်းဟန် ဝမ်ကျွမ့်၏ခန္ဓာကိုယ်ကို ကွေ့ပတ်သွားရန် ရည်ရွယ်လိုက်သော်လည်း ဝမ်ကျွမ့်က ထပ်မံပိတ်ဆို့လိုက်မည်ဟု မည်သူက သိမည်နည်း။

“မစ္စတာကျန်း နားလည်းပေးပါ။ ဒါက ကျွန်မအတွက် အရမ်းခက်ခဲလို့ပါ” ဝမ်ကျွမ့် ခါးသီးစွာပြောသည်။

ဤတစ်ကြိမ်တွင် ကျန်းဟန်၏မျက်နှာသည် အေးစက်လာသည်။

ကျားတစ်ကောင် သူ့အစွမ်းကို ထုတ်မပြလို့ ကြောင်တစ်ကောင်လို့ ထင်သွားတာလား။

သူသည် တည်ငြိမ်အေးချမ်းသောအကြည့်များဖြင့် ဝမ်ကျွမ့်အားကြည့်လိုက်သော်လည်း သူသည် သာမန်အရပ်သားပြည်သူအားကြည့်နေသော ဧကရာဇ်တစ်ပါးနှင့်တူပေသည်။ ကျန်းဟန်သည် အေးစက်စွာဖြင့် စကားလုံးနှစ်လုံးကို ပြောလိုက်သည်။

"ဘေးဖယ်!"

စကားလုံးများသည် သာမန်ဖြစ်သော်လည်း ဝမ်ကျွမ့် အလွန်အံ့အားသင့်ဖွယ်ဖိအား ကို ခံစားလိုက်ရသည်။

ထိုကဲ့သို့သော ဖိအားမျိုးသည် အထက်တန်းလွှာအသိုင်းအဝိုင်းတွင် အချိန်အတော်ကြာနေခဲ့သည့် လူတွေထံမှ သူမ ခံစားရသည့် ဖိအားမျိုးဖြစ်သည်။ ထို့ပြင် ကျန်းဟန်ထံမှ သူမ ခံစားရသော

ဖိအားမှာ အကြီးမားဆုံးဖိအားဖြစ်ပြီး တခြားနေရာတွင်မရှိပေ။ ကျန်းဟန်သည် အဘယ်ကြောင့် သူမအား ဤမျှကြီးမားသော ဖိအားများ ပေးနိုင်ခဲ့သည်ကို သူမကိုယ်တိုင်လည်း မသိခဲ့ပေ။

ဝမ်ကျွမ့်သည် အနည်းငယ် စိတ်ပျက်နေပြီး နောက်ဆုံးတွင် သူမ၏ခန္ဓာကိုယ်ကို ဘေးသို့ရွှေ့လိုက်သည်။

ကျန်းဟန် သူမကို တစ်ချက်ကြည့်လိုက်ပြီးနောက် မုန့်မုန့်ကို သယ်ဆောင်ကာ ထွက်သွားလေသည်။

“ဟင်း…”

ဝမ်ကျွမ့် သက်ပြင်းချလိုက်သည်။ ကြီးမားသောအိမ်ကြီး၌အလုပ်လုပ်ရန် လစာမြင့်မြင့်ရသော်လည်း ၎င်းမှာ မလွယ်ကူလှပေ။

-C 26 End

wunzinnosp

## အခန်း(၂၇) ကျန်း၏သင်ကြားမှု

ကျန်းဟန်ထွက်သွားပြီးနောက် ဝမ်ကျွမ့်သည် ဇီယန်၏ ဖုန်းကို အချိန်အနည်းငယ်ကြာအောင်ခေါ်ဆိုခဲ့ပြီး နောက်ဆုံးခြောက်ကြိမ်မြောက်တွင် ခေါ်ဆိုမှုပြီးဆုံးသွားခဲ့သည်။

ဝမ်ကျွမ့် ခါးသီးစွာပြောလိုက်သည်။

"ကျွန်မတောင်းပန်ပါတယ် မစ္စ။ ကျန်းဟန်ကို မတားနိုင်ခဲ့ဘူး။ သူ မုန့်မုန့်ကို ကစားဖို့ခေါ်သွားတယ်"

"အင်း ကျွန်မသိပြီ"

ဇီယန် ပြောပြီး ဖုန်းချလိုက်သည်။

သူမသည် လက်ရှိတွင် သူမ၏ရုံးခန်းသို့ ပြန်သွားနေသည်။ မိန်ချီ၏ရုံးခန်းတွင် မြူးဇစ်ဗီဒီယိုရိုက်ကူးရေးနှင့် ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့သည်။ မိန်ချီသည် သူမအတွက် အဖွဲ့တစ်ဖွဲ့ စီစဉ်ပေးနိုင်သော်လည်း သာမန်အဖွဲ့သာဖြစ်သည်။ အကောင်းဆုံးအဖွဲ့သည် လက်ရှိတွင် ရှုလောယွီကို ကူညီပေးနေသောကြောင့်ဖြစ်သည်။

ထို့ပြင် မိန်ချီသည် သူမအား အယ်လ်ဘမ်ကို နောက်မှထုတ်ရန် ဖျောင်းဖျခဲ့ပြီး အလျင်မလိုရန်ပြောခဲ့သည်။ သို့သော် ဇီယန်သည် ပွင့်ပွင့်လင်းလင်းသာ ငြင်းဆိုခဲ့သည်။ တစ်ခါတစ်ရံတွင် သူမသည် ကျန်းဟန်ကဲ့သို့ပင် ခေါင်းမာမှုများရှိကာ တောင်နံရံကို ဝင်ဆောင့်မိလျှင်ပင် ခေါင်းပြန်မလှည့်နိုင်ပေ။

ဇီယန် သူမ၏ရုံးခန်းသို့ပြန်ရောက်သည်နှင့် ကျန်းဟန်၏ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။

ထိုအချိန်တွင် ကျန်းဟန်နှင့် မင်းသမီးလေးသည် ပထမထပ်သို့ရောက်ရှိလာခဲ့သည်။ ဇီယန်ထံမှ ဖုန်းဝင်လာသည့်အခါ ကျန်းဟန်သည် ပြောင်ပြောင်တင်းတင်းပင် ဖုန်းချပစ်လိုက်သည်။

"အမ် ငါဖုန်းခေါ်တာကို ချပစ်တာလား"

ဇီယန် သူမ၏စိတ်ထဲတွင် ဒေါသထွက်ကာ ကျန်းဟန်၏ ဖုန်းကို ဆက်လက်ခေါ်ဆိုခဲ့သည်။

နှစ်စက္ကန့်ပင်မကြာ အသံမြည်ပြီးနောက် ဖုန်းခေါ်ဆိုမှုကို နောက်တစ်ကြိမ် ငြင်းပယ်ချလိုက်သည်။ နောက်တစ်ကြိမ်ခေါ်ဆိုမှုတွင် ကျန်းဟန်၏ နံပါတ်သည် ဖုန်းပိတ်ထားကြောင်း အကြောင်းကြားခဲ့သည်။

"ကလိမ်ကျစ်ကောင် ၊ ခေါင်းမာတဲ့ကောင် ၊ လူဆိုးလူညစ်ကောင်"

ဇီယန် ဒေါသတကြီး သွားများကို ကြိတ်လိုက်သည်။

မုန့်မုန့် အပြင်ထွက်လာပြီးကတည်းက ဇီယန်သည် တခြားဘာမှမပြောလိုတော့ပဲ ကျန်းဟန်ကို ဂရုစိုက်ရန် မုန့်မုန့်ကို နေရောင်အလွန်အကျွံမထိစေရန် သတိပေးချင်ရုံသာရှိသည်။ တကယ်တော့ လခြမ်းတောင်သည် နေရာလွတ်တစ်ခုသာဖြစ်ပေသည်။

ကျန်းဟန်သည် မဆိုင်းမတွပင် ဖုန်းပိတ်လိုက်ပြီး အိတ်ကပ်ထဲသို့ အေးဆေးတည်ငြိမ်သော မျက်နှာဖြင့် ထည့်လိုက်သည်။

ဇီယန်သည် သူ့အား အပြစ်တင်ရန် ဖုန်းခေါ်သည်ဟု ထင်ခဲ့သည်။ ထိုအရာတွေကို ဂရုမစိုက်ဘဲ မုန့်မုန့်အား ကျန်းမိသားစု၏သင်ကြားမှုကိုသာ လုပ်ဆောင်ရန် ရည်ရွယ်ထားသည်။

"မုန့်မုန့် အန်တီဝမ်က သမီးကို ပုံမှန်ဆိုရင် ကောင်းကောင်းဆက်ဆံလား"

ကျန်းဟန်ပြုံးပြီးမေးလိုက်သည်။

"အေးအေးဆေးဆေးပဲ အဆင်ပြေတယ်" မုန့်မုန့် ပြန်ဖြေသည်။

"ဒါဆို သမီးက ဘာလို့ သူ့ကို စုန်းမကြီး လို့ခေါ်တာလဲ။ ပြီးတော့ သူ့ကို ဖေဖေ ရိုက်စေချင်နေတာလား" ကျန်းဟန် ပေါ့ပေါ့ပါးပါးမေးသည်။

"ဘာလို့လဲဆိုတော့ မုန့်မုန့်ကို အပြင်ထွက်ကစားခွင့်မပေးလို့ မုန့်မုန့်က သူ့ကို မကြိုက်ဘူး"

မုန့်မုန့်သည် သူမ၏ နှုတ်ခမ်းလေးကိုစူပြီး ပြောလိုက်သည်။

“မုန့်မုန့်”

ကျန်းဟန်သည် မင်းသမီးလေးကိုကြည့်ပြီး လေးနက်တင်းမာစွာပြောလိုက်သည်။

“သမီးနောက်ဆိုရင် ဒီလိုအပြုအမူမျိုးမလုပ်ရဘူး။ တခြားသူတွေကို လေးစားမှုရှိဖို့ သမီးသင်ယူရမယ်။သမီး နားလည်လား”

“နားလည်ပါပြီ”

မုန့်မုန့်သည် ခပ်အုပ်အုပ်လေးသံဖြင့်ပြောလိုက်သည်။

ဒါပထမဆုံးအကြိမ် ဖေဖေ ဆူတာပဲ။ ဟွန့် ငါမပျော်ဘူး…

“ဖေဖေ သမီးကို ဆူနေတာမဟုတ်ဘူး။ သူတို့အားလုံးက အင်းစက်လေးတွေဖြစ်ပေမဲ့ သမီးကို ကောင်းကောင်းဆက်ဆံတဲ့သူတွေကို လေးစားဖို့လိုတယ်။ သမီးကို ကောင်းကောင်းမဆက်ဆံတဲ့သူတွေကိုတော့ သမီးကြိုက်သလို အော်ဟစ်ကြိမ်းမောင်းနိုင်တယ်။ ဒီထက်တောင်မကဘူး သမီးပါးစပ်ကပြောစရာကို မလိုတော့ပဲ ဖေဖေက သမီးအတွက် အဲဒီလူကို ဆုံးမပေးမယ်”

ကျန်းဟန်ပြုံးပြုံးလေးပြောလိုက်သည်။

"ဖေဖေ သမီးနားလည်ပါပြီ"

မုန့်မုန့်သည် နားလည်သည်ဖြစ်စေ နားမလည်သည်ဖြစ်စေ ခေါင်းညိတ်ပြလိုက်သည်။

"မုန့်မုန့်က အရမ်းလိမ္မာတာပဲ။ ဖေဖေ ခဏနေရင် သမီးအတွက် ရေခဲမုန့်သွားဝယ်ပေးမယ်"

ကျန်းဟန် မုန့်မုန့်၏ခေါင်းကို ပုတ်လိုက်သည်။

"ကောင်းပြီ ရေခဲမုန့်အကြီးကြီးလိုချင်တယ်။ မုန့်မုန့် ဖေဖေနဲ့ တူတူစားချင်တယ်"

မုန့်မုန့်သည် ပျော်ရွှင်စွာ တခစ်ခစ်ရယ်သည်။

ကျန်းဟန် မင်းသမီးလေးကို ချီပြီး နောက်ထိုင်ခုံမှာ ချထားလိုက်ကာ ကားကို ယွင်ရင် ဥယျာဉ်မှာ မောင်းထွက်လာခဲ့သည်။

"မုန့်မုန့် ဖေဖေခုဏကပြောတာကို သမီးမှတ်မိရမယ်နော်"

ကျန်းဟန်သည် မုန့်မုန့် မေ့သွားမည်ကို ကြောက်ကာ ကမန်းကတန်းပြောလိုက်သည်။

"လူတွေက ငါ့ကို တစ်ပေ လေးစားရင် ငါက ဆယ်ပေပြန်လေးစားတယ်' တဲ့။ အဓိပ္ပာယ်က လူတွေက သမီးကို တစ်ဆလေးစားမှုရှိရင် သမီးက သူတို့ကို ဆယ်ဆပြန်လေးစားရမယ်"

၎င်းသည် ကျန်းဟန်၏ အပြုအမူစံနှုန်းသတ်မှတ်ချက်ဖြစ်သည်။ သူ ကျင့်ကြံခြင်းကမ္ဘာတွင်ရှိစဉ်က တခြားသူများသည် ကျန်းဟန်အား တုန္ဒိုင်းမရလောက်အောင် လေးစားမှုပြသသည့်အခါ ကျန်းဟန်သည် ထိုသူတို့အား နှစ်ရာချီသုံးရန်လုံလောက်သည် ငွေကို ပေးသည်။

"ဒါပေမဲ့"

ကျန်းဟန် အကြောင်းအရာကို လှည့်၍ လွှမ်းမိုးနိုင်စွမ်းသောအော်ရာအရိပ်အယောင်ဖြင့် ပြောလိုက်သည်။

"ဒီစကားရဲ့နောက်မှာ ငါ့ရဲ့ ကောက်နှုတ်ချက်တစ်ခုကို စာလောက် ဖျက်ဆီးရင် ဒုံတစ်သောင်း ပြန်ပြီးဖျက်ဆီးပစ်မယ် ဆိုတဲ့

ဝါကျတစ်ကြောင်းကျန်သေးတယ်။ အဓိပ္ပာယ်က လူတွေက သမီးရဲ့ ပိုင်ဆိုင်မှု ကို ဖျက်စီးတဲ့အခါ သမီးက သူတို့ကို အဆတစ်သောင်း ပိုတန်တဲ့အရာတွေကို ဖျက်ဆီးပစ်ရမယ်”

မူရင်းဝါကျသည် လူတွေက ငါ့ရဲ့စပါးစေ့တစ်စေ့လောက်ကို ဖျက်ဆီးရင် သူတို့ထဲက ၃ ဒုံ ပြန်ဖျက်ဆီမယ် ဟူ၍ဖြစ်သည်။ သို့သော် ကျန်းဟန်သည် ထိုနေရာတွင် ရိုးရှင်းစွာပင် သူတို့ရဲ့ ဒုံတစ်သောင်း ကို ပြန်ဖျက်ဆီးမယ် ဟု အစားထိုးလိုက်သည်။

(၁ ဒုံ သည် အကြမ်းဖျင်းအားဖြင့် ၇၂၀၀ ဂရမ် ရှိသည့် အလေးချိန်ယူနစ်ဖြစ်သည်။)

ကျန်းဟန်သည် ထိုဂိုဏ်းကြီး ၁၀ ဂိုဏ်းကို ဖျက်ဆီးခဲ့စဉ်ကကဲ့သို့ပင် ထို ဂိုဏ်း ၁၀ ဂိုဏ်းသည် သူမရှိသည့်အချိန်တွင် ကျန်းဟန်၏ နန်းတော်တစ်ခုရှိ ရတနာများကို လုယူရန် အတူတကွပူးပေါင်းလုပ်ဆောင်ကြသောကြောင့်ဖြစ်သည်။

ထိုအချိန်တွင် ကျန်းဟန်သည် ကျင့်ကြံခြင်းကမ္ဘာတွင် သူ၏ ခွန်အားကို များစွာထုတ်မပြသောကြောင့် သူ၏ကျင့်ကြံမှုအဆင့် မည်မျှမြင့်မားသည်ကို မည်သူမျှ မသိခဲ့ကြချေ။

ထို့ကြောင့် ကျန်းဟန်သည် သူ၏ ကျင့်ကြံမှုကို ရှင်းရှင်းလင်းလင်းသိသွားစေရန် ထိုဂိုဏ်းကြီး ၁၀ ဂိုဏ်းအား ပြိုင်ဘက်ကင်းခွန်အားဖြင့် ဖျက်ဆီးပစ်လိုက်သည်။ ထိုကဲ့သို့သော အောင်မြင်မှုမျိုးရနိုင်သူသည် အလွန်နည်းပါးပေသည်။

ကျန်းဟန်ပြောသောစကားသည် အလွန်လေးနက်ပြီး မုန့်မုန့်သည် ထိုစကားအား အမှန်တကယ်နားမလည်သော်လည်း သူမ၏ခေါင်းကို လေးနက်သည့်အမူအရာဖြင့်ညိတ်ကာ အသံသေးသေးလေးဖြင့် ပြောလိုက်သည်။

“သမီးနားလည်ပါပြီ ဖေဖေ”

“အင်း”

ကျန်းဟန် အနည်းငယ်ပြုံးပြီးပြောလိုက်သည်။

"ကောင်းတယ်။ ဒါပေမဲ့ ဒီစာကြောင်းကိုတော့မှတ်မိရမယ်နော်။ အင်းစက်လေးတွေ မင်းတို့ ငါ့ကို တစ်ပေ လေးစားရင် ငါက ၁၀ ပေ ပြန်လေးစားမယ်။ ငါ့ရဲ့ စပါးစေ့တစ်စေ့လောက်ကို ဖျက်ဆီးရင် မင်းရဲ့ ဒုံတစ်သောင်းကို ပြန်ဖျက်ဆီးမယ် ဆိုတဲ့ စာကြောင်း။ လာ တစ်ခေါက်လောက်ပြောကြည့်ပါဦး"

"မင်းတို့ အင်းစက်တွေ....အဲ..."

မုန့်မုန့်သည် ထိုစကားလုံးကို ရှင်းရှင်းလင်းလင်းမှတ်မိနေသော်လည်း နောက်ပိုင်းစကားလုံးများကို မမှတ်မိတော့ဘဲ အင်းအင်း အဲအဲ ဖြစ်ကာ သူမ၏မျက်နှာတွင် စိုးရိမ်တကြီးဖြစ်ကာ စကားမပြောနိုင်ဖြစ်နေသည်။

ကျန်းဟန် မုန့်မုန့်ကို စကားလုံးတစ်လုံးချင်း သင်ပေးပြီးနောက် မုန့်မုန့်သည် သူမ၏အသံလေးဖြင့် ပြောလိုက်သည်။

"မင်း ငါ့ကို တစ်ပေ လေးစားရင် ငါမင်းကို ၁၀ ပေပြန်လေးစားမယ်။ ငါ့ရဲ့စပါးတစ်စေ့ကိုဖျက်ဆီးရင် မင်းရဲ့ ဒုံတစ်သောင်းစာကို ငါဖျက်ဆီးမယ်"

"မှန်တယ်"

ကျန်းဟန် ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။ သူတို့ကားပါကင်သို့ဖြတ်ကျော်သွားရင်း ကျန်းဟန်သည် ကားကို လမ်းဘေးတွင် ရပ်လိုက်ပြီး ပြောလိုက်သည်။

"ဖေဖေ ရေခဲမုန့်ဝယ်ဖို့သမီးကိုခေါ်သွားမယ်။ ဒါက အကျင့်ကောင်းအတွက် သမီးရဲ့ဆုပဲ"

"ဝါး ကောင်းပြီ ရေခဲမုန့်စားမယ်"

မုန့်မုန့်သည် သူမလက်ကလေးကို မြှောက်ပြီး ပျော်ရွှင်စွာ တခစ်ခစ်ရယ်မောသည်။

ကျန်းဟန် မင်းသမီးလေးကို ပွေ့ချီလိုက်ပြီး ရေခဲမုန့်သွားဝယ်လိုက်သည်။ မုန့်မုန့်သည် ရေခဲမုန့်နှစ်ကိုက်ကို အားရဝမ်းသာစားပြီးနောက် သူ့မဖေဖေကို ကမ်းပေးလိုက်သည်။

ကျန်းဟန်သည်လည်း မဆိုင်းမတွပင် နှစ်ချက်ကိုက်လိုက်ပြီး ရေခဲမုန့်၏ ၃ ပုံ ၂ ပုံ ကုန်သွားသည်။

“အမ်”

မုန့်မုန့်သည် ၃ ပုံ ၁ ပုံသာကျန်တော့သည့် ရေခဲမုန့်ကို ကြည့်ပြီး မှင်တက်သွားသည်။

“အင်း အရမ်းအရသာရှိတယ်။ မုန့်မုန့် သမီးလည်းစား”

ကျန်းဟန် ရယ်မောကာပြောလိုက်သည်။

“အိုး”

မုန့်မုန့် ခေါင်းတဆတ်ဆတ်ညိတ်ပြပြီး သေးသေးလေးကျန်တော့သည့်ရေခဲမုန့်ကို တစ်ကိုက်ပြီးတစ်ကိုက်စားလိုက်သည်။

“ဟဟားဟား…”

မုန့်မုန့်၏ ချစ်စဖွယ်အမူအရာကို ကြည့်ရင်း ကျန်းဟန် တောက်ပစွာရယ်မောလိုက်သည်။

အမှန်တော့ သူသည် ရေခဲမုန့်ကဲ့သို့ ချိုလွန်းသော အစားအသောက်များကို မကြိုက်ပေ။ သူ ရေခဲမုန့်ကို ၃ ပုံ ၂ ပုံ စားရသည်မှာ မုန့်မုန့်အား အရမ်းအများကြီး မစားစေချင်သောကြောင့်ဖြစ်သည်။

ကျန်းဟန်သည်ကားကို တောင်ပိုင်းခရိုင်ရှိ မျိုးစေ့ထုတ်လုပ်ရေးခြံသို့ ဦးတည်လိုက်သည်။

ဟောင်ကောင်တွင် ဆန်၊ ဂျုံမှုန့်နှင့် အခြားဟင်းချက်စရာ ပါဝင်ပစ္စည်းများမှာ ပုံမှန်အားဖြင့် တင်သွင်းခြင်းဖြစ်သည်။ ဟောင်ကောင်တွင် စိုက်ပျိုးထားသော ဟင်းချက်စရာများမှာ အလွန်နည်းပါးသည်။ နံနက်စောစောတွင် ကျန်းဟန်သည် အင်တာနက်ပေါ်တွင် နာရီဝက်ကြာရှာဖွေပြီးနောက် မျိုးစေ့ထုတ်လုပ်သည့် နေရာတစ်ခုကိုသာ တွေ့ရှိခဲ့သည်။

ကျန်းဟန်သည် ယနေ့တွင် ဟင်းသီးဟင်းရွက်များကို စတင်စိုက်ပျိုးရန် ရည်ရွယ်ထားသည်။ စိတ်ဝိညာဉ်ရေနှင့်

စိတ်ဝိညာဉ်မြေဆီလွှာ၏အကူအညီဖြင့် ဟင်းသီးဟင်းရွက်များ၏ ကြီးထွားလာချိန်ကို များစွာလျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် ဟင်းသီးဟင်းရွက်များ၏ ကြီးထွားမှုပြီးဆုံးသွားပြီး မရိတ်သိမ်းသေးဘဲ ထားသည့်တိုင် ရင့်မာလွန်းသွားခြင်းမရှိဘဲ အကောင်းဆုံးအခြေအနေတွင် ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

ၾင်းသည် စိတ်ဝိညာဉ်မြေဆီလွှာနှင့်စိတ်ဝိညာဉ်ရေ၏ အကောင်းဆုံးသော လုပ်ဆောင်ချက်ဖြစ်သည်။

"မင်္ဂလာပါဆရာ ဘာများဝယ်ချင်သလဲ ခင်ဗျာ"

လူလတ်ပိုင်းတစ်ယောက် ရောက်လာပြီး မေးသည်။

မျိုးစေ့ထုတ်လုပ်ရေးခြံသည် သူတို့၏ ကိုယ်ပိုင်သီးနှံများကို စိုက်ပျိုးရုံသာမက ဟောင်ကောင်၏ အကြီးဆုံးဖြန့်ဖြူးရေးစက်ရုံလည်းဖြစ်သည်။ အစားအသောက်အမျိုးအစားအစုံအလင်ကို ဤနေရာတွင် ရောင်းချသည်။ နေရာသည်

တောင်ပိုင်းခရိုင်၏အတွင်းဘက်ခြမ်းတွင် တည်ရှိပြီး တောင်တန်းနှင့်ယှဉ်ကာ တည်ဆောက်ထားသည်။ ကျောဘက်တွင် မြေကွက်ကြီးတစ်ခုကိုရှိပြီး ထိုနေရာတွင် တဲအိမ်အမြောက်အများရှိသည်။

"ကျွန်တော် မျိုးစေ့ဝယ်ချင်လို့ပါ"

"မျိုးစေ့ဝယ်မှာလား"

လူလတ်ပိုင်းအရွယ်သည် အနည်းငယ်ကြောင်သွားကာ ကျန်းဟန်သည် စားသောက်ကုန်ဖြန့်ဖြူးရန်လာသည်ဟု မူလကထင်ခဲ့ပြီး မျိုးစေ့လာဝယ်လိမ့်မည်ဟု မတွေးမိခဲ့ပေ။ ပုံမှန်အားဖြင့် မျိုးစေ့ဝယ်ရန်လာသူများသည် မျိုးစေ့အများအပြားမဝယ်ကြချေ။ အမှန်တော့ ဟောင်ကောင်တွင် သီးနှံစိုက်ခင်းစိုက်ရန် မြေကွက်မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူလတ်ပိုင်းအရွယ်၏ ပြုံးရွှင်နေသည့်အမူအရာမှာ အနည်းငယ်လျော့နည်းသွားသည်။

“ခင်ဗျားတို့ဆီမှာ ဘယ်လိုမျိုးစပါးတွေရှိလဲ။ ဘယ်အမျိုးအစားတွေက ပိုကောင်းလဲ” ကျန်းဟန် မေးလိုက်သည်။

“ဆရာ ခင်ဗျားကိုယ်တိုက်စိုက်ပျိုးဖို့အတွက်လား”

“အင်း”

“ကျွန်တော်တို့မှာတော့ အမျိုးအစားအမျိုးမျိုးရှိပါတယ်။ ပြည်တွင်းတံဆိပ်ပဲဖြစ်ဖြစ် နိုင်ငံခြားတံဆိပ်ပဲဖြစ်ဖြစ် ကျွန်တော်တို့ အကုန်ရှိပါတယ်။ ဆရာ့ကိုပြဖို့ ကျွန်တော်စာရင်းယူပေးပါမယ်”

လူလတ်ပိုင်းအရွယ်သည် စကားပြောပြီးသည်နှင့် ကောင်တာမှာ စာရင်းစာအုပ်ကို ကောက်ကိုင်လိုက်သည်။

ကျန်းဟန်သည် စာရင်းကို ရိုးရိုးရှင်းရှင်း တစ်ချက်ကြည့်လိုက်သည်။ စာရင်းတွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အများစုကို သူမကြားဖူးသော်လည်း နာမည်တစ်ခုကို တန်းတန်းမတ်မတ်ညွှန်ပြပြီး ပြောလိုက်သည်။

"ကျွန်တော် ဝူချန်တာအိုဟွာရှန်းဆန်ကို ယူမယ်"

အိုး ကျွမ်းကျင်သူလား...

လူလတ်ပိုင်းသည် မထင်မှတ်ထားသကဲ့သို့ ပြုံးလိုက်ပြီး ပြောလိုက်သည်။

"ဆရာက ဆန်နဲ့ပက်သက်ပြီးဗဟုသုတရှိပုံရတယ်။ ဝူချန်တာအိုဟွာရှန်းဆန်က ပြည်မကြီး H ပြည်နယ်ထွက် ဆန်တွေထဲက တစ်ခုပါ"

လူလတ်ပိုင်းအရွယ်သည် မိတ်ဆက်ပေးလိုက်သည်။

"ဝူချန်တာအိုဟွာရှန်းဆန်က တာအိုဟွာရှန်းဆန်တွေမှာ နံပါတ် ၂ ပါ။ ဒီဆန်က အနံ့မွှေးမွှေး၊ ဆန်လုံးကောင်းကောင်းနဲ့ တခြားအကျိုးကျေးဇူးတွေပါရှိ ပါတယ်"

"တာအိုဟွာရှန်းဆန်က အနံ့ရှည်ဆန်ဖြစ်ပြီး ပျိုးပင်တွေကလည်း မွှေးရနံ့တစ်မျိုးရှိတယ်။ ဆန်မှာလည်း အနံ့မွှေးတယ်။ ထမင်းချက်ရင်လည်း အနံ့မွှေးတယ်။ ဒီ ဝူချန်တာအိုဟွာရှန်းဆန်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့

ကျော်ကြားပြီးတော့ လက်ရှိမှာ ကွာလတီအကောင်းဆုံးဆန်တွေထဲက တစ်ခုပါ”

“အင်း”

ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

လူလတ်ပိုင်းအမျိုးသားသည် မိတ်ဆက်ပေးပြီးနောက် ဆက်ပြောလိုက်သည်။

“ဒါပေမဲ့ ဝူချန်တာအိုဟွာရှန်းဆန်ဈေးက နည်းနည်းမြင့်တယ်။ ပြည်မကြီးမှာ တစ်ကတ္တီကို ယွမ် ၂၀ ကျသင့်ပါတယ်။ H ပြည်နယ်မှာတောင်မှ တစ်ကတ္တီကို ၁၀ ယွမ် အထက်ရှိပါတယ်။ ကျွန်တော်တို့ ဟောင်ကောင်မှာတော့ တစ်ကတ္တီကို ၅၀ ယွမ် ကျသင့်ပါတယ်ခင်ဗျ။ ပြီးတော့ အဲဒီဈေးနှုန်းမှသာ ပစ္စည်းအစစ်အမှန်ကို ရနိုင်ပါတယ်။ လက်ရှိဈေးကွက်မှာ တာအိုဟွာရှန်းဆန်အများစုက တခြားဆန်တွေရောထားတာတွေများပါတယ်။ ဆန့်ကျင့်ဘက်အနေနဲ့ ဆရာကိုယ်တိုင်စိုက်ပျိုးပြီး

တခြားနေရာက ဆန်ဝယ်ပြီး နှိုင်းယှဉ်ကြည့်ရင် စိတ်အချရဆုံးဖြစ်ပါလိမ့်မယ်”

“အင်း ဈေးကအရေးမကြီးပါဘူး။ ခင်ဗျား ကျွန်တော့်ကို တစ်ခါတည်း တန်းရောင်းလိုက်လို့ရတယ်”

ကျန်းဟန် ခေါင်းညိတ်ပြီး ပြောလိုက်သည်။

“ဟုတ်ကဲ့ပါ”

လူလတ်ပိုင်းအရွယ်သည် စာရွက်တစ်ရွက်နှင့် ဘောပင်ကို ထုတ်လိုက်ပြီး မေးလိုက်သည်။

“ဆရာလိုချင်တဲ့ ပမာဏက ဘယ်လောက်လဲမသိဘူး”

“မြေကွက် ၂၀၀ စတုရန်းမီတာ စာလောက်ပါ”

ကျန်းဟန် စဉ်းစားပြီး ပြန်ဖြေလိုက်သည်။

စပါးအတွက် ချန်ထားသော မြေပမာဏမှာ ၂၀၀ စတုရန်းမီတာပတ်ဝန်းကျင်ရှိပြီး သေးငယ်သည့် မြေကွက်သာဖြစ်သည်။ ဂျုံအတွက် ၂၀၀ စတုရန်းမီဝန်းကျင်ရှိသေးသည်။ စပါးနှင့် ဂျုံသည် စိုက်ပျိုးရန် ပထမဦးစားပေးဖြစ်သည်။

"၂၀၀ စတုရန်းမီတာလား။ ဒါက မသေးလှဘူးပဲ"

လူလတ်ပိုင်း၏မျက်နှာသည် အံ့သြသည့် အရိပ်အရောင်တစ်ခုထွက်ပေါ်လာပြီး ပြောလိုက်သည်။

"၂၀၀ စတုရန်းမီတာက တစ်မူရဲ့ သုံးပုံတစ်ပုံတောင်ရှိတယ်။ တစ်မူကို ၆၆၆ စတုရန်းမီတာ။ တစ်မူစာ တာအိုဟွာရှန်းစပါးရိတ်သိမ်းရင် အကြမ်းဖျင်း ကတ္တီ ၈၀၀ လောက်ရှိတယ်။ ၂၀၀ စတုရန်းမီတာဆို အနည်းဆုံး ကတ္တီ ၂၃၀ လောက်ထွက်မှာပဲ။ ဒါဆို ကျွန်တော် ၂၀၀ စတုရန်းမီတာစာ ပေးပါ့မယ်။ ဟောင်ကောင်မှာ မြေသြဇာကောင်းတဲ့နေရာတွေမှာတော့ တစ်နှစ်ကို စပါး ၃ ကြိမ် ရင့်မှည့်နိုင်ပါတယ်။

ဟုတ်သားပဲ။ ဆရာ လာမဲ့ရက်အတွင်း စပါးစိုက်ဖို့ စိတ်ကူးထားတာလား။ ဒီမှာ တာအိုဟွာရှန်းပျိုးပင်တွေလည်းရှိတယ်။ ပျိုးပင်ဆိုရင် ဝယ်ပြီးတာနဲ့ ဆရာမြေကွက်မှာ တန်းစိုက်လို့ရတယ်။

ဈေးနည်းနည်းကြီးပေမဲ့ ပစ္စည်း အစစ်အမှန်ဖြစ်ကြောင်း တစ်ရာရာခိုင်နှုန်း အာမခံပါတယ်”

(၁ မူ သည် ၁ ဟက်တာ ၏ ဆယ့်ငါးပုံတစ်ပုံဖြစ်သည်)

“ဒါဆို ပျိုးပင်တွေပဲ ယူလိုက်မယ်လေ။ ဈေးက အရေးမကြီးပါဘူး”

ကျန်းဟန်ပြန်ပြောလိုက်သည်။

“ကောင်းပါပြီ။ ဒါဆို ခင်ဗျားကို စတုရန်းမီတာ ၂၀၀ စာ ပေးပါမယ်”

လူလတ်ပိုင်းသည် ခေါင်းညိတ်ပြီး ပြောလိုက်သည်။

“ဆန်ပြီးတော့ ဂျုံစေ့လည်းလိုချင်တယ်”

ကျန်းဟန် စဉ်းစားပြီးပြောလိုက်သည်။

“ခင်ဗျား ဂျုံလည်း လိုချင်တာလား။ ဘယ်လိုအမျိုးအစားလဲ။ ပမာဏကရော ဘယ်လောက်လဲ”

လူလတ်ပိုင်း၏ မျက်လုံးများတောက်ပလာသည်။

ငါးမိနစ်ကြာပြီးနောက် လူလတ်ပိုင်းအမျိုးသားသည် ဂျုံစေ့ စတုရန်းမီတာ ၂၀၀ အတွက် နောက်ထပ်ငွေစာရင်းတစ်ခု ရေးလိုက်သည်။

"ပြောင်းဖူးစေ့တွေလည်း လိုသေးတယ်"

ကျန်းဟန် ပြောလိုက်သည်။

"ပြောင်းဖူးလား။ ပြောင်းဖူးအတွက်ကတော့ ရိုးရိုးပြောင်း၊ သကြားပြောင်း နဲ့ ငချိတ်ပြောင်း ရှိပါတယ်"

လူလတ်ပိုင်းသည် ပြောင်းဖူး ၃ မျိုးလုံးအတွက် နောက်ထပ် ငွေစာရင်းတစ်ခု ရေးလိုက်သည်။ အကြမ်းဖျင်းအားဖြင့် ၅၀ စတုရန်းမီတာ အတွက် ပမာဏမှာ အလွန်နည်းပေသည်။

-C 27 End

wunzinnosp

## အခန်း(၂၈) အဖွားလျို ဂရန်းဗြူးဥယျာဉ်သို့ ဝင်ရောက်လာခြင်း

"ကျွန်တော် စားတော်ပဲစေ့လည်း လိုချင်တယ်"

ကျန်းဟန် ပြောလိုက်သည်။

"ကောင်းပါပြီ သူဌေး..."

လူလတ်ပိုင်း၏ အပြုံးသည် ပို၍ပီပြင်လာလေသည်။ ကျန်းဟန်သည် အသေးအမွှားဝယ်သူဟု မူလက ထင်ခဲ့ပြီး တကယ့် ဖောက်သည်အကြီးစား ဖြစ်နေမည်ဟု မမျှော်လင့်ခဲ့ပေ။

သူ၏ရှေ့ရှိ လူငယ်လေးသည် အများအပြားဝယ်ယူရုံတင်မက အကောင်းဆုံးဆိုသော မျိုးစေ့များကိုသာ ရွေးချယ်ဝယ်ယူသည်။ သူသည် ဟင်းသီးဟင်းရွက်များကို ကြိုက်နှစ်သက်စွာ စားသုံးတတ်သည့် လူမျိုးဖြစ်ပေမည်။

ကျန်းဟန်သည် စုစုပေါင်း သီးနှံလေးမျိုး တောင်းဆိုခဲ့သည်။ ကျန်းဟန်သည် ထိုသီးနှံများကို ယနေ့တွင် စိုက်ပျိုးရန် ရည်ရွယ်ထားသည်။ အသီးအနှံများကို

တစ်ချိန်တည်း ကိုင်တွယ်ရန် အချိန်မရှိသဖြင့် ဤထက်ပိုဝယ်မနေတော့ပေ။

ထို့ပြင် ရှိသမျှအသားတွေအားလုံးကို အသက်တစ်ရှိုက်အတွင်းနဲ့ ကုန်အောင်မစားနိုင်ပေ။ ကိုယ်ပိုင်နယ်မြေ၏ အကျယ်အဝန်းမှာ အလွန်ကြီးမားပြီး စိုက်ပျိုးရန် ရည်မှန်းထား အရေအတွက်မှာလည်း အလွန်များသောကြောင့် ကျန်းဟန်လိုချင်သမျှကို တစ်ရက်တည်းဖြင့် အပြီးမသတ်နိုင်ချေ။

လူလတ်ပိုင်းအရွယ်အမျိုးသားကို သူ့အားဖုန်းခေါ်ရန်ပြောပြီး ကျန်းဟန် ထိုနေရာမှ ထွက်လာခဲ့သည်။

ကားပေါ်သို့ ပြန်ရောက်သည့်အခါ မုန့်မုန့်သည် နောက်ခန်းထိုင်ခုံတွင် ကျန်းဟန်၏ဖုန်းဖြင့် ကားတွန်းကား ကြည့်နေဆဲဖြစ်သည်။

"ဖေဖေ ဘာလို့အရမ်းကြာနေတာလဲ"

မုန့်မုန့်သည် သူမ၏နှုတ်ခမ်းလေးကိုစူကာ ပြောသည်။

"ဖေဖေက သမီးတို့ အနာဂတ်မှာစားဖို့ ဟင်းချက်စရာတွေ သွားဝယ်နေတာ။ ဖေဖေက ဟင်းသီးဟင်းရွက်တွေကို သေသေချာချာ ရွေးနေလို့ နည်းနည်းကြာသွားတာပါ"

ကျန်းဟန် ဒရိုက်ဘာထိုင်ခုံတွင်ထိုင်ရင်း ပြုံးပြုံးလေးပြောလိုက်သည်။

"ဒါပေမဲ့ ဖေဖေက အရမ်းအရမ်း ကြာတာပဲ။ မုန့်မုန့်က အကြာကြီး စောင့်နေရတာ မပျော်ဘူး"

မုန့်မုန့်သည် သူမ၏ အသံသေးသေးလေးဖြင့် ပြောလိုက်သည်။

"ဒါဆို ဖေဖေက သမီးကို ကမ်းခြေမှာ ကစားဖို့ခေါ်သွားပေးမယ်ဆိုရင်ရော"

ကျန်းဟန် ဖုန်းကို ပြန်ယူလိုက်ပြီး ညင်သာစွာပြုံး၍ပြောလိုက်သည်။

"ကမ်းခြေလား... ကောင်းတယ် ကောင်းတယ် ကမ်းခြေမှာ သွားကစားကြမယ်"

မည်သည့်နေရာဖြစ်ပါစေ မုန့်မုန့်သည် ကျန်းဟန်နှင့် အတူတူကစားနေရသ၍ ပျော်ရွှင်နေမည်ဖြစ်သည်။

မုန့်မုန့်သည် လက်ရှိတွင် အသက် သုံးနှစ်ခွဲ ရှိပြီဖြစ်သည်။ ယခင်က သူမသည် သူမဖေဖေနှင့် တစ်ခါမျှ ထိတွေ့မှုမရှိခဲ့သလို ကျန်းဟန်နှင့် ဖုန်းပြောခဲ့ဖူးခြင်းလည်း မရှိပေ။ ထို့ကြောင့် သူမလေးသည် ဖခင်မေတ္တာကို အပြည့်အဝမျှော်လင့်ခဲ့သည်။

ကျန်းဟန်နှင့် တွေ့ဆုံပြီးနောက် ပထမ နှစ်ရက်အတွင်း သူမလေးသည် အမှန်တကယ်မပျော်ရွှင်ခဲ့ရဘဲ အနည်းငယ် နာကျည်းမှုပင် ခံစားခဲ့ရသည်။

သို့သော် ထိုကားပြိုင်ပွဲပြီးသည့်အချိန်ကစ၍ ကျန်းဟန်သည် အရည်အချင်းပြည့်မီသည့် ဖခင်ကောင်းတစ်ယောက်ဖြစ်ခဲ့ပြီး မုန့်မုန့်သည်လည်း သူ့အပေါ် မှီခိုလာခဲ့သည်။

အကယ်၍ မုန့်မုန့်ကို နှစ်အနည်းငယ်ကြာ ပြုစုပျိုးထောင်ခဲ့သူသည် ကျန်းဟန် ဖြစ်ပြီး မင်းသမီးလေးသည်

သူမမေမေနှင့် ရုတ်တရက်တွေ့ဆုံခဲ့သည်ဟု ကျန်းဟန်နှင့်ဇီယန်ကို နေရာပြောင်းလိုက်ပါက မင်းသမီးလေးသည် သူမမေမေနှင့်သာ အမြဲနေချင်မည် ဖြစ်ကောင်းဖြစ်နိုင်၏။

မိနစ်နှစ်ဆယ်ခန့် ကားမောင်းလာပြီးနောက် လခြမ်းပင်လယ်ကွေ့သို့ ရောက်ရှိလာသည်။ ကားကို ရပ်လိုက်ပြီးနောက် ကျန်းဟန်သည် မုန့်မုန့်ကို ချီဆောင်ကာ လခြမ်းပင်လယ်ကွေ့ရှိ ကမ်းခြေဆီသို့ လျှောက်သွားခဲ့သည်။

လခြမ်းပင်လယ်ကွေ့ကို မိုးကောင်းကင်အောက်နံပါတ်တစ်ပင်လယ်ကွေ့ ဟု နာမည်ပြောင်ခေါ်ကြသည်။ ဤကမ်းခြေ၏ ရှုခင်းသည် အလွန်လှပပြီး ဟောင်ကောင်ရှိ ခရီးသွားနေရာများအနက်မှ တစ်ခုဖြစ်သည်။

ကမ်းခြေသို့သွားရန်ပြင်ဆင်နေချိန်တွင် ကျန်းဟန်သည် မုန့်မုန့်၏ဆံပင်ကို မြင်းမြီးပုံစံ(ပိုနီတေး)ချည်ပေးလိုက်သည်။

မုန့်မုန့်၏ ဆံနွယ်များသည် သူမ၏ပါးပြင်ပေါ်သို့ ကျနေခြင်းမရှိပဲ မျက်ခုံးအထက်တွင်သာ ရှိသည်။ အိမ်မှထွက်လာစဉ်က ကျန်းဟန်သည် မုန့်မုန့်၏ဆံပင်ကို သပ်သပ်ရပ်ရပ်ပြင်မပေးခဲ့ရဘဲ ဆံပင်ပွပွဖြင့်ပင် ထွက်လာခဲ့သည်။

ကျန်းဟန်သည် ကမ်းခြေတွင်ရှိနေစဉ် မုန့်မုန့် နေပူမည်ကို စိုးရိမ်သဖြင့် သရေကွင်းကိုထုတ်ကာ မုန့်မုန့်၏ ဆံပင်အားလုံးကို အပေါ်သို့စု၍ သရေကွင်းဖြင့် စည်းလိုက်သည်။

ချက်ချင်းပင် အမောက်ကဲ့သို့ ရှုပ်ပွနေသော ဆံပင်ကို ချည်နှောင်ပြီးသွားသည်။ ကံကောင်းထောက်မစွာပင် မုန့်မုန့်၏ ရုပ်ရည်မှာ ကြည့်ကောင်းသူဖြစ်သည်။ မဟုတ်ပါက သူမသည် ဤ ထူးဆန်းသော ဆံပင်ပုံစံဖြင့် ကြည့်ရဆိုးနေပေမည်။

ကားပေါ်မှ ဆင်းပြီးနောက် ကျန်းဟန်သည် ရေကူးဝတ်စုံနှစ်စုံကို ဝယ်ကာ ထီးရှည်တစ်ခုနှင့် ထိုင်ခုံနှစ်လုံးငှားလိုက်သည်။

မုန့်မုန့်အား ကမ်းခြေသို့ ခေါ်သွားချိန်တွင် ထိုနေရာ၌ လူအများအပြားရှိနေသည်။

အမျိုးသမီးအများအပြားရှိသော်လည်း ဤနေရာတွင် အမျိုးသားများက ပိုများပေသည်။ အနည်းငယ် သတိထားကြည့်ပါက အမျိုးသားများ၏အကြည့်များသည် ရေကူးဝတ်စုံနှင့် အမျိုးသမီးများထံ၌ ရှိနေသည်ကို တွေ့နိုင်သည်။

ကမ်းခြေတွင် ခဏကြာအောင် ဆော့ကစားပြီးနောက် ကျန်းဟန်သည် မုန့်မုန့်အားခေါ်လာပြီး ကျောခင်းထိုင်ခုံပေါ်တွင် အနားယူစေသည်။

"အိုး ... ချစ်စရာကောင်းလိုက်တဲ့ကလေးလေး"

မုန့်မုန့်၏ ဘယ်ဘက်ရှိ ကျောခင်းထိုင်ခုံများဆီသို့ အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားတစ်ယောက် ရောက်ရှိလာသည်။ အမျိုးသမီးတစ်ဦးသည် ခုံပေါ်လှဲလိုက်သောအခါ ညာဘက်ခြမ်းရှိ မုန့်မုန့်ကို ချက်ချင်းတွေ့လိုက်သည်။ လှပသော အမျိုးသမီးသည်

စွဲမက်ဖွယ်အသွင်အပြင်ရှိပြီး
အဖြူရောင်ဘီကီနီကိုဝတ်ဆင်ထားကာ
နေကာမျက်မှန်တစ်လက်ကို တပ်ထားသည်။

မုန့်မုန့်၏လှပသောမျက်နှာသည် စိတ်ကူးယဉ်ပုံပြင်များထဲမှ မင်းသမီးလေးကဲ့သို့ အခြားသူများထံမှ ချစ်ခင်မှုများကို ဆွဲဆောင်နိုင်သည်အထိ လှပသည်။ မုန့်မုန့်၏ ရှုပ်ပွနေသောဆံပင်မှအပ ကျန်းသည့်အရာများအားလုံးသည် အလွန်ပြည့်စုံပေသည်။

မုန့်မုန့်ကို တွေ့သည်အခါ အမျိုးသမီးက ပြုံးပြုံးလေးမေးလိုက်သည်။

“ကလေးမလေး သမီးနာမည်ဘယ်လိုခေါ်လဲ”

“သမီးနာမည်က ကျန်းယွီမုန့်။ သမီးဖေဖေက သမီးကို မုန့်မုန့်လို့ခေါ်တယ်”

မုန့်မုန့် ပြန်ဖြေလိုက်သည်။

“ချစ်ဖို့ကောင်းလိုက်တာ။ မုန့်မုန့် အသက်ကရော ဘယ်လောက်ရှိပြီလဲ”

အမျိုးသမီးသည် ခုံပေါ်တွင် လဲလျောင်းနေပြီး မုန့်မုန့်အားကြည့်ရန် ခေါင်းကိုလက်ထောက်လိုက်သည်။

“သမီးအသက်က ၃ နှစ် နဲ့ လနည်းနည်းတော့ ရှိပြီ”

မုန့်မုန့်သည် သူမ၏လက်ကလေးများဖြင့် ရေတွက်ပြီး ပြောလိုက်သည်။

“ခစ်ခစ်…”

အမျိုးသမီးသည် မနေနိုင်ဘဲ ရယ်မောလိုက်သည်။

အခြား အမျိုးသမီးနှင့် အရပ် ၁.၆ မီတာရှိသော ဆံပင်တိုတိုအမျိုးသားသည်ပင် “ချစ်ဖို့ကောင်းလိုက်တဲ့ ကလေးလေး” ဟုပြောရင်း ရယ်မောနေခဲ့သည်။

အဖြူရောင်ဘီကီနီနှင့် အမျိုးသမီးသည် မုန့်မုန့်နှင့် စကားအနည်းငယ်ပြောပြီးနောက် ဘေးနားရှိ ဗန်းထဲမှ ဂရင်းတီးအအေးတစ်ပုလင်းယူကာ မုန့်မုန့်အား ပေးလိုက်သည်။

“မုန့်မုန့် အစ်မကြီးက သမီးသောက်ဖို့ ဖျော်ရည်တစ်ပုလင်းပေးမယ်”

"ကျေးဇူးတင်ပါတယ် အစ်မကြီး"

မုန့်မုန့်သည် ဖျော်ရည်သောက်ရန် လက်နှစ်ဖက်ကို ဆန့်တန်းရင်း ရှက်ပြုံးလေးပြုံးလိုက်သည်။

ထိုအချိန်တွင် ဘေးနားရှိကျန်းဟန်သည် ပါးစပ်ဟကာပြောလိုက်သည်။

"မုန့်မုန့် သူများတွေပေးတဲ့အရာကို မယူရဘူး"

"အမ်"

ထိုစကားကို ကြားသည့်အခါ မုန့်မုန့်သည် သူမ၏လက်ကလေးများကို ပြန်ဆုတ်ကာ ကျန်းဟန်အား ဇဝေဇဝါဖြင့် ကြည့်လိုက်သည်။

ကျန်းဟန်သည် ထထိုင်လိုက်ပြီး မုန့်မုန့်အား သူ၏ရင်ခွင်ထဲသို့ ပွေ့ချီပြီး ပြောလိုက်သည်။

"တခြားသူတွေပေးတဲ့ ပစ္စည်းတွေကို သမီးမယူရဘူး။ စားစရာပဲဖြစ်ဖြစ် သောက်စရာပဲဖြစ်ဖြစ် မယူရဘူးနော် နားလည်လား"

"ဘာ...ဘာလို့လဲ"

မုန့်မုန့်သည် နှုတ်ခမ်းလေးစူကာမေးသည်။

ကျွန်းဟန်အနည်းငယ်စဉ်းစားလိုက်ပြီးနောက် ထပ်ပြောလိုက်သည်။

“ဘာလို့လဲဆိုတော့ တခြားသူတွေပေးတဲ့ အစားအသောက်တွေက အထဲမှာ အဆိပ်ပါနေရင် ဘယ်လိုလုပ်မလဲ။ စန္ဒီးဝှိုက်ပုံပြင်ထဲက မင်းသမီးလေးလိုပဲ မုန့်မုန့်လည်း တခြားသူတွေပေးတဲ့ အစားအသောက် စားပြီး မနိုးလာခဲ့ရင် ဖေဖေက မုန့်မုန့်ကို နောက်ထပ် တွေ့ရတော့မှာ မဟုတ်ဘူး”

မုန့်မုန့်သည် ထိုစကားကိုကြားသည့်အခါ ထိတ်လန့်သွားသည်။ သူမလေးသည် ကျွန်းဟန်၏ ရင်ခွင်အတွင်းသို့ တိုးဝင်ကာ ပြောလိုက်သည်။

“ဒါဆို မုန့်မုန့်က တခြားသူတွေဆီက ပစ္စည်းကို မယူတော့ဘူး”

“ကောင်းတယ်”

ကျန်းဟန်၏နှုတ်ခမ်းထောင့်တွင် အပြုံးအရိပ်တစ်ခုပေါ်လာသည့်အချိန်တွင် အဖြူရောင်ဘီကီနီနှင့် ချောမောလှပသော အမျိုးသမီး၏အသံက ရုတ်တရက်ထွက်ပေါ်လာသည်။

"ဦးလေး ဒီလောက်အထိပြောဖို့လိုလို့လား။ အအေးပုလင်းတောင် မဖွင့်ရသေးဘူး ရှင်က အရမ်း အကဲဆတ်လွန်းနေပြီမဟုတ်လား"

အဖြူရောင် ဘီကီနီနှင့် အမျိုးသမီးသည် အသက် ၂၂ နှစ်ခန့် ရှိပုံရပြီး ကျန်းဟန်သည် ၂၆ သာရှိသေးသည်။ အမျိုးသမီးသည် ကျန်းဟန်ကို ဦးလေးဟု မဆိုင်းမတွခေါ်လိုက်သည်ကို ကြည့်ခြင်းဖြင့် သူမ မည်မျှမကျေမနပ်ဖြစ်နေကြောင်း မြင်နိုင်သည်။

"ထားလိုက်ပါတော့ မုန့်ချို။ ကောင်းသောရည်ရွယ်ချက်နဲ့သူကို မြည်းရဲ့အသည်းနဲ့နှလုံးလို ဆက်ဆံခံရတာပဲ။ သူ့ကို လျစ်လျူရှုလိုက်ပါ"

အဖြူရောင်ဘီကီနီနှင့် အမျိုးသမီးကို အဖော် အမျိုးသမီးက ပြောလိုက်သည်။

“အမှန်ပဲ”

အမျိုးသမီးနှစ်ယောက်နှင့် အတူရှိနေသည့် အမျိုးသားသည် ပါးစပါဟလိုက်သည်နှင့် သူသည် နွဲ့တဲ့တဲ့ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း အခြားသူများချက်ချင်းသိနိုင်သည်။

အမျိုးသားသည် သူ၏ခန္ဓာကိုယ်ကို ချစ်စရာကောင်းအောင် ကနွဲ့ကလျ တွန့်ကွေးလိုက်ပြီး ပြောလိုက်သည်။

“မုန့်ချီ နင်က အရမ်းကြင်နာလွန်းနေပြီ။ တခြားသူတွေ ရေငတ်တာ မငတ်တာကို နင်နဲ့ ဘာမှမဆိုင်ပါဘူး”

ထိုအမျိုးသား ပါးစပ်ဟလိုက်သည်နှင့် အစကတည်းက မပျော်သည့် မုန့်မုန့်သည် သူ၏ထူးဆန်းသောလေသံကို ကြားပြီး ပို၍ မပျော်မရွှင်ဖြစ်လာသည်။

ကျန်းဟန် ညွှန်ကြားသည်ကိုပင် စောင့်နေစရာမလိုပေ။ သူမဖေဖေ၏ ရင်ခွင်ထဲတွင်ရှိနေသည့် မုန့်မုန့်သည် စိတ်ဆိုးတကြီး ပြောလိုက်သည်။

"ဟွန့် မင်းတို့အင်းစက်တွေ ငါနဲ့ဖေဖေ့ရဲ့ အရှေ့မှာ လာမဟောင်ကြနဲ့"

၎င်းကိုမြင်သည့်အခါ ကျန်းဟန်ပြုံးလိုက်ပြီး မုန့်မုန့်၏ခေါင်းလေးကို ပုတ်ကာ အားပေးလိုက်သည်။

"အိုး"

အမျိုးသားသည် သူ၏မျက်လုံးများကို ပြူးကာ ကျန်းဟန်ဆီသို့ကြည့်လိုက်ပြီး မကျေမနပ်ဖြင့် ပြောလိုက်သည်။

"ဦးလေး မင်းက ကလေးတစ်ယောက်ကို ဘယ်လိုသင်ပေးနေတာလဲ။ မင်း သွန်သင်ပေးနေတဲ့ပုံစံနဲ့ ဆိုရင် မင်း နတ်ဆိုးလေးတစ်ကောင်ကို သင်ပေးမိမှာ မဟုတ်လား"

ထိုကန္တ့ကလျအမျိုးသား၏ စကားဆုံးသွားသည်နှင့် ကျန်းဟန်၏ ဖုန်းမှ မြည်လာခဲ့သည်။ ဖုန်းခေါ်ဆိုသူသည် မရင်းနှီးသော နံပါတ်ဖြစ်ပြီး သူဝယ်ထားသော မျိုးစေ့များ ပို့ပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောရန် ဖြစ်ပေမည်။

ထို့ကြောင့် ကျန်းဟန်သည် မုန့်မုန့်ကို ပွေ့ချီပြီး မတ်တပ်ထရပ်လိုက်သည်။ ထွက်မသွားခင်တွင် မိန်းမလျာနှင့်တူသည့်အမျိုးသားအား တစ်ချက်စိုက်ကြည့်လိုက်ပြီး အေးစက်စွာပြောလိုက်သည်။

"ဒါဆို ငါက နတ်ဆိုးလေးတစ်ကောင်ကို သင်ပေးမိမယ်ပေါ့။ ငါ ကျန်းဟန် လုပ်တဲ့အရာတွေကို မင်းကို ရှင်းပြနေဖို့မလိုဘူး"

ကျန်းဟန် ပြောပြီးသည်နှင့် သူသည် မျက်လုံးများပြူးကျယ်နေသော လူသုံးယောက်ကို ဂရုမစိုက်ဘဲ လှည့်ထွက်သွားပြီး ဖုန်းကို ကိုင်လိုက်သည်။

"ဟဲလို လခြမ်းတောင်ကို ပစ္စည်းတွေ ပို့ပေးပါ..."

"ဘာ… ဘယ်လိုလူမျိုးလဲ"

မိန်းမလျာကဲ့သို့ အမျိုးသားသည် ကျန်းဟန်၏နောက်ကျောကိုကြည့်ကာ သူ၏ခန္ဓာကိုယ်သည် အဆက်မပြတ်တုန်ခါနေပြီး ပြောလိုက်သည်။

"ငါ…ငါ … သေလောက်အောင်ကို ဒေါသထွက်တာပဲ"

"ခစ်ခစ်…" အနည်းငယ် ကျားကျားယားယားရှိသော အမျိုးသမီးသည် မနေနိုင်ဘဲ ရယ်လိုက်သည်။

မုန့်ချိ ဟု ခေါ်သည့် စွဲမက်ဖွယ် အမျိုးသမီးသည်ပင် သူ့အကြည့်ကို မခံမရပ်နိုင်ဖြစ်ပြီး မနှစ်သက်သည့် မျက်နှာဖြင့်ပြောလိုက်သည်။

"မင်း ဒီလို ကိုယ်ဟာကိုယ်နေလိုက်တာလား။ ငါ့ကိုကျတော့ပြောပြီး သူက ဒေါသထွက်နေတယ်"

"ကောင်းပြီ နင်တို့အားလုံးငါ့ကိုပဲ တိုက်ခိုက်နေကြတော့မှာလား"

မိန်းမလျာနှင့်တူသည့်အမျိုးသားသည် အမျိုးသမီးနှစ်ယောက်ကို စိုက်ကြည့်လိုက်သည်။

-C 28 End

-Book 2 End